www.burmeseclassic.com

ရွှေပဒေသာစာပေ

အလင်းသစ်

# ရေ
# တော်
# ပန်း
# ရို့..
# ကို
# မွေး
# လေ
# ရော့
# သ
# လား..

BURMESE CLASSIC



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – | ပထမအကြိမ်၊ ၂၀၁၆၊ အောက်တိုဘာလ။ |
| ထုတ်ဝေသူ | – | ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – | ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချီရေး | – | ၁၅၀၀ ကျပ် |
| အုပ်ရေ | – | ၅၀၀ အုပ် |

၈၉၅.၈၃

အလင်းသစ်

ရေငတ်ပန်းမှို့ ပိုမွှေးလေရော့သလား/အလင်းသစ် – ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။

၂၇၉ – စာ ၊ ၁၂.၃ × ၁၈ စင်တီ။

(၁) ရေငတ်ပန်းမှို့ ပိုမွှေးလေရော့သလား


# အလင်းသစ်

## ရေငတ်ပန်းမှို့ ပိုမွှေးလေရော့သလား

www.burmeseclassic.com

တကယ်တော့ အချစ်ဆိုတာ ဘာနဲ့မှ မသက်ဆိုင်ဘူး။ အကြောင့် ချစ်တယ်လို့ အကြောင်းပြချက်တစ်ခု ပေးနိုင်ပြီဆိုရင် အဲဒါ အချစ်စစ်ဖြစ်ချင်မှဖြစ်မယ်။ အကြောင်းပြချက်မရှိ ချစ်ချင်လို့ ချစ်မိသွားတာကမှ အချစ်စစ်။

ခနီညား

www.burmeseclassic.com

www.burmeseclassic.com

ကိုကိုရယ် စံပယ် ကိုကို့ကို ယုံပါတယ်။ စံပယ်ကို အခုလို ရာတ,ပတမှန်း မသိဘဲနဲ့ သွားခေါ်မလေးအဖြစ်ကတည်းက ကိုကို ချစ်ခဲ့တာပဲလေ။ ပြီးတော့ စံပယ့်ဘဝမှန်ကို မသိဘဲနဲ့ ကိုကိုချစ်ခဲ့ တာ။

သင်းစံပယ်လှိုင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"စံပယ်"

"_ _ _ _ _"

"စံပယ်"

"ရှင် လာပါပြီ အန်တီ"

"လာပြီဆို မြန်မြန်လာ"

"ဟုတ်ကဲ့"

ခေါ်သံကြားလိုက်တာနှင့် စံပယ် ပျာပျာသလဲနှင့် ဆေးလက်စ ပန်းကန်တွေကို ချခဲ့ပြီး လက်မှရေတွေကို ထဘီနှင့် ပွတ်သုတ်ကာ ထွက်လာခဲ့သည်။ အသံက လာပါပြီဆိုရင် လူပါရောက်မှရဲ့၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကိုခေါ်ပြီဆိုရင် စံပယ် ရင်ထိတ်နေရတာ ဝဋ်ဒုက္ခတစ်မျိုးပါပဲ လေ။

ဘာလုပ်ပါ ဘာကိုင်ပါ ခိုင်းရုံသက်သက်ဆိုရင်တော့ ရင်တုန်စရာအကြောင်း မရှိပါဘူး။ စံပယ်က အရွယ်မရောက်ခင်ကတည်းက အိမ်မှုကိစ္စနိုင်နင်းခဲ့သူပါ။ နိုင်နင်းတယ်ဆိုတာလည်း နိုင်နင်းစရာအကြောင်းရှိလို့ပဲပေါ့။ စံပယ် ကြောက်တာက ဆူပူကြိမ်းမောင်းခံရမှာကိုပဲလေ။ အဆူခံကင်းတဲ့နေ့ဆိုတာ မရှိသလောက်ရှားတော့ ကြာတော့ အရေထူနားရည်ပင်ဝနေခဲ့ပြီဆိုရင်လည်း မမှားခဲ့ပါဘူး။

စံပယ် ဒေါ်ဝင်းသဇင်ရှေ့သို့ ရောက်တာနှင့် ခေါင်းလေးငုံ့ ခါးလေးညွတ်ကာ –

"စံပယ်ရောက်ပါပြီ အန်တီ၊ ဘာခိုင်းစရာရှိလို့လဲ မသိဘူး။ စံပယ် ဘာလုပ်ပေးရမလဲဟင်"

ဒီလိုပြောရတာသည် စံပယ်ရောက်နေမှန်းမသိအောင် ဒေါ်ဝင်းသဇင်က ခုမှ ဝယ်လာပုံရသော ပစ္စည်းအချို့ကို လက်ဆွဲအိတ်ထဲကနေ ထုတ်ကြည့်ပြီး အာရုံက စံပယ်ဆီ မရောက်ဖြစ်နေလို့ပါ။ စံပယ် မေးလိုက်တော့မှ ထိုင်နေရာကနေ မော့ကြည့်ကာ –

"ခိုင်းစရာရှိတာထက် ညည်းကို မှာစရာ၊ ပြောစရာတွေရှိလို့ ထိုင်ဦး"





"ဟုတ်"

စံပယ် ဆိုဖာပေါ်တက်ပြီး မထိုင်ရဲပါဘူး။ ဒါကြောင့် ကြမ်းပြင်ပေါ်မှာပဲ ကျုံ့ကျုံ့လေး ထိုင်ချလိုက်လေသည်။

"စံပယ်"

"ရှင်"

"ရော့ . . . ဒါတွေက နင့်အတွက် ဝယ်လာတာ"

"ရှင်"

ဒေါ်ဝင်းသဇင် လက်ဆွဲအိတ်ကို ကမ်းပေးတော့ စံပယ် ချက်ချင်း မယူဖြစ်ပေ။ စံပယ်အတွက်ဆိုပြီး ဒီလို သီးသန့်ဝယ်လာတာမျိုးက ရှားသည်လေ။ အဝတ်အစားဆိုလည်း မမသဇင်နဲ့ သခင်မဝတ်ချင်လို့ ပေးတာတွေပဲ ဝတ်နေရတာကိုး။ မမသဇင်က ပိန်တော့ သူ့အဝတ်တွေ တော်ရုံနဲ့ စံပယ်နဲ့ မတော်လို့ မဝတ်ရပေမယ့် သခင်ကတော့ စံပယ်နဲ့ ကိုယ်လုံးကိုယ်ပေါက်ချင်းက ခပ်ဆင်ဆင်ပါ။

စံပယ်က –

သခင့်ထက် လက်နှစ်လုံးလောက် အရပ်ကလေး ပိုမြင့်တာ တစ်ခုပါပဲ။ ငယ်ငယ်ကတော့ သူတို့ညီအစ်မနှစ်ယောက်လုံးရဲ့ အကျႌတွေကို စံပယ် ဝတ်ရပေမယ့် အရွယ်ရောက်လာကြတော့ သခင်စွန့်လိုက်တဲ့အဝတ်တွေကိုသာ စံပယ် ဝတ်ရသည်လေ။ အခု ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝယ်လာတာဆိုတော့ –

ဘာတွေပါလိမ့်။

"ဟဲ့ . . . ပေးနေတာယူလေ"

"ဘာတွေလဲဟင်"

"အမယ်လေး . . . လျှာရှည်လိုက်တာ မိကျောင်းသမီးရယ်။ ယူစရာရှိတာယူ။ ပြီးရင် ပြောပြတာကိုနားထောင်"

"ဟုတ် ဟုတ်ကဲ့"

စံပယ်လှမ်းယူပြီး အိတ်ကို အသာလေးဟကြည့်မိသည့်တိုင် အထဲမှာပါတာ ဘာတွေမှန်းမသိပေ။ ဘာတွေလဲလို့ ထပ်လည်း မမေးရဲသလို အန်တီ့ရှေ့မှာ သိသိသာသာလည်း ထုတ်မကြည့်ရဲပေ။

"စံပယ်"

"ရှင်"

"အဲဒါ အထဲမှာ နင့်အတွက် ငါ ဝယ်လာတာ ဆံပင်တုနဲ့ သွားတု။ လိုအပ်လို့ ဝယ်လာတာနော်။ ဆင်ခြေပေးဖို့တော့ မကြိုးစားနဲ့။ ငါ့အကြောင်း နင်သိတယ် မဟုတ်လား"

အန်တီ့အကြောင်းကိုတော့ သိတာပေါ့။ ဒါပေမဲ့ ဆံပင်အတုနဲ့ သွားတုကို ဝယ်လာပြီး စံပယ်ကို ဘာလို့ပေးတယ်ဆိုတာကိုတော့ မသိပေ။





ဒါကြောင့် –

"ဒီဆံပင်အတုနဲ့ သွားအတုကို စံပယ်က ဘာလုပ်ရမှာလဲ အန်တီ။ ဟို . . . ဘာလုပ်ရမယ်ဆိုတာ မသိလို့ မေးတာပါနော်"

"ဘာလုပ်ရမလဲဆိုတော့ မနက်ဖြန်ကစပြီး နင် ဆံပင်အတု၊ သွားအတုတပ်ပြီး ရုပ်ဆိုးဆိုးပုံစံနဲ့ နေရမယ်"

"ရှင်"

"စောဒကတက်တာ ငါမလိုချင်ဘူးနော်။ ခိုင်းရင် ခိုင်းတဲ့အတိုင်းလုပ်။ ဒီအပတ်ထဲမှာ မန္တလေးက မင်းခန့်ညားဆိုတဲ့ ကောင်လေးတစ်ယောက် အိမ်ကိုရောက်လာလိမ့်မယ်။ သူက သဇင်နဲ့ တို့လူကြီးချင်း သဘောတူထားတဲ့လူပဲ။ ကလေးချင်းရင်းနှီးမှုရှိပြီး နီးစပ်အောင် သူ့မိဘတွေက တို့အိမ်မှာနေဖို့ အလည်လွှတ်လိုက်မှာ။ အဲဒါကြောင့် ညည်း ရုပ်ဆိုးနေမှဖြစ်မှာ"

ရှင်းပြလို့ သဘောပေါက်သွားတာနှင့် စံပယ် ခေါင်းလေးငုံ့သွားလေတော့သည်။ မိန်းကလေးတစ်ယောက်ရဲ့အလှဟာ ကိုယ့်ဘဝအတွက် ဆေးမဖြစ်ဘဲ ဘေးဖြစ်နေရော့သလား။ စံပယ်က မမသဇင်နဲ့ သခင်ထက်လှနေတာသည် စံပယ်အတွက် ဒုက္ခဆင်းရဲတွင်းနက်နက် ထဲရောက်ဖို့ ကံကြမ္မာက ဖန်ဆင်းခဲ့လေရော့သလား။ သဇင်နဲ့ သခင်မှာ လှချင်လွန်းလို့ အစစအရာရာ ပြုပြင်ခြယ်သနေတာတောင် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြုပြင်မခြယ်သတဲ့ စံပယ်အလှကို မမီပေ။

ဒါကြောင့် ...

ယုန်ထောင်ကြောင်မိဖြစ်မှာစိုးလို့ စံပယ့်ကို ရုပ်ဆိုးဆိုးနဲ့ နေခိုင်းတာပေါ့။ တကယ်တော့ အပေါ်ယံအရေခြုံအလှထက် အတွင်းစိတ်လှဖို့လိုတယ်ဆိုတာ သူတို့ မသိကြဘူးလား။

"နင် ဒီအိမ်မှာ ဆက်နေချင်သေးတယ်ဆိုရင် ငါခိုင်းတဲ့အတိုင်း လုပ်ရမယ် စံပယ်။ မဟုတ်ရင်တော့ ငါ့အဆိုးမဆိုနဲ့။ ဒီတစ်ခါ ကောင်းစစ်ပိုင်တုန်းကလို ငါ အဖြစ်မခံနိုင်ဘူး"

"------"

"ငါပြောတာ ကြားလား"

"ဟုတ် ... ကြားပါတယ်"

"ကြားရင်သွားတော့၊ အခုကတည်းက အဲဒါတွေနဲ့ နေသားကျကျင့်ထား။ တစ်ခုခုလွဲချော်လို့ကတော့ နင်အသေပဲ"

ကိုယ့်မှာ အဆိုးအကောင်း အကျိုးအကြောင်းကို ပြန်ပြောခွင့်မရှိတော့ စံပယ် ထလာခဲ့တော့သည်။ လူဖြစ်ပြီး လူဖြစ်ရကျိုးမနပ်တဲ့ စံပယ်ဘဝပါ။ တွေးမိလိုက်တိုင်း စိတ်နာရသူက ဖေဖေ။ ကိုယ့်မှာ အဖေတစ်ယောက်လုံးရှိနေပါလျက်နဲ့

ဖေဖေ့မေတ္တာရိပ်ကို မခိုလှုံရ။ ကျွန်သာသာဘဝနဲ့ သူများ





အိမ်မှာ နေရတာ။ ဒီတော့ အဖေဆိုတာ စံပယ့်ဘဝမှာ အသက်ရှင်လျက်နဲ့ သေဆုံးနေသူတစ်ယောက်ပါ။

အဟွန်း ...

ကောင်းစစ်ပိုင်တုန်းကလို အဖြစ်မခံနိုင်ဘူးတဲ့။ ဒီနာမည်လေးကြားရတော့ မျက်ရည်က ဝေ့ခနဲတက်လာသည်။ သတိရလိုက်တာ ပိုင်ပိုင်ရယ်။ ငါ့ကို နင် အရမ်းချစ်ခဲ့တယ်ဆိုတာ ငါ သိပါတယ်ဟာ။ နင်သေရတာ ငါ့ကြောင့်။ ငါလည်း ဘယ်လိုမှမဖြစ်နိုင်လို့ပါ။

ဒီတစ်သက် ...

ငါ ဘယ်လိုမေ့လို့ရမှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မှန်ရှေ့မှာ ကိုယ့်ပုံစံကိုယ်ကြည့်ပြီး စံပယ် စိတ်ပျက်မိပါ၏။ အသားလေးတွေ ဝါညက်ညက်ဖြစ်နေတာကလွဲရင် ဆံပင်က ဖွာဖွာကောက်ကောက်၊ သွားက ခေါခေါကလေးတွေမြင်ရင် လန့်ပြီး ငိုလောက်မယ် ထင်ပါရဲ့။ တကယ့်ကို ရုပ်ဆိုးမတစ်ယောက် ဖြစ်သွားပြီလေ။

ဒါကြီးတွေနဲ့ –

စိတ်ထဲမှာ အနေကျဉ်းကျပ်လိုက်တာ အသက်ရှူရတာပင် မဝသလိုပါ။ ဒါပေမဲ့ ... ကျင့်သားရအောင် အခုကတည်းက ဒီပုံစံနဲ့ပဲ နေရတော့မှာပါ။





စိတ်ပျက်စွာနှင့် မှန်ရှေ့ကခွာပြီး ထွက်လာခဲ့တော့သည်။

“စံပယ်”

“-----”

“စံပယ်”

“ရှင် လာပါပြီ”

ခေါ်သံကြားတော့ ခြေလှမ်းက အပြေးတစ်ပိုင်းနှင့် လာခဲ့စဉ် သူမကိုမြင်လိုက်တာနှင့် –

“အမေ့”

“အမယ်လေး”

“ဟဲ့”

စံပယ့်ကိုလန့်ပြီး သဇင်နဲ့သခင် လန့်ဖျပ်အော်ကြကာ တစ်ယောက်ကိုတစ်ယောက် ဖက်မိသည်အထိ ဖြစ်သွားကြလေသည်။

“မမသဇင်၊ သခင် ... စံပယ်ပါ။ စံပယ်လေ”

“ဟင်”

“နင်တို့ကလည်း ဘယ်လိုဖြစ်ကြတာလဲ။ စံပယ်လေ သေသေချာချာ ပြူးပြဲကြည့်ကြဦး”

“ဟင်”

“စံပယ်”



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ စံပယ်ကို ခေါ်ဝင်းသဖင်ပြောတဲ့အတိုင်း မြူးမြူး ကြည့်ကြပြီး နှာခေါင်းရှုံ့ကြကာ –

"ဒါက ဘယ်လိုဖြစ်တာလဲဟယ်၊ လန့်လိုက်တာ"

"ဘယ်လိုဖြစ်ရမှာလဲ၊ နင်တို့မြင်တဲ့အတိုင်းပဲပေါ့။ သူ့ကို ဒီလို ရုပ်ဆိုးဆိုးပုံစံဖြစ်အောင် ငါ တမင်လုပ်ခိုင်းထားတာ။ နင်တို့ကို ငါ ပြောထားသားပဲ၊ ဒီအပတ်ထဲမှာ မင်းခန့်ညား လာမယ်လို့။ နင်တို့ နှစ်ယောက်ထဲက အဆင်ပြေရာလူနဲ့ ပေးစားမှာ။ ကောင်းစစ်ပိုင် တုန်းကလို ငါ အဖြစ်မခံနိုင်ဘူး။ အဲဒါကြောင့် သူ့ကို ငါ ရုပ်ဆိုးအောင် လုပ်ခိုင်းထားတာ"

"ဩော်"

"ပေါက်ပြီ ... ပေါက်ပြီ မေမေ့ကို လေးစားသွားပြီ၊ ဟုတ်တာပေါ့။ ယောက်ျားတော်တော်များများက လှတာ ချောတာကို မက်မောကြတာဆိုတော့ မေမေ့အကြံ ကောင်းပါတယ်။ သမီးတို့တောင် ဒီလိုမစဉ်းစားမိဘူး"

ပြောလိုက်သူက အငယ်မ မြတ်သခင်ပါ။

"ဒါနဲ့ မေမေ ... မင်းခန့်ညားက ချောလားဟင်"

"သူ့မိဘတွေကတော့ ချောတယ်လို့ ပြောတာပဲ။ ငါလည်း မမြင်ဖူးဘူးလေ"





"ဟာ ... မေမေကလည်း ဓာတ်ပုံလေးဘာလေး မပို့နိုင်းဘူးလား"

"နေပါ့မလားဟယ်၊ သူ့အမေပြောတာတော့ သူ့သားက ဓာတ်ပုံရိုက်တာ ဝါသနာမပါလို့ ရောက်လာမှပဲ ကြည့်ပေတော့တဲ့"

"ကျွတ် ... မရိုက်လိုက်တာ ဘယ်လိုလူတွေပါလိမ့်"

"သခင်ကလည်း ပိန်းပါ့။ သူတို့က တို့ကို surprise လုပ်ချင်လို့ ဖြစ်မှာပေါ့ဟဲ့"

"ဩော် ... ဟုတ်တာပေါ့"

သခင် ခေါင်းကိုမော့ပြီးမှ ပြန်ညိတ်လိုက်လေသည်။ ဟုတ်တာပေါ့။ သူတို့သားက ချောလို့ surprise လုပ်ချင်တာ ဖြစ်မှာပေါ့။ အင်း ချောတာက အရေးမကြီးဘူး ညီအစ်မနှစ်ယောက်ထဲက အဆင်ပြေတဲ့သူနဲ့ လက်ဆက်ပေးမှာတဲ့။ သူက ဘယ်သူ့ကို သဘောကျဦးမယ်ဆိုတာ မသိသေးဘူးလေ။

"ဟို စံပယ့်ကို ဘာခိုင်းစရာရှိလို့ ခေါ်တာလဲ မမသဇင်"

စံပယ်ပြောမှပဲ ခေါ်ရတဲ့အကြောင်းရင်းကို သတိရကာ –

"ငါ့ဖိနပ်တွေ တိုက်ပြီးပြီလား"

"ဟုတ်ကဲ့ ... တိုက်ပြီးပါပြီ မမ"

"Ok သွားလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



စံပယ်က ခိုင်းလို့လုပ်ပြီးပြီဆိုရင် နောက်ထပ်ပြောစရာမလို အောင် စေ့စပ်သေချာသူပါ။ ဒီလိုဖြစ်လာတာလည်း သူမတို့ နိုင်ထား လို့လေ။

"ဟူး ... မြန်မြန်သွားမှပဲ၊ မဟုတ်ရင် သူကြည့်ပြီး လိပ်ပြာတောင် လွင့်ချင်တယ်"

"အဲဒါ ညည်းတို့နဲ့ ပြိုင်ဘက်မဖြစ်အောင် လုပ်ခိုင်းရတာ လေ။ မကြည့်ချင်လည်း ကြည့်နိုင်အောင် ကြိုးစား။ ယောက်ျားအများ စုက မျက်စိထဲ လှတာတွေ့ရင် မြင်ရင်ကြိုက်ကြတာ။ ကောင်းစစ်ပိုင် တုန်းကလို ဖြစ်မှာစိုးလို့လို့ ငါပြောပြီးသားပဲဥစ္စာ"

"ဟုတ်ပါပြီ မေမေရယ်။ မေမေ့စေတနာကို နားလည်ပါ တယ်။ စိတ်ချ ပိုင်ပိုင်တုန်းကလို မဖြစ်အောင် သမီးကြိုးစားပါ့မယ်"

"ဟင်"

သခင်က သဖင့်ကို ခပ်တွေတွေကြည့်မိသည်မှာ သူ ကြိုးစား မယ်ဆိုတော့ မင်းခန့်ညားက သူ့အတွက်လို့ သတ်မှတ်လိုက်တာလား။ အဲဒီလိုသတ်မှတ်တော့လည်း ကောင်းတာပေါ့။ ကိုယ့်အတွက် တာဝန် တစ်ရပ် ပေါ့သွားသည်လေ။ ဒါမှ ဒိုးချင်ရာဒိုး ဂိုးချင်ရာဂိုးလို့ရတာ ပေါ့။

မတော်တဆ ...





ကိုယ့်ကိုမှ သဘောကျတယ်ဆိုရင်တော့ အခြေအနေကြည့် ပြီး လှုပ်ရှားရမှာပေါ့။ လက်မခံနိုင်လောက်တဲ့ အခြေအနေမျိုးဆိုလို့က တော့ လုံးဝ နီးပါပဲ။ လူကြီးချင်း မျက်နှာပျက်စရာဖြစ်တာ ကိုယ်နဲ့မှ မဆိုင်ပဲလေ။

သွားလို့ရပြီဆိုတာနှင့် –

စံပယ်လှမ်းခဲ့တဲ့ ခြေလှမ်းတွေက မီးဖိုချောင်ဘက်ကို။ ခြေသံ ကြားလို့ လှည့်ကြည့်လိုက်တဲ့ ဒေါ်မွှေး။ ဆံပင်ကောက်ကောက်ဖွာဖွာ၊ သွားခေါခေါနှင့် စံပယ်ကိုမြင်လိုက်တော့ သက်ပြင်းချလိုက်ကာ –

"ကြိုသိထားလို့သာ မလန့်တာ၊ တကယ့်ကို ဘီလူးခေါင်း စွပ် ပေးလိုက်တာပါပဲဟယ်။ ဩော် ... ဝဋ်ကြွေး ဝဋ်ကြွေး ... နှင့်မှာလည်း ဝဋ်ကြွေးကြီးလိုက်ပါဘိ စံပယ်ရယ်"

"ဘယ်တတ်နိုင်မှာလဲ ဒေါ်မွှေးရယ်။ စံပယ့်မှာ သူတို့ကို လွန်ဆန်နိုင်တဲ့အင်အားမှမရှိတာ။ ကိုယ့်ဘဝအကြောင်း တွေးမိလိုက် ရင် ဖေဖေ့ကိုပဲ စံပယ် စိတ်နာတယ်"

"အို ... မိဘကိုတော့ စိတ်မငြိုငြင်လိုက်ပါနဲ့ ကလေးရယ်။ အခု ကိုယ့်အပေါ် သူကောင်းတာ, မကောင်းတာထား။ အရင်ကတော့ ကောင်းခဲ့တာပဲ မဟုတ်လားကွယ်"

စံပယ်ရင်ထဲမှာ အောင့်သက်သက်နှင့်ပါ။ ဖေဖေ့ အရှိန်း



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်တာပဲ။ ဖေဖေ နောက်အိမ်ထောင်ပြုတာကို စံပယ် ကန့်ကွက်ခဲ့လို့ အခုလို ရက်စက်တာလား။ နောက်အိမ်ထောင်ပြုပြီးကတည်းက ဂျပန်ကို ထွက်သွားလိုက်တာ အခုထိ ပြန်မလာပေ။ အခုဆိုရင် ဖေဖေ ထွက်သွားတာ ခြောက်နှစ်တောင်ကြာခဲ့ပါပြီ။

ဖေဖေ့ညီမအရင်းလက်ထဲကို အပ်ခဲ့လို့။

သမီးဘဝ အေးချမ်းသာယာနေမယ်လို့ ဖေဖေ ထင်ခဲ့တာလား ဖေဖေရယ်။

✿



## အခန်း (၃)

မင်းခန့်ညား ဒီနေ့ ဦးပိန်တံတားဘက်ကို သူငယ်ချင်းတွေနှင့် သွားရင်း ရိုက်လာတဲ့ဓာတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ ကြည့်နေမိသည်။ ပြီးရင် အကြိုက်ဆုံးပုံတွေရွေးပြီး facebook မှာတင်မည်လေ။ ဒါကြောင့် ပုံတွေကို တစ်ပုံပြီးတစ်ပုံ ရွေးကြည့်နေစဉ် –

"မပြောတူးလို့နေတာ။ အခုမြင်တော့ ပြောရဦးမယ်။ ရန်ကုန်က သဇင်က ဝေ့သားဓာတ်ပုံလေးမြင်ဖူးချင်လို့ ပို့ပေးပါဆိုတော့ ဓာတ်ပုံရိုက်တာ ဝါသနာမပါလို့ မရှိဘူးလို့ ပြောပေးပါတဲ့။ ငါ့မှာတော့ ပြောတဲ့အတိုင်း ညာပေးလိုက်ရတာ။ တကယ်တမ်းမှာတော့ မင်းလောက် ဓာတ်ပုံရိုက်တာ မင်းပဲ ရှိတယ်။ မင်း ဓာတ်ပုံမရိုက်တဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ ရေအိမ်ဝင်တာပဲရှိတယ်"

ခန့်ညား အင်တာနက်ကိုပိတ်ပြီး ဖုန်းကိုချထားလိုက်တော့သည်။ မေမေရောက်လာပြီဆိုတော့ မြင်နေရင် ပွစိပွစိ ပြောနေဦးမှာလေ။

"မေမေကလည်း မကြာခင် သူတို့ သားကို လူကိုယ်တိုင်တွေ့ရတော့မှာပဲ ဥစ္စာ။ အပိုတွေလုပ်မနေစမ်းပါနဲ့"

"ဘာ"

"အဟဲ . . . သားလည်း သူ့သမီးတွေ ဓာတ်ပုံကို မြင်ဖူးချင်တယ်လို့ မတောင်းဆိုဘူးလေ။ မကြာခင် လူချင်းတွေ့ကြတော့မှာပဲ ဥစ္စာ၊ မဟုတ်ဘူးလား။ Surprise လေ မေမေရဲ့၊ surprise"

ခန့်ညား စပ်ဖြီးဖြီးပုံစံနှင့်ပြောလိုက်တော့ မိခင်က မျက်စောင်းထိုးလေသည်။ လူကြီးချင်း ခင်ခင်မင်မင်ရှိကြတာတော့ သုံးနှစ်လောက်ပဲ ရှိပါသေးတယ်လေ။ ခန့်ညားအဖေ ကိုဆန်းမင်းနဲ့ ကိုမင်းကိုထက်က စီးပွားရေးလုပ်ငန်းလုပ်ဖော်ကိုင်ဖက်တွေပါ။ ရင်းနှီးလာတာနှင့်အမျှ သားရေးသမီးရေး ဆွေးနွေးဖြစ်ကြရင်း –

ကိုယ့်ရဲ့ တစ်ဦးတည်းသောသားလေးကို သဖင့်သမီးနှစ်ယောက်တည်းက သားသဘောကျမယ့် တစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ဖြစ်လာခဲ့တာပါ။





"Surprise ဆိုပြီး ဟိုရောက်မှ တောင်တောင်အီအီတွေ ပြောမှာ မေမေ မကြားချင်ဘူးနော် သား"

"စိတ်ချပါ မေမေရဲ့။ မေမေ့သားက မေမေတို့စိတ်ဆင်းရဲအောင် ဘယ်တုန်းက လုပ်ဖူးလို့လဲ"

"မလုပ်လို့ပေပဲ . . . စိတ်ဆင်းရဲအောင်သာလုပ်ရင် ငါ့အရိုးဆွေးနေလောက်ပြီ"

"မေမေကလည်း"

"မေမေကလည်း လုပ်မနေနဲ့။ တစ်နေ့တစ်နေ့ သူငယ်ချင်းတွေနဲ့ အပြင်ထွက်လိုက်၊ ဖုန်းပွတ်လိုက် လုပ်နေတာ မေမေ မကြိုက်ဘူးနော်"

"ဟုတ်ကဲ့၊ နောက်ကို သားဆင်ခြင်ပါ့မယ်"

မျက်စောင်းက ထေ့ခနဲ ရောက်လာပြန်ပြီး –

"သန့်ရှင်းနဲ့ဇေလတ်ရောက်နေတယ် ထွက်တွေ့လိုက်ဦး"

"ဟင် . . . ဟုတ်လား"

မကျေနပ်သံ မှာဆတ်ဆတ်နှင့်ပြောပေမယ့် သူငယ်ချင်းတွေ လာတယ်ဆိုတာနှင့်ပဲ ခန့်ညား ဖုန်းကိုချက်ချင်းကောက်ကိုင်ပြီး ထွက်လာခဲ့တော့သည်။ သူ ဒီလိုပဲ လွတ်လပ်သည့်ဘဝနှင့် နေချင်ပါသေးသည်လေ၊ အိမ်ထောင်မပြုချင်သေးပါဘူး။ ပြီးတော့ ခန့်ညားက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တကယ်ရင်ခုန်ပြီး အရမ်းချစ်တဲ့ မိန်းကလေးကိုပဲ လက်ထပ်ချင်တာ။

မိဘပေးစားတာယူရအောင် –

ကိုယ်က အစွမ်းအစမရှိတဲ့ကောင်မှ မဟုတ်တာ။ ဝိုင်းဝိုင်းလည်နေတဲ့ကြားက ကိုယ့်နှလုံးသားက လက်မခံနိုင်သေးတာလေ။ အခုတော့ အရိုးများတယ် ချေးခါးတယ်ဆိုနေတုန်းပါပဲ။ အင်း ဖူးစာဆုံရင်တော့ ဘယ်လိုမိန်းကလေးမျိုးနဲ့ ဆုံမယ်တော့မသိပါဘူး။

"လာပြီ"

တစ်ယောက်က လာပြီဆိုတာနှင့် တစ်ယောက်က လှည့်ကြည့်ကာ –

"ဘယ်လိုလဲ မောင်မင်းကြီးသား . . . အခန်းအောင်းပြီး ဘာလုပ်နေတာလဲ။ ဂျိုးရှာနေတာလား၊ ပုရွက်ဆိတ် သတ်နေတာလား"

"ဖုန်းပဲ ပွတ်နေတာဟေ့။ ဒီမှာဖြင့် မဲဇာအပို့ခံရတော့မှာမို့လို့ ညစ်နေတာကို . . . မင်းတို့ပဲ မေးရက်တယ်"

"ဘာလဲ မိန်းမယူရမယ့်အရေး တွေးပြီး မင်းက မပျော်ဘူးပေါ့ ဟုတ်လား"

"ပျော်စရာလားကွ။ ဟိုက ဘယ်လိုမိန်းကလေးမျိုးတွေမှန်း မသိသေးဘဲနဲ့။ ရင်ကိုမခုန်တာ။ တွေးမိလေ အသည်းနာလေပဲ





ဘူး . . . မိဘပေးစားတာ ခေါင်းညိတ်ယူရမယ့် ငါ့ဘဝက သနားဖို့ကောင်းလိုက်တာ"

ခန့်ညားကို ကြည့်ပြီး သူငယ်ချင်းတွေက ရယ်ကြလေသည်။ ဇေလတ်က –

"ခြော် . . . မင်းကလည်း မင်းမိဘတွေ သဘောကျလို့ ပေးစားချင်နေမှတော့ တော်ရုံတန်ရုံ မိန်းကလေးမျိုး ဖြစ်နိုင်ပါ့မလားကွ"

"ဒါနဲ့ . . . မင်းဓာတ်ပုံလေး, ဘာလေး မမြင်ဖူးဘူးလား"

"စိတ်မဝင်စားလို့ တစ်ခါမှကို တောင်းမကြည့်တာ"

"သေရောပဲ"

"ညံ့ပါ့"

ပြောချင်တာပြောကြတော့ ခန့်ညားကတော့ အဲဒီအရေးကို တွေးပြီး စိတ်ပျက်နေတာလေ။

"ငါ အဖော်လိုက်ခဲ့ရမလား ခန့်ညား"

"ဟင်"

သန့်ရှင်းက အဖော်လိုက်ခဲ့ရမလားဆိုတော့ ခန့်ညား ငေးခနဲဖြစ်သွားပြီးကာ –

"ဖြစ်ပါ့မလားကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မဖြစ်ရမှာလဲ။ ဖြစ်အောင်လုပ်ရင် ဖြစ်တာပဲလေကွာ"

"ငါပြောတာက မင်းအိမ်က ထည့်ပါ့မလားလို့"

အဲဒီစကားကြောင့် သန့်ရှင်း ရင်ထဲမှာ စူးခနဲ နာကျင်သွားရလေသည်။ မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး –

"ငါ့အဖေက မယကပါကွ။ သူ့မိန်းမက ပွစိပွစိလုပ်ရင် ငါ့ကိုပဲ အကြောင်းမရှိ အကြောင်းရှာပြီး ဆူတော့တာပဲ။ သူ့မိန်းမက မိထွေးတို့ထုံးစံအတိုင်းပဲ။ ငါ အိမ်မှာမရှိလေ ကြိုက်လေ။ ငါက သူ့အတွက် ခလုတ်ကန်သင်းဖြစ်နေတာကွ။ ငါ့အတွက် ငါ့အဘိုးအဘွားတွေ ပေးခဲ့တဲ့အမွေတွေကလည်း ငါ အိမ်ထောင်ကျမှ ရမှာ။ အဲဒါကြောင့်ပေါ့။ အခုသာ ရလို့ကတော့ ငါဆိုတဲ့ကောင် ဟေးလား ဝါးလားနဲ့ လမ်းသလားနေစရာအကြောင်းကို မရှိဘူး။ စီးပွားရေးလုပ်ငန်းတစ်ခုခု ဖောက်ချလုပ်နေမှာ"

"အဲဒါဆို မင်း မိန်းမယူလိုက်ပါလားကွ"

ဖေလတ်က ကောက်ကာငင်ကာထပြောတော့ သန့်ရှင်းက ပေစောင်းစောင်းနှင့် ကြည့်လေသည်။

"ပြောတော့သာလွယ်တာကွ။ အိမ်ထောင်ပြုတာ ချွေးချွေးမ အမဲရ ပြီးရောဆိုပြီး တွေ့ရာ ကြုံရာ မိန်းကလေး ကောက်ယူရ





ဖြစ်မလား"

"အေး ... ဒါလည်း ဟုတ်တာပဲ။ ဒါဆို မင်းအိမ်မှာနေရတာ အဆင်မပြေဘူးပေါ့"

"အေးလေ"

ဖေလတ် ချက်ချင်းပဲ ခန့်ညားဘက်သို့လှည့်လိုက်ကာ –

"ခန့်ညား"

"ဟင်"

"မင်း ဒီကောင်ကြီးကို ခေါ်သွားကွာ။ သူပါတော့ မင်း ဆိုင်ပင်ဖော် တိုင်ပင်ဖက် ရတာပေါ့ကွ"

ခန့်ညား မေးစေ့ကိုပွတ်ပြီး တစ်ခုခုကို စဉ်းစားနေပုံရသည်။ ဖေလတ်ပြောမှ မေးစေ့ပွတ်ခြင်းအလုပ်ကိုရပ်ပြီး –

"လိုက်ချင်လည်း လိုက်ခဲ့လေ။ ဒါပေမဲ့ အလကားတော့ လိုက်လို့မရဘူး"

"ဟာ ... မင်းကလည်း သူငယ်ချင်းအချင်းချင်း မြင်စရာရှိ မြင်နေပြန်ပြီ။ ကိုယ့်စရိတ်နဲ့ကိုယ် လိုက်မယ်ကွာ"

"ငါက အဲဒါကိုပြောတာ မဟုတ်ဘူး လဒရဲ့။ ငွေရေးကြေးရေးအတွက်က အေးဆေးပဲ"

"ဒါဆို ... ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညား သန့်ရှင်းမျက်နှာကို ခပ်စူးစူးကြည့်လိုက်ကာ –

"မင်း ငါ့ကို ကူညီရမယ်"

"ဟမ် ... ဘာကူညီရမှာလဲ"

"မင်း ကူညီမှာလား"

"ဘုမသိ ဘမသိနဲ့ ငါက ဘာကူညီရမှာလဲကွ။ အကျိုးအကြောင်းကို ပြောပြမှပေါ့"

"ပြောပြမယ် နားထောင်"

နားထောင်ဆိုပြီး ခန့်ညားကိုယ်က သန့်ရှင်းဘက်သို့ကိုင်းလာလေသည်။ ပြီးမှ သူတို့ကလွဲပြီး အခြားသူကြားမှာစိုးသည့်ပုံစံနှင့် အသံကိုနှိမ့်ကာ –

"မင်းက ခန့်ညားလုပ်၊ ငါက သန့်ရှင်းလုပ်မယ်။ မင်းနဲ့ငါ နေရာချင်း ချိန်းလိုက်ကြရင် မကောင်းဘူးလား"

"ဟင်"

သန့်ရှင်းနဲ့ဇေလတ် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသွားကြလေသည်။ ခန့်ညားစကားကို ရုတ်တရက် ချက်ချင်း သဘောမပေါက်ပေမယ့် နောက်တော့ သဘောပေါက်သွားသည်လေ။

"မင်း စိတ်ကူးမလွဲနဲ့နော် သန့်ရှင်း။ ဟိုရောက်ရင် မင်းကို





ခန့်ညားဆိုတာနဲ့ ဦးစားပေး ဂရုစိုက်လည်း ခံရမယ်။ အဆင်သင့်လို့ မင်းကြိုက်ရင် ဟိုညီအစ်မနှစ်ယောက်ထဲက မင်းကြိုက်တဲ့တစ်ယောက် ရွေးလိုက်။ အိမ်ထောင်ပါ ကျသွားဦးမယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ ... ဟီး ဟီး"

"ဘာ ... ဟီး ဟီးလဲ"

သန့်ရှင်းအော်လိုက်တော့ ခန့်ညားဇက်ပုသွားပြီး တိုးတိုးဟု "ရှူး"ခနဲ လုပ်ကာ ဟိုကြည့် ဒီကြည့်နှင့်ပါ။ ဒီတော့မှ သန့်ရှင်းအသံကို နှိမ့်ပြီး –

"တော်တော် အကြံကောင်းတွေ ထွက်နေတယ်ပေါ့ ဟုတ်လား။ မင်းပြောသလိုလုပ်လို့ အချိန်တန်ရင် ဘာပြဿနာတွေဖြစ်လာနိုင်လဲ မင်းသိလား။ လိမ်လည်မှုနဲ့ ထောင်ထဲတောင် ရောက်သွားနိုင်တယ် လဒရဲ့"

ပြောပြီး သန့်ရှင်းက ခန့်ညားနားထင်ကို လက်သီးနှင့် မနာအောင် ထိုးလိုက်စဉ် –

ဇေလတ်က –

"ဟေ့ကောင် သန့်ရှင်း"

"ဘာလဲကွ"

"ခန့်ညားပြောတဲ့အကြံ မဆိုးဘူးကွ။ ခန့်ညားမိဘတွေ

www.burmeseclassic.com

www.burmeseclassic.com



သဘောကျတဲ့ မိန်းကလေးဆိုတော့ တော်ရုံတန်ရုံတော့ မဖြစ်နိုင်ဘူး ကွ။ မင်း အိပ်မက်တွေ အကောင်အထည်ဖော်လို့ ရအောင်လုပ်လိုက် ပေါ့ကောင် လုပ်လိုက်''

''လာပြန်ပြီ တစ်ယောက်။ ဟိုရောက်မှ ခန့်ညားက အဲဒီ ကောင်မလေးကိုကြိုက်သွားရင် ဘယ်လိုလုပ်မလဲ''

''အဲဒါဆို ဟိုရောက်မှကြည့်ပြီး လှုပ်ရှားမယ်လေ မကောင်း ဘူးလား။ နှစ်ယောက်စလုံးက အတူတူကြိုက်မိတာဆိုရင် ငါ နောက် ဆုတ်ပေးမယ်ကွာ''

သန့်ရှင်း မျက်လုံးထောင့်ကပ်ပြီး ခပ်တွေတွေ စဉ်းစားနေမိ သည်။ ဒီကိစ္စ လွယ်တော့သိပ်မလွယ်ပေ။ ဒါပေမဲ့ ကိုယ်က အိမ်မှာ မနေချင်တဲ့ကောင်ဆိုတော့ သူပြောသလိုပဲ ကြည့်ပြီးလှုပ်ရှားရမှာပေါ့။

''တစ်ခုတော့ ရှိတယ်ကွ''

''ဘာလဲ''

''ဟိုကတစ်ယောက်နဲ့ ငါက တကယ်ချစ်သူဖြစ်ပါပြီတဲ့။ လူကြီးတွေ သဘောတူတာက မင်းနဲ့နော် ပေါ့ကောင်''

''အဲဒါများ ဘာခက်လို့လဲ သန့်ရှင်းရာ ကောင်မလေးကို ဖွင့်ပြောပြီး ခိုးပြေးပေါ့ကွ''

အကြံပေးသူက ဇေလတ်ပါ။ မှန့်ဆီကြော် ဘယ်နေမှန်းမသိ





နှုတ်ခမ်းနာနှင့် တည့်ပါ့မလားဆိုတာမျိုး ကြိုတင်ကြံစည်မှုတွေက တော့ ဟုတ်နေတာပါပဲ။

''မိန်းကလေးတွေက သူတို့ တကယ်ချစ်လာပြီဆိုရင် နှာ ခေါင်းမပါလို့ကတော့ မစင်တောင် စားမယ်ဆိုလား ဘာဆိုလားပဲကွ။ ဒီးစင်ကြည့် ကကြပေါ့ကွာ၊ မင်းကလည်း''

''ဟုတ်သားပဲ''

''အဲ . . . တစ်ခုတော့ရှိတယ်''

''ဘာလဲ''

သူပဲ အဆင်ပြေသလိုပြော သူပဲ တစ်ခုရှိတယ်ဆိုတော့ သန့်ရှင်းနဲ့ ခန့်ညားအကြည့်ဗာ သူ့မျက်နှာဆီမှာ။ သူ ဆက်ပြောမယ့် စကားကို စိတ်ဝင်စားနေကြတယ်ပေါ့လေ။

''သန့်ရှင်းနဲ့တစ်ယောက် အဆင်ပြေသည်ထားဦး ဟိုမှာက ညီအစ်မနှစ်ယောက်ဆိုတော့ တစ်ယောက်ကျန်သေးတယ်နော် ပေါ့ ကောင်''

''အေး . . . အဲဒါတော့ ဟုတ်တယ်ကွ''

သုံးယောက်သား အတွေးကိုယ်စီနှင့် အသံတွေတိတ်သွားကြ သေသည်။ အတန်ကြာမှ –

''ဟုတ်ပြီ''



www.burmeseclassic.com

www.burmeseclassic.com



အရင်ဦးဆုံးအကြံရပြီး လက်ဖျစ်တီးလိုက်သူက ခန့်ညားပါ။ မျက်နှာကလည်း ပြုံးစိစိနှင့် –

"ငါ့ကို တစ်ခါမြင်တာနဲ့ နောက်ထပ်မတွေ့ချင်လောက်အောင် ရုပ်ဖျက်သွားမယ်ကွာ"

✹



## အခန်း (၄)

"စံပယ်"

"ရှင်"

လှည့်ကြည့်လာတဲ့ပုံစံကိုကြည့်ပြီး ဒေါ်မွေးမှာ စိတ်မသက်သာစွာ သက်ပြင်းချလိုက်မိသည်။ သူ့ခမျာ သွားတုကြီးနဲ့ မနေတတ်လို့ ခဏာ ခဏာ ညည်းနေရှာပေမယ့် ကိုယ်ကလည်း မကူညီနိုင်ဘူးလေ။ ကိုယ်ကလည်း သူနဲ့ဘဝချင်းက မထူးခြားပဲဟာ။ ကိုယ်က အိမ်ဖော်။

စံပယ်ကျတော့ –

အိမ်ဖော်မဟုတ်ပေမယ့် လုပ်နေရတဲ့အလုပ်က အိမ်ဖော်ထက် ထင် ပို၍ ပင်ပန်းသေးသည်။ ကိုယ်က အိမ်ဖော်ဆိုပေမယ့် ဟုစာရ



www.burmeseclassic.com

www.burmeseclassic.com



သည်လေ။ နာမည်သာဆိုးတာ ပိုက်ဆံကရနေတာပဲ။ စံပယ်ကျတော့ တူမဆိုပြီး နှိမ်လိုက်တဲ့နေရာမှာတော့ အိမ်ဖော်မအဆင့်ထက်တောင် နှိမ့်ကျနေသေးတယ်။

ထစ်ခနဲဆိုဆူ။

ထစ်ခနဲဆို အော်တာခံရ။

စံပယ့်ဘဝက ဘာမှန်းကိုမသိတော့ပေ။

"အဲဒီအိုးခွင်ပေါ်တင်ပြီး ထားခဲ့တော့လေ။ ဒေါ်မွှေးပဲ ဆက်ချက်လိုက်မယ်။ အိမ်မှာ ဘယ်သူမှမရှိတုန်း ခဏနားလိုက်ပါလား။ စံပယ် အရမ်းပင်ပန်းနေပြီ။ ဒေါ်မွှေး မကြည့်ရက်တော့ပါဘူးကွယ်"

စံပယ် ဒေါ်မွှေးမျက်နှာကို ခပ်တွေတွေလေးကြည့်ပြီး မျက်ရည်က ဝေ့ချင်ချင်ပါ။ ဒေါ်မွှေးလို သူစိမ်းတစ်ယောက်က စံပယ် အပေါ် ကြင်နာသနားပြီး အဒေါ်အရင်းဖြစ်တဲ့ အန်တီ့ရင်ထဲမှာတော့ အကြင်နာတွေ မေတ္တာတွေမရှိဘူးတဲ့လား။ ညီအစ်မဝမ်းကွဲတွေက လည်း စံပယ်အပေါ် ဆက်ဆံကြတာ သူစိမ်းပြင်ပြင်လိုပါ။

စံပယ်မှာ ဆွေမျိုးမရှိဘူး။ စံပယ်က မေတ္တာရေငတ်နေတဲ့ ရေငတ်ပန်းပါ။ ဖေဖေကလည်း စွန့်ခွာထားရစ်ခဲ့တာ ပြန်ကြည့်ဖော်မရ သားသမီးအပေါ်မှာ ရက်စက်လိုက်တာများ ဖေဖေ့လိုလူနှစ်ယောက် မရှိအောင်ပင်။





"စံပယ်"

"-----"

"စံပယ်"

"ရှင်"

"ဒေါ်မွှေးပဲ လုပ်စရာရှိတာတွေ အကုန်လုပ်ထားပေးမယ်၊ စံပယ် နားလိုက်နော်"

"စံပယ် မနားပါဘူး ဒေါ်မွှေးရယ်။ တော်ကြာ အကျင့်ပျက်သွားမှာစိုးလို့ပါ။ ဒီလို တစ်ခါအခွင့်အရေးရဖူးတာကို မှတ်ပြီး နောက်တစ်ခါရမလား မျှော်လင့်မိတာမျိုး စံပယ်မဖြစ်ချင်ပါဘူး"

"အေဪ ... စံပယ်ရယ် နောင်ခါလာနောင်ခါစေ့ပဲပေါ့။ အခုရတဲ့ အခွင့်အရေးလေးကို ယူလိုက်စမ်းပါ"

စံပယ် ခေါင်းခါလိုက်ပြီး -

"စံပယ် မနားပါဘူး ဒေါ်မွှေး။ ဒီအလုပ်တွေက စံပယ်နဲ့ အထာကျနေတာပဲ ဥစ္စာ မပင်ပန်းပါဘူး။ ဒေါ်မွှေး ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့နော်"

ဒေါ်မွှေး သက်ပြင်းထုပ်ချမိပြန်သည်။ ဒေါ်မွှေးရင်ထဲမှာ စံပယ်ကို ပြောပြချင်တဲ့စကားတွေအများကြီးပါပဲ။ ဒါပေမဲ့ ဒီစကား တွေပြောလို့ စံပယ်အခြေအနေမှန်ကို ရိပ်မိပြီး တစ်စွန်းတစ်စ ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ဒေါ်မွှေးကို အလုပ်ထုတ်ပစ်မယ်တဲ့။ အဝင်းပြောခဲ့တာလေ။ ပြီးတော့ သတ်ပစ်မယ်ဆိုတဲ့စကား။

ကိုယ် အလုပ်ထွက်သွားရတာ ကိစ္စမရှိပါဘူး။

သူမ စံပယ်လေးကို စိတ်ချစွာ မထားခဲ့နိုင်လို့ပါ။ ကိုယ်က တော့ ဒီကလေးကိုသနားပြီး အလုပ်တွေကို လုလစ်တာနှင့် ဝိုင်းကူ လုပ်ပေးသည်လေ။ ကိုယ့်အလုပ်ကို အရင်ပြီးအောင် မြန်မြန်လုပ်ပြီး ကူရတာပေါ့။ တကယ်လို့ ကိုယ်မရှိတဲ့အခါ နောက်လူသစ်ရောက်လာ ရင် ဒီကလေးအပေါ် ကိုယ့်လိုစာနာနားလည်ပေးနိုင်မှာတဲ့လား။ အိမ်ရှင်ကို မျက်နှာလို မျက်နှာရလုပ်တတ်တဲ့ အိမ်ဖော်နဲ့များတွေ့ရင် ဒုက္ခ။

"အေးလေ . . . စံပယ် မနားချင်ရင်လည်း နေပါ။ တစ်နေ့ တော့ စေတနာအကျိုးပေးမှာပါ ကလေးရယ်။ စံပယ်က စိတ်ရော လူရော ဒီလောက်လှတာ ကံကောင်းတဲ့နေ့ ရှိလာမှာပါ"

"အဟွန်း . . . စိတ်ကူးနဲ့ရူးမနေချင်ပါဘူး ဒေါ်မွှေးရယ်"

"ဒေါ်မွှေးက တကယ်ပြောတာ စံပယ်ရဲ့။ မယုံစောင့်ကြည့် စံပယ်အိမ်ထောင်ကျတဲ့အခါ လင်ကောင်းသားကောင်းနဲ့ တွေ့မှာပါ"

"တော်ပါတော့ ဒေါ်မွှေးရယ်။ စံပယ်လို ရေငတ်ပန်းတစ်[illegible] ကို ဘယ်လိုလူက နမ်းချင်မှာတဲ့လဲ။ စင်ဒရဲလားလို ဖိနပ်နဲ့တော်[illegible]





သူ လိုက်ရှာပြီး ဖူးစာဖက်ချင်တဲ့ ကိုကိုရွှေမင်းသားတွေလည်း ဒီခေတ် ထဲမှာ မရှိတော့ပါဘူး"

ပြောပြီး စံပယ်ထွက်သွားလေတော့ စံပယ့်ကျောပြင်ကိုကြည့် ပြီး ချလိုက်မိတဲ့ သက်ပြင်းဟာ ဘယ်နှစ်ကြိမ်မြောက်လဲတော့မသိပေ။ တကယ်ဆိုရင် ဒီခြံဒီအိမ်နဲ့ အဝင်းတို့မိုခိုလုပ်ကိုင်နေတဲ့ ကုမ္ပဏီက စံပယ်ပိုင်တဲ့ပစ္စည်းတွေပါ။

ပြီးတော့ . . .

စံပယ့်ဖေဖေက စံပယ်သုံးဖို့အတွက် ခဏခဏ ငွေပို့ပေးနေ တာတွေ မပြောနဲ့ဆိုတော့လည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သဖင်နဲ့သခင် ကားပေါ်ကဆင်းလာမယ့် မင်းခန့်ညားဆိုတဲ့ သူကို စိတ်ဝင်စားစွာ ရင်ခုန်စွာနှင့် စောင့်နေရတာ စိတ်တွေပင် မောသလိုပါ။ သူ ဘယ်လိုပုံစံမျိုးလဲ။ သူ့မိဘတွေကတော့ သူတို့သား ကို ချောတယ်လို့ ပြောကြတယ်တဲ့လေ။ ရုပ်ဆိုးလို့ကတော့ လုံးဝ နိုးပါပဲ။

"မေမေ"

"_____"

"မေမေ"

"ဟေ"





"ဖုန်းလာနေတယ်"

"ဩော် . . . အေး အေး"

သဖင်ပြောမှပဲ ဒေါ်ဝင်းသဖင် ဖုန်းကိုထုတ်ကြည့်လိုက်တော့ မင်းခန့်ညားဆိုတဲ့ နာမည်က ပေါ်နေသည်။ ဝေက သူ့သားဖုန်းနံပါတ် တို ပေးထားလို့ နာမည်ရိုက်ထည့်ထားတာလေ။

"ဟယ်လို"

"အန်တီ ဒေါ်ဝင်းသဖင်လား ခင်ဗျ"

"အေး အေး . . . ဟုတ်တယ်သား။ အန်တီ ဒေါ်ဝင်း သဖင်ပါ"

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်တို့ ကားပေါ်က ဆင်းလာပြီ ခင်ဗျ။ ကျွန်တော့်သူငယ်ချင်းလည်း ပါလာတယ်။ သူက သွားခေါ်ခေါ် နဲ့ မျက်မှန်နဲ့ဗျ"

"အေးပါ . . . အန်တီတို့ ကားအနားရောက်နေပြီ သား"

"ဟုတ်ကဲ့ . . . ဒါဆို ဖုန်းချလိုက်တော့မယ်နော်"

"Ok Ok . . . သား"

ဖုန်းချပြီး ဒေါ်ဝင်းသဖင် သမီးနှစ်ယောက်မျက်နှာကို ကြည့် လိုက်သည်။ စိတ်လှုပ်ရှားနေကြပုံပါပဲ။

ခန့်ညားနဲ့သန့်ရှင်းတို့မှာတော့ –



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားပုံကိုကြည့်ပြီး သန့်ရှင်းကရယ်လေလျှင် –

"မင်းက ဘာရယ်တာလဲ"

"မင်းပုံစံကို သဘောကျလို့ပါ"

"ရယ်မနေနဲ့ နာမည်တွေ မှားခေါ်မိမယ်။ အဲဒါ သတိထား ဦး"

"ငါသိပါတယ်ကွ"

"သိရင်ကြွ"

သဏ္ဍာန်လုပ် သရုပ်တူဆိုသလိုပါပဲ။ ခန့်ညားက သန့်ရှင်း အဖြစ်နဲ့ လာရတာဆိုတော့ သန့်ရှင်းက ခန့်ညားအဖြစ်နဲ့ ကြော့လို့ မော့လို့။ ခန့်ညားကတော့ သန့်ရှင်းနေရာယူရသူမို့ အထုပ်တွေ ဆွဲရ တာ ဘယ်လက်ရော ညာလက်ရော မအားပေ။ ကားပေါ်ကအဆင်း မှာ ခန့်ညားကို နောက်ကတွန်းလိုက်တာမို့ ကားအောက်သို့ ကိုယ့် ကားယားပုံစံနှင့် ကျသွားလေလျှင် –

"အမေ့"

"ဟာ"

သန့်ရှင်းက ကမန်းကတန်းပဲ ခန့်ညားကို လှမ်းထိန်းလိုက်စဉ် ခန့်ညားလက်ထဲက အထုပ်တွေက အောက်သို့ပြုတ်ကျသွားလေသည်။

"ခန့်ညား မင်း"





"ဟာ ... ဟော့ကောင်"

ခန့်ညား သန့်ရှင်းပါးစပ်ကို အတင်းလိုက်ပိတ်လေလျှင် –

"အု အု"

"မှားနေတယ်၊ ငါက သန့်ရှင်းလေ။ ငါက သန့်ရှင်း"

သန့်ရှင်းက ခန့်ညားလက်ကို အတင်းဖယ်ချပြီး –

"အေးပါကွာ၊ သေတောင်သေမယ် ... ဟူး"

ပြောပြီး သန့်ရှင်းက အထုပ်တွေကို ကောက်သယ်လေ လျှင် ...

"ဖယ် ... ငါ သယ်မယ်"

"မောင်ခန့်ညား"

ဒေါ်ဝင်းသဇင်က ရောက်အလာနှင့် သန့်ရှင်းတို့က မတ် တတ်ပြန်အရပ် တိုးသွားလေလျှင် –

"မောင်ခန့်ညား မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ ... ဟဲ ဟဲ"

သန့်ရှင်းက စိတ်မလုံသလို ရယ်လေလျှင် ခန့်ညားကလည်း

"ဟီး ဟီး ... ဟဲ ဟဲ။ ဟဲ ဟဲ ဟဲ"

"အမေ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားပါးစပ်ထဲက ခေါ်နေတဲ့ သွားကြီးတွေကိုမြင်ပြီး ဒေါ်ဝင်းသဖင်တို့သားအမိတွေ နောက်သို့ ခြေလှမ်းဆုတ်သွားကြလေသည်။

"မေမေ"

"ဟင်"

သခင်က မိခင်၏လက်ကို ဆုပ်ကိုင်ပြီး နှာခေါင်းရှုံ့လေသည်။ ဒေါ်ဝင်းသဖင် ခန့်ညားမျက်နှာကို ကြည့်လိုက် သန့်ရှင်းမျက်နှာကို ကြည့်လိုက်ဖြစ်ပြီး –

"မောင်ခန့်ညား"

"ဗျာ"

"ဟော့ကောင် ... ငါထူးရမှာလေ"

"အယ် ... အေး ... ဟဲ ဟဲ ဟဲ"

သန့်ရှင်းထူးရမှာကို ခန့်ညားက ထူးမိလေတော့ သန့်ရှင်း ခန့်ညားကို တံတောင်နှင့် တွတ်ပစ်လိုက်လေသည်။ ခန့်ညားက စပ်ဖြဲဖြဲပုံစံနှင့် ရယ်လိုက်တိုင်း မချောမနှစ်ယောက် ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားတာကပဲ သူတို့အတွက် ဟာသဖြစ်နေသလိုလိုပါ။ အဆုံးသတ်မှာ ဒေါ်ဝင်းသဖင်က ခန့်ညားကို လက်ညှိုးထိုးပြီး –

"မောင်ခန့်ညား သူက"





"ဩော် ... သူက ကျွန်တော့်သူငယ်ချင်းပါ အန်တီ။ သူ့နာမည်က သန့်ရှင်းပါ။ ကျွန်တော်နဲ့လိုက်ခဲ့ချင်တယ်ဆိုတာနဲ့ ခေါ်လာခဲ့တာပါဗျာ"

"ဩော်"

"ဟုတ်ကဲ့ ခင်ဗျ ... ဟဲ ဟဲ ဟဲ"

"ကျွတ်"

သခင်က ခန့်ညား ရယ်လိုက်တိုင်း ပေါ်လာတဲ့ သွားခေါ်ခေါ်ကြီးကို ကြည့်ပြီး စိတ်ပျက်စွာမျက်နှာကို သဖင်လက်မောင်းနှင့် ပွတ်တိုက်၍ ကွယ်ထားလေသည်။

"ကဲပါ မောင်ခန့်ညား ... အန်တီတို့ သွားရအောင်"

"ဟုတ်ကဲ့ အန်တီ"

ပြောပြီး ဒေါ်ဝင်းသဖင်တို့ ကားဆီကို လျှောက်ခဲ့ကြတော့ ကားပေါ်တက်ကြသည့်အခါ သန့်ရှင်းက ခပ်တည်တည်နှင့် ကားမောင်းရမည့်နေရာမှာ ဝင်ထိုင်လေသည်။ ခန့်ညားပါ ရှေ့ခန်းမှာထိုင်ညှိလုပ်တော့ –

"ဟဲ့ ... မောင်ဘယ်သူ"

ခန့်ညား လှည့်ကြည့်ပြီး –

"သန့်ရှင်းပါ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ညှ ... ကြားရသူအဖို့မှာတော့ စကားလုံးက သွားနဲ့ညပ်နေလို့ ထွက်လာတဲ့အသံ၊ ခင်ညှ ဖြစ်နေသည်သာ။

“အေး ... မင်းနောက်ခန်းမှာပဲ အန်တီနဲ့ ထိုင်ပါ။ ကဲ ... ရှေ့ခန်းမှာ သမီးကြီး ထိုင်မလား၊ သမီးငယ် ထိုင်မလား”

“အန်တီ”

သန့်ရှင်းက နောက်လှည့်ကြည့်ပြီး ခေါ်လိုက်တာဖြစ်သည်။

“ကျွန်တော် လမ်းတွေမသိဘူးနော် အဲဒါ”

“ဩော် ... အဲဒါဆိုလည်း ကိုခန့်ညား ဒီဘက်ကိုလာလေ သခင်ပဲ မောင်းပါ့မယ်”

သန့်ရှင်း ခေါင်းညိတ်ပြပြီး နေရာချင်းချိန်းလိုက်လေသည်။ သန့်ရှင်းကလည်း နာမည်နဲ့လိုက်အောင် ရှင်းသန့် ချောမောသူ တစ်ယောက်ပါ။ ခန့်ညားကလည်း တည်ကြည်ခန့်ညားစွာ မနေပေမယ့် ချောမောသူတစ်ယောက်ပါပဲ၊ နှစ်ယောက်ယှဉ်လိုက်ရင်တော့ ခန့်ညားက ပိုဖြောင့်သည်လို့တော့ အချို့ကပြောကြပါသည်။

တစ်ယောက်ကို စတိုင်လ်တစ်မျိုးနဲ့။

ခေသူတွေတော့ မဟုတ်ပေ။ နောက်ခန်းမှာ ခန့်ညား သဇင်ဘေးသို့ဝင်ထိုင်ပြီး ရယ်ပြလေလျှင် သဇင်က မျက်စောင်းထိုးသည်။

“နင် မရယ်စမ်းပါနဲ့”





“ဟင် ... ဘာဖြစ်လို့လဲဗျ။ ဘာလဲ ကျွန်တော့်သွားတွေကို ကြည့်ပြီး ဒီကအစ်မ ရင်ခုန်သွားလို့လား”

“ဘာ”

“____”

“ခုန်စရာလားဟဲ့။ နင့်ပုံစံကို နင် မှန်ထဲပြန်ကြည့်ဦး။ တစ်နေ့လုံးထိုင်ကြည့်လို့ ရင်ခုန်စရာတစ်စက်မရှိ။ အခန့်မသင့်ရင် နင့်မှန်ကြည့်ပြီး ရှော့ခ်ဖြစ်သေသွားနိုင်တယ် သိလား”

“အဲဒီလောက်ကြီးတောင်လားဗျာ”

“ကိုယ့်ရုပ်ကိုယ် နင် မှန်ထဲမကြည့်ဖူးဘူးလား”

“ဟာ ... ကြည့်တာပေါ့ဗျ။ ဖြစ်နိုင်ရင် မှန်ကို လည်ပင်းမှာကြိုးနဲ့တောင် ဆွဲထားချင်တာ။ ခင်ဗျား မကြားဖူးဘူးလား။ အကျည်းတန် မှန်ကြိုက်တဲ့”

“ကိုယ့်ကိုယ်ကိုယ်သိရင် ဘာလို့ ပြောနေသေးလဲ ... [illegible]”

သဇင် အော်လိုက်တော့ ခန့်ညား ဇက်ပုသွားလေသည်။ သူ့အကြောင်းကို သခင်ဦးသွားလို့ စိတ်တိုနေရတဲ့အထဲ သန့်ရှင်းဆိုတဲ့ ကောင်ချောတို့ သွားကြီး မြင်လိုက်တိုင်း ရွံ့လို့ အန်ချင်စိတ်တောင် ပေါက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဒီက အစ်မနာမည်က ဘယ်သူ"

"မြတ်သဇင်"

"သြော် . . . ပန်းသဇင် မဟုတ်တဲ့ မသဇင်ပေါ့"

"ကျွတ်"

"အင်း . . . နာမည်က လှတယ်၊ လူကလည်း လှပါတယ်၊ လှပါတယ်"

"ဒီမှာ"

"ဗျာ"

"နှင့်ပါးစပ်ကို ပိတ်ထားမလား မပိတ်ထားဘူးလား ဒါပဲ ပြော"

ဒေါ်ဝင်းသဇင် မနေသာတော့ပေ။ မောင်ခန့်ညားရဲ့ သူငယ်ချင်း ဖြစ်နေလို့ ဘာမှ မပြောတာ။ ဒီသွားခေါက် သူ့မလည်း ကြည့်လို့ မရပေ။

ထို့ကြောင့် –

"မောင်ရှင်းသန့်"

"ဗျာ"

"အန်တီ တောင်းပန်ပါတယ်။ ပါးစပ်ကိုပိတ်ပြီး ငြိမ်ငြိမ်လေး လိုက်ပေးပါ"





တောင်းပန်တဲ့အသံက မာဆတ်ဆတ်ပါလား။ ခန့်ညား ပါးစပ်ကိုပိတ်၍ တိတ်ဆိတ်သွားလေတော့သည်။ မပိတ်လို့မရတော့ဘူးလေ။ ဆက်ပြောနေရင် ကားပေါ်က တွန်းချခဲ့မလား မပြောတတ်ပါဘူး။

သြော် . . . လူတွေ လူတွေ။

အတွင်းစိတ်အလှထက် မတည်မြဲတဲ့ အပေါ်ယံအလှကို ထပ်မက်မောကြပါလား။

✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ခန့်ညား မနက်ဝေလီဝေလင်းကတည်းက အိပ်ရာမှ နိုး
သဖြင့် မျက်နှာသစ်၊ သွားတိုက်လုပ်ဖို့ ထွက်လာခဲ့တော့သည်။ မျက်
နှစ်လုံးပွင့်တာနဲ့ ရှေ့ဆက်ရမယ့်ခရီးအတွက် ဆင်ကြံကြံနေရသည်လား
ဒုက္ခ ... ဒုက္ခ။ မိန်းမ,မလိုချင်သေးလို့ သူ ဒီဒုက္ခကို ခံနေတာ

တွေးရင်း ...

နှုတ်ခမ်းက မဲ့ခနဲဖြစ်သွားလေသည်။ ဟွန်း ... ရုပ်က
တွေကတော့ ချောကြပါရဲ့။ စိတ်တွေကတော့ ပုပ်မယ့်ပုံပါပဲ။ အဲဒီ
ခန့်ညားဆိုတဲ့ကောင်ကရော ဂရုစိုက်မတဲ့လား။ တွေးရင်းနဲ့ လျှော
လာခဲ့စဉ် ခြေသံကြားလို့ ကြည့်လိုက်တာနှင့် –





"ဟာ"

"အမယ်လေး"

စံပယ်က ရင်ဘတ်ကလေးဖိပြီး ခန့်ညားကို မျက်လုံးပြူးနှင့် ကြည့်နေသလို ခန့်ညားကလည်း ထိုနည်းတူပါ။ တစ်ယောက်နဲ့ တစ်ယောက် ရုတ်တရက်မြင်ပြီး လန့်သွားကြတာလေ။ စံပယ်ပုံစံက ဆံပင်စုတ်ဖွားနှင့် ခန့်ညားပုံကလည်း မျက်မှန်ကြီးနှင့်မို့ ပြူးတူးပြဲတဲပါ။

"ဟီး ဟီး"

"ဟဲ ဟဲ"

"မင်း လန့်သွားတာလား"

"လန့်တာပေါ့ရှင့်၊ ရှင့်ပုံစံက သွားခေါ်ခေါ် မျက်မှန်ကြီးနဲ့ ဆိုတော့"

"အံမယ် ... သူများကိုပြောပြီး မင်းသွားကရော မခေါ်လို့ လား"

"အင်းနော် ... အတူတူပါပဲ။ ဒါနဲ့ ... ရှင်က"

"ငါက ခန့်ညားရဲ့သူငယ်ချင်းပါ။ ခန့်ညားကိုရော မင်းသိ လား"

"အန်တီပြောပြထားလို့ သိပါတယ်။ မန္တလေးက ဆိုလား။ မသဇင် ဒါမှမဟုတ် သခင်နဲ့ လက်ထပ်ရမယ့်သူလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဒါနဲ့ မင်းကရော ဒီအိမ်က အိမ်ဖော်လား"

စံပယ် သက်ပြင်းချ ခေါင်းလေးငုံ့သွားပြီး –

"ဆိုပါတော့ရှင်"

"ဟင် . . . မင်းအဖြေက ဘယ်လိုကြီးလဲ။ ဟုတ်တယ်ဆို ဟုတ်တယ်၊ မဟုတ်ဘူးဆိုတော့လည်း မဟုတ်ဘူးပေါ့။ ဆိုပါတော့ ဆိုတော့"

ခန့်ညား စကားမဆက်ဘဲ ကောင်မလေးမျက်နှာကို ကြည့်လိုက်တော့ သူမမျက်နှာပေါ်မှာ တစ်ခုခုအတွက် စိတ်မကောင်းတဲ့ အရိပ်တွေပါ။ ကိုယ့်စကားက ဘာများမှားသွားလို့ပါလိမ့်။ ကိုယ်က သူ့အကြောင်း ဘာမှမသိဘဲနဲ့ ခုမှပဲ တွေ့ဖူးမြင်ဖူးတယ်။ အခုဲ စပ်စုသလို ဖြစ်နေပြီလား။

"တကယ်ဆို ကျွန်မက အန်တီဒေါ်ဝင်းသဇင်ရဲ့တူမအရင်းပါ။ ဒါပေမဲ့ . . ."

စံပယ် ရင်ထဲမကာလို့ ပြောမယ်လုပ်ပြီးမှ စကားစကို ဖြတ်ထားလိုက်မိသည်။ ခုမှ တွေ့ဖူးမြင်ဖူးတဲ့ လူတစ်ယောက်ကို ရင်ဖွင့်လိုက်လို့ ဖြစ်မတဲ့လား။ တော်ကြာ အန်တီတို့ကို ပြန်ပြောလိုက်ရင် ဒုက္ခလေ။ သူက ဘယ်လိုလူ ဘယ်လိုစိတ်ထားမျိုးရှိမှန်းဖြင့် မသိဘဲ





ရုပ်ကတော့ –

အင်း . . . ချောချင်လျက်နဲ့ သွားကြီးက ဖျက်နေတာ။ သူ့ကို ခပ်စူးစူးလေး ကြည့်နေမိရာကနေ စံပယ် ကိုယ့်ပါးစပ်ကို လက်ဝါးလေးနှင့် အုပ်လိုက်မိသည်။ သူ့များကိုသာ စိတ်ထဲက ကဲ့ရဲ့နေတာ ကိုယ်လည်း လောလောဆယ်အဖို့မှာ ရုပ်ဆိုးမ ဖြစ်နေတာပါ။ ကိုယ့်သွားကတော့အတုကြီး သူကတော့အစစ်ဖြစ်မှာပေါ့။

"ဒါပေမဲ့ . . . ဘာဖြစ်လဲ၊ ဆက်ပြောလေ"

"ရှင် တော်တော်စပ်စုပါလား။ ဘာလို့ ပြောရမှာလဲ မပြောဘူး"

"ဟာ . . . ဟေ့ ခဏနေဦး"

လှည့်ထွက်သွားတော့မယ့် စံပယ့်ခြေလှမ်းတွေ သူတားဆီးလိုက်တာကြောင့် ရပ်တန့်သွားလေလျှင် –

"မင်း . . . နာမည် ပြောခဲ့ဦး"

"ဘာလုပ်မလို့လဲ"

"ဟ . . . မင်းက ဒီအိမ်မှာနေတာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ လောလောဆယ် ငါလည်း ဒီအိမ်မှာ နေရတာလေ။ တစ်အိမ်တည်းမှာအတူနေတာ နာမည်တော့ သိထား



www.burmeseclassic.com

www.burmeseclassic.com



သင့်တာပေါ့ဟ။ ငါ့နာမည်က မင်း . . . အဲ သန့်ရှင်း သန့်ရှင်း''

နာမည်နဲ့လူက တခြားစီပါပဲ။ အင်း လောလောဆယ်အဖို့မှာတော့ သူနဲ့စံပယ်က ဘဝတူပါ။

''ဟ့''

''ဟင်''

''နင့်နာမည် ပြောဦးလေ''

''စံပယ် သင်းစံပယ်လှိုင်''

ခန့်ညားနှုတ်ခမ်းကို သိသိသာသာ မဲ့ပစ်လိုက်ပြီး –

''နာမည်နဲ့လူက''

''ဘာဖြစ်လဲ''

''တခြားစီပဲ''

''သူများကို မကဲ့ရဲ့ပါနဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း မှန်ထဲပြန်ကြည့်ဦး''

''အဟဲ နင့်ထက်တော့သာမှာပါ''

''ဘာ''

ခန့်ညား ဖက်ကို ဟိုဘက်စောင်းလိုက် ဒီဘက်စောင်းလိုက်လုပ်ပြလေလျှင် စံပယ်က ခါးကိုထောက်ပြီး –

''ဟွန်း . . . ညှော်သည်မှိုလို့ သည်းခံနေတာကို အကောင်း





ထင်နေတယ်ပေါ့ ဟုတ်လား။ ထမင်းငတ်ချင်လို့လား''

''အမ်''

''ခန့်ညား . . . အဲ အဲလေ သန့်ရှင်း''

ခန့်ညားနာမည်ကို ခေါ်ပြီးရောက်လာတဲ့ သန့်ရှင်း။ အခေါ်သွားတာကြောင့် ပါးစပ်ကိုပိတ်ကာ ဖက်ပုပြီး စံပယ်ကိုကြည့်မိလေချင် –

''အမယ်လေး''

''ဟင်''

''ဘာဖြစ်တာလဲ''

''လန့်သွားတာ''

''အံမယ် . . . သူများကို လန့်ရအောင် ကိုယ့်ဘေးကလူကိုလည်း ကြည့်ဦး အတူတူပဲ''

''နင်ကလည်း ငါ့ပဲ ထည့်ပြောနေတယ်။ ခေါ်တာချင်း တူပေမယ့် နင့်ဆံပင်ကဲ ကောက်ကောက်ဖွာဖွာကြီးဆိုတော့ ပိုပြီး ရုပ်ဆိုးသေးတာပေါ့''

''ဟုတ်တယ် . . . ဟုတ်တယ် . . . ဟဲ ဟဲ''

''ကြောက်ရင်လည်း လဲသေလိုက်''

ပြောပြီး စံပယ် သူတို့ရှေ့ကနေ ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မခံချင်စိတ်နဲ့ စကားရှည်နေလို့ လုပ်စရာရှိတဲ့အလုပ်တွေမပြီးရင် ကိုယ်ပဲ အဆူခံရမှာမဟုတ်လား။

"ခန့်ညား"

"သန့်ရှင်းလေ ... သန့်ရှင်း ... ခဏခဏ မှားမခေါ်နဲ့ ပေါ်ကုန်မယ်"

"အေး ... အေးပါ။ သူက ဘယ်သူလဲကွ"

"စီပယ်တဲ့"

နာမည်ကြားပြီး သန့်ရှင်း ခွီခနဲရယ်လေသည်။ မပြောလည်း သိတာပေါ့ နာမည်နဲ့လူ မလိုက်တာကိုလေ။ ဒါပေမဲ့ ... သူတို့မသိတဲ့ အခြေအနေတစ်ခုမှာတော့ စံပယ်က ရေဝတ်ပန်းမို့ ပိုမွှေးနေသူလေးပါ။



## အခန်း (၇)

သန့်ရှင်းနဲ့ ခန့်ညားက အချစ်ဆုံးသူငယ်ချင်းတွေဆိုတော့ ကျန်တဲ့နေရာမှာသာ ခွဲခြားဆက်ဆံလို့ရချင်ရမယ် စားတာသောက်တာကတော့ အတူတူသာ။ အခု ကော်ဖီဝိုင်းမှာ အားလုံးအတူတူပဲမို့ ခချောနှစ်ယောက်မှာ သန့်ရှင်းကိုပဲ ခဏခဏ ခိုးကြည့်နေကြပြီး ခန့်ညားအစစ်ကိုတော့ ရှိသည်လို့ပင် မမှတ်ကြပေ။

ကိုယ့်ကိုကြည့်ရင်ပဲ အကျည်းတန်တွေ ကူးစက်သွားမှာစိုးသည့်အတိုင်းပါပဲ။ သန့်ရှင်း ခဏ ခဏ ပြန်ကြည့်ဖြစ်တာကတော့ အငယ်မ သခင့်ကိုပါ။

"မောင်ခန့်ညား"



www.burmeseclassic.com

www.burmeseclassic.com



"– – – –"

"မောင်ခန့်ညား"

ဦးမင်းကိုထက်ခေါ်နေတာကို သန့်ရှင်း မထူးမိပေ။ ကိုယ့်နာမည်မဟုတ်တော့ အာရုံကလည်း သခင့်ဆီရောက်နေလို့ မထူးမိတာပါ။ ဒါကို ခန့်ညားက သတိပေးဖို့ သန့်ရှင်းခြေထောက်ကို တက်နင်းလိုက်လေလျှင် –

"အား"

"ဟင်"

"ဘာဖြစ်တာလဲ မောင်ခန့်ညား"

"ဟို ခြေထောက်"

"အဲ ... အဟဲ ... ဆောရီးသူငယ်ချင်း၊ မတော်တဆနင်းမိသွားတာ၊ တော်တော်နာသွားသလားဟင်"

"မနာပါဘူး"

ခြေမကို ဖနောင့်နဲ့ကြိတ်နင်းတာမနာဘဲ နေပါ့မလား။ ဒါပေမဲ့

"အင်း ... အဟင်း"

"မင်းက အန်ကယ်လ်ခေါ်နေတာကို ကြားမှမကြားတာ။ အဲဒါကြောင့် သတိပေးတာပါ"

"ဟင် ... စောစောကတော့ မတော်တဆဆို"





"မတော်တဆလိုနဲ့ တမင်နင်းပြီး သတိပေးတာပါ။ အန်ကယ်က မင်းကို မောင်ခန့်ညားလို့ ခေါ်နေတာ"

"ဟင် ... ဟုတ်လား"

ဒီတော့မှ သန့်ရှင်း ပျာပျာသလဲပုံစံနှင့် ဦးမင်းကိုထက်ကို ကြည့်လိုက်လေလျှင် –

"ဘာမှမဟုတ်ပါဘူး။ မောင်ခန့်ညား အန်ကယ်လ်တို့အိမ်မှာ နေရတာ အဆင်ပြေရဲ့လားလို့ မေးမလို့ပါ"

"အဆင်မပြေစရာ ဘာရှိမှာလဲ ကိုထက်ရယ်။ သူတို့ကို လွတ်လွတ်လပ်လပ်နေခွင့်ပေးထားတာပဲဥစ္စာ။ ကိုယ့်အိမ်လို သဘောထားလို့ ပြောထားပြီးသား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဟွန်း အဲဒါ ခန့်ညားအယောင်ဆောင် သန့်ရှင်းအတွက်ပါ။ သန့်ရှင်းခေါ် ခန့်ညားအစစ်ကျတော့ သွားခေါ်တာကြည့်ပြီး နှာခေါင်းရှုံ့ မျက်စောင်းခဲလုပ်နေကြတာ။ တစ်နေ့ကျ တွေ့ကြဦးမှာပါ။ သွားခေါ်ညည်း လူပဲမဟုတ်ဘူးလား။ ဒါကို ခွဲခြားဆက်ဆံနေကြတာ။

"အဆင်ပြေတော့လည်း ကောင်းတာပေါ့ကွာ။ အန်ကယ်လ်က အဆင်မပြေမှာစိုးလို့ပါ"

"အဆင်ပြေပါတယ် အန်ကယ်။ ဒီအိမ်က ကိုယ့်အိမ်လိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အန်တီနဲ့ မသဇင်ရော သခင်ရော အားလုံးက ကျွန်တော့်အပေါ် ဖော်ရွေကြပါတယ်''

သူ့အတွက်က အဆင်ပြေပါတယ်။ အဆင်မပြေတာက ကိုယ့်အတွက်လို့ ပြောချင်လိုက်တာ။ သွားခေါ် ခန့်ညားကျတော့ သူတို့ ဆက်ဆံပုံကမတူသလို မတန်သလိုပါ။ အဲဒါလည်း ကောင်းပါ တယ်။ သူတို့စိတ်ဓာတ်အမှန်ကို သိရတာပေါ့။ ခန့်ညားဆိုတဲ့ကောင်က လူလူချင်းအတူတူ ခွဲခြားစိတ်ဖြာပြီး ဆက်ဆံတာကို သိပ်မုန်းတာ

သူ့သမီးတွေကိုလည်း ခန့်ညား တစ်ယောက်မှ သဘောမကျ ပေ။ သန့်ရှင်းကတော့ သခင့်ကို သဘောကျနေသည့် ထင်ပါရဲ့ မေးရမှာ စောသေးသလားလို့ မမေးဖြစ်သေးဘူးပေါ့။

''ဪ . . . မောင်ခန့်ညား''

''ဗျာ''

''သမီးငယ် ဒီနေ့ သွားစရာရှိလို့တဲ့။ အဲဒါ မောင်ခန့်ညား အဖော်လိုက်သွားပေးနိုင်မလား။ လိုက်သွားတော့ ရောက်ဖူးတာပေါ့ ကွယ်''

သန့်ရှင်း လိုက်သွားရမလား မလိုက်ရဘူးလားလို့ ခန့်ညားက လှည့်ကြည့်ပြီး မျက်ဝန်းနှင့် စကားဆိုတိုင်ပင်လေတော့ ခန့်ညား မသိမသာ ခေါင်းတစ်ချက် ညိတ်ပြလေသည်။ လမ်းကြောင်းပေးတာ





ဖြစ်မှာပေါ့။ ခန့်ညားလိုက်သွားဖို့မလိုဘူးလေ။ မြန်မြန်အဆင်ပြေတော့ ဖို့မကောင်းဘူးလား။

''ဟုတ်ကဲ့ . . . ကျွန်တော် လိုက်သွားပါ့မယ် အန်တီ''

''ကျွန်တော်ရော လိုက်သွားလို့ရမလား အန်တီ''

''အို . . . မလိုက်ပါနဲ့။ နင်က ဘာလိုက်လုပ်မှာလဲ''

ပျာပျာသလဲ ဝင်ဖြေလိုက်သူက သခင်ပါ။ သဇင်က လှည့် ကြည့်ပြီး –

''အဖြစ်သည်းနေလိုက်တာ။ ဟွန်း . . . အမြင်ကိုကတ်လာ ပြီ''

''ဘာလဲ . . . မမက မနာလိုလို့လား''

''အမယ်လေး . . . မနာလိုမဖြစ်ပါဘူးနော်။ ကိုယ့်ကုသိုလ် နဲ့ကိုယ်ပဲ''

''သိဘူးလေ''

''အခု သိပြီလား။ ဥစ္စာခြောက်ပြီး ညကျ အိပ်မပျော်လည်း နေဦးမယ်။ စိတ်ချလက်ချသာနေ သဇင့်အတွက်က ယောကျ်ား ရှားဘူး''

''ဟင်''

ပြောပြီး သဇင်က ထသွားလေတော့သည်။ သဇင့်အပြော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သခင့်မှာတော့ မခံချိ မခံသာနှင့် ကျန်ရစ်ခဲ့သည်သာ။ သူ့
အတွက် ယောက်ျားမရှားဘူးဆိုတော့ သခင့်အတွက် ရှားနေတယ်ဆို…
မှတ်တောင်ထားရဦးမယ်။

"ဟွန်း … ပြောသွားပုံက အကြောကြီးနဲ့၊ ကိုယ့်အစ်မမို့…
ငြိမ်နေတာ။ ပြန်ပြောလိုက်ရရင် မကောင်းရှိရော့မယ်"

"သမီးငယ်"

"----"

"ကိုယ့်အစ်မကို ဘယ်လိုပြောလိုက်တာလဲ။ ညီအစ်မချင်း…
နော်"

"ဖေဖေ့သမီး ပြောသွားပုံကိုလည်း ကြည့်ဦးလေ ဖေဖေ့…
သခင်ကပဲ ယောက်ျားရှားလို့"

"တော်စမ်း သမီး"

မောင်ခန့်ညားရှေ့မှာ မပြောသင့်တဲ့စကားတွေမို့ ဦးမင်း…
ထက် လေသံမာနှင့် တားလိုက်တာဖြစ်သည်။ ကိုယ်က သမီးရှင်…
မိန်းကလေးတွေဖြစ်ပြီး ဒီလိုစကားတွေက ပြောစရာလား။

"ကဲ … တော်ကြပါတော့၊ သမီးငယ်လည်း နောက်…
စကားပြောတာ ဆင်ခြင်။ မောင်သန့်ရှင်းလည်း သူတို့နဲ့မလိုက်…
ပျင်းရင် စံပယ်တို့နဲ့ စကားသွားပြောနေလိုက် ဖြစ်တယ်မို့လား"





စံပယ်က အလုပ်နဲ့လက်နဲ့ ပြတ်တဲ့သူမှမဟုတ်တာ။ ဒါ
ညာသားနဲ့ စံပယ်ကို အလုပ်ကူလုပ်လို့ ပြောလိုက်တာနဲ့အတူတူပါပဲ။
ဒါပေါ့လေ ကိုယ်က သူ့သမီးတွေကိုမှ လက်မထပ်ချင်တာ။ ဒီလောက်
တော့ ခံရမှာပေါ့။ မဟုတ်ရင် သူတို့ရဲ့ပစ်မှတ်က ကိုယ်ပဲလေ။

ဒီပစ်မှတ်လွဲသွားဖို့အတွက် ဒီဒုက္ခလောက်တော့ ခံရမှာပေါ့။
ဒါမှ ကိုယ့်နှလုံးသားလေးကို ရှင်သန်ခွင့်ပေးလို့ ရမှာမဟုတ်လား။
မချစ်တဲ့နဲ့ ယူလိုက်ကတော့ နှလုံးသားက သေဆုံးတာနဲ့ အတူတူပဲလေ။
တစ်နေ့ ကိုယ့်နှလုံးသားက တစ်ယောက်ယောက်ကို ချစ်ချင် ချစ်နိုင်
တာပဲ မဟုတ်လား။

အဲဒီအခါကျတော့ -

ကိုယ် လွတ်လပ်စွာနဲ့ ချစ်လို့ရတာပေါ့။

"ဖြစ်ပါတယ်၊ မလိုက်နဲ့ဆို ကျွန်တော် မလိုက်ပါဘူး။ စံပယ့်
ဆီပဲ သွားတော့မယ်"

ခန့်ညားလည်း ထသွားလေတော့သည်။ သူတို့အမြင်မှာ
တော့ သန့်ရှင်းပဲပေါ့။

သန့်ရှင်းဆိုတဲ့ကောင် -

ခန့်ညားမျက်နှာကြောင့်သာ အလိုက်အထိုက် ဆက်ဆံပေး
နေတာ။ လုံးဝကြည့်လို့မရပေ။ စံပယ်နဲ့စကားသွားပြောရင်း ငြိကုန်



www.burmeseclassic.com

www.burmeseclassic.com



ကျရင် သိပ်ကောင်းမှာပဲ။ အင်း သူ့လို သွားခေါ်ခေါ်ကို စံပယ်က ကြိုက်မှာတော့မဟုတ်ပါဘူး။ စံပယ်က ကိုယ့်သမီးတွေထက် လှနေလို့ပဲ ဒီပုံစံလုပ်ပေးထားရတာပဲလေ။

ခန့်ညား စံပယ်ကို လိုက်ရှာတော့ စံပယ်က ဖိနပ်တွေ တိုက်နေသည်။ သူ အနားမှသွားရပ်လေတော့ တစ်ချက်သာ မော့ ကြည့်လေ၏။

"စံပယ်"

"____"

"စံပယ်"

စံပယ် ကြားလျက်သားနှင့် မထူးဘဲနေတော့ သူက ခါး ထောက်ပြီး ငုံ့ကြည့်ကာ –

"နားများကန်းနေလား မသိဘူး။ ခေါ်မကြား အော်မကြားနဲ့"

"ဘာ"

"ဘာမှ မဟုတ်ဘူး"

ပြောပြီး ခန့်ညား စံပယ်နဲ့ မျက်နှာချင်းဆိုင်မှာထိုင်လိုက် ကာ

"ဖိနပ်တွေကလည်း များလိုက်တာ။ ဒီဖိနပ်တွေ အကုန်လုံး နင်တစ်ယောက်တည်း တိုက်ရမှာလား"





"ဟုတ်တယ်"

"ပေး ... ငါပါ ကူတိုက်မယ်"

ခန့်ညားက ဖိနပ်တစ်ရံကို ဆွဲယူလိုက်လေလျှင် –

"နေပါစေ ... ကိုယ့်ဘာသာပဲ တိုက်ပါ့မယ်။ ဒီအလုပ်တွေက စံပယ်လုပ်နေကျပါ။ တော်ကြာ ရှင်ကူလုပ်တာမြင်လို့ ကျွန်မရော ရှင်ရော အဆူခံနေရပါ့မယ်။ ရှင်နဲ့ကျွန်မက သွားခေါ်တာချင်း တူပေမယ့် ဘဝက မတူပါဘူး"

တွေခနဲဖြစ်သွားရသူက ခန့်ညားပါ။ အင်း ... စဉ်းစားစရာပါပဲ။ ပြောတော့ စံပယ်က ဒေါ်ဝင်းသဖင်ရဲ့တူမဆိုပြီး တူမတစ်ယောက်လို နွေးနွေးထွေးထွေး မဆက်ဆံဘဲ အိမ်ဖော်လိုခိုင်းနေတာ စံပယ်က မျက်ဆိုးလို့လား မချမ်းသာလို့လား။ စံပယ့်မိဘတွေကရော မရှိကြဘူးလား။ လားပေါင်းများစွာနှင့် ဖိနပ်တိုက်နေတဲ့ စံပယ့်လက်ကလေးတွေကို လိုက်ကြည့်မိတော့ လက်ချောင်းကလေးတွေက သွယ်လျနုဖတ်နေသည်။

"ဘာပဲဖြစ်ဖြစ် လူလူချင်း အတူတူပဲဥစ္စာ။ ခုလို ဖိနပ်တိုက်တာတွေအလုပ်က နိမ့်ကျတယ်လို့ထင်ရပေမယ့် သေချာတွေးကြည့်ရင် ကုသိုလ်ရပါတယ်ဟ။ ဒီကုသိုလ်ကြောင့် နောင်ဘဝကျရင် နင် အရှင် [illegible]မှာ သေချာတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ခန့်ညားက ကိုင်လက်စဖိနပ်ကို ကူတိုက်လေတော့သည်။ သူက စံပယ်ကို လှချင်တယ်လို့ ထင်နေတာလား။

မလှချင်ပါဘူး သန့်ရှင်းရယ်။

အဲဒီအလှကြောင့် ခုလို မလှပတဲ့ အရေခွံ ခြုံထားရတယ် ဆိုတာ။

✵



## အခန်း (၈)

"ကိုခန့်ညား"

"ဟင်"

"သခင်တို့ ရန်ကုန်မှာ ခုလိုလျှောက်သွားပြီးလည်ရတာ ပျော်ရဲ့လား"

"အင်း ... ပျော်တာပေါ့။ မန္တလေးမှာတုန်းက သူငယ်ချင်းတွေနဲ့ လျှောက်သွားရတဲ့အပျော်ကတစ်မျိုး။ အခု သခင်နဲ့အတူတူ လျှောက်သွားရလို့ ပျော်တဲ့အပျော်ကတစ်မျိုးပဲ"

"ဟင် ... ဟုတ်လား။ ပျော်တာချင်းအတူတူ ဘာများကွာခြားလို့လဲ ကိုခန့်ညားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကွာတာပေါ့ သခင်ရဲ့"

အတူတူ လျှောက်လှမ်းနေရင်း သခင် ခြေလှမ်းတွေရပ်သွားပြီး သန့်ရှင်းမျက်နှာကို ပြန်ငဲ့ကြည့်လေသည်။ သန့်ရှင်း ခြေလှမ်းတွေလည်း ရပ်သွားပြီး သခင်က တံတားဘေးလက်ရန်းကို ကျောနှင့်မှီလိုက်ကာ –

"ဘာကွာလဲ ပြောပါဦး"

"သူငယ်ချင်းတွေနဲ့ လျှောက်လည်ရတာက ပေါက်ကရတွေပြောပြီး ရယ်ကြ မောကြနဲ့ လွတ်လပ်ပေါ့ပါးတယ်။ အခု သခင်နဲ့အတူ လျှောက်လည်ရတာကျတော့ ကျေနပ်ပီတိဖြစ်ရတယ်။ ကြည်နူးတယ်။ ရင်ထဲမှာ ဘယ်လိုလေးမှန်းမသိဘူး။ နွေးသလိုလို အေးသလိုလိုနဲ့။ သခင်နဲ့အတူ ရှိနေချိန်မှာ ကိုယ် အခြားဘာအကြောင်းမှ မစဉ်းစားချင်ဘူးလေ။ ဒီအပျော်လေးပျောက်သွားမှာကိုပဲ စိုးရိမ်နေမိတယ်။ အဲဒါ တကယ်"

"အဲဒါ ဘာဖြစ်လို့လဲဟင်"

"အခုတော့ အဖြေရှာလို့ မရသေးပါဘူး။ ညအိပ်ယာဝင်မှပဲ စဉ်းစားကြည့်မယ်လေ"

ဘေးချင်းယှဉ်ပြီး ရပ်နေရာမှ သခင် ကိုယ်ကိုစောင်းလိုက်ပြီး သူ့ကို ကျောခိုင်းမိလိုက်သည်။ နှုတ်ခမ်းသားလေးတွေ ပြုံးနေတာကို





ကိုခန့်ညား မြင်မှာစိုးလို့လေ။ ဒီခံစားမှုဟာ ဘာကြောင့်ဖြစ်တည်လာသလဲဆိုတာ သခင် သိတာပေါ့။ သူ မပြောသေးတာကို ပြောလာအောင် ...

ကိုယ်က လမ်းကြောင်းပေးလို့သာရတာ။ ကိုယ်က စပြောလို့ မရဘူးလေ။ ဘာဖြစ်လို့လဲဆို ကိုယ်က မိန်းကလေးဖြစ်နေတာကိုး။

"သခင်"

"ဟင်"

"သခင်ရော ပျော်လား"

"အဟွန်း ... ပျော်စရာမှမရှိတာ၊ ဘာကိုပျော်ရမှာလဲ။ ဒီအတိုင်းပဲ လျှောက်သွားနေတာကို ကစားနေတာမှ မဟုတ်တာ"

ပါးစပ်က မပျော်ဘူးဆိုပေမယ့် ရင်ထဲမှာ ပျော်နေမိတာကို ကိုယ်သာလျှင် အသိဆုံးပါ။

"ဟင် ... တကယ် မပျော်ဘူးလား"

"အင်း"

"ဟာ ... သခင်ကလည်း ကစားရမှ ပျော်ဖို့ကောင်းတာမှ မဟုတ်တာ။ ဟို ... ဘယ်လိုပြောရမလဲ"

"ဘယ်လိုမှမပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မပြောလို့တော့ မရဘူးလေ။ ပြောဖို့ ပါးစပ်ကြီးက ပါနေတာပဲဥစ္စာ"

"ဒါဆို . . . ပြော"

သန့်ရှင်း သခင့်ရှေ့သို့ သွားရပ်လိုက်ပြီး –

"သခင်ပျော်အောင် ကိုယ် ကပြရမလား"

"ဟင်"

သခင် သူ့မျက်နှာကို မော့ကြည့်လိုက်တော့ ပြုံးနေတဲ့ နှုတ်ခမ်းသားလေးတွေကို မြင်ရတာ ရင်တွေခုန်လိုက်တာ။ ဒါကြောင့် ကမန်းကတန်းပဲ ခေါင်းပြန်ငုံ့လိုက်ကာ –

"ကိုခန့်ညားက တော်တော်နောက်တတ်တာပဲ"

"သခင်ပျော်အောင်လို့ပါ။ ဘယ်လိုလဲ ပျော်တယ်မဟုတ်လား"

ပျော်ပါတယ် ရှင်ရယ်။ သခင် အရမ်းကိုပျော်ပါတယ်ရှင်။ ရှင်နဲ့ အခုလို လမ်းအတူလျှောက်ပြီး စကားတွေအများကြီးပြောနိုင်အောင် ဖန်တီးပေးတဲ့ မေမေ့ကို ကျေးဇူးတင်လိုက်တာ။ ရှင်နဲ့ကျွန်မ ဖူးစာပါတယ် ထင်ပါရဲ့။

"မေးနေတာ ဖြေလေ"

"ဟင် . . . ဘာလဲ"





"ပျော်လားလို့"

"အင်း"

ရင်တွေခုန်လွန်းလို့ ရှည်ရှည်ဝေးဝေးဖြေဖို့ အင်အားတောင် မရှိတော့ပါလား သခင်ရယ်။

✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ခန့်ညား စံပယ်ကိုကြည့်ရတာ တစ်နေ့တစ်နေ့ စိတ်မသက်သာပေ။ သူ့လက်တွေမှာ စက်တပ်ထားသလား မှတ်ရတယ်။ အလုပ်လုပ်တာမြန်ပေမယ့် နားရတဲ့အချိန်ဆိုတာ သိပ်မရှိပေ။ တလှုပ်လှုပ်နဲ့ လုပ်နေရတာ သူ့အစားမောပါ့။ အခုလည်း ကြမ်းတိုက်နေတာကို ကြည့်ပြီး ခန့်ညား မနေသာတော့ပေ။

“စံပယ်”

ခေါ်လိုက်တော့ ကြမ်းတိုက်တာကိုရပ်ပြီး သူ့ကို မော့ကြည့်လေသည်။

“ငါ ကူတိုက်ပေးမယ်”





“ရပါတယ်”

“မရနဲ့၊ နင့်ကိုကြည့်ပြီး အလကားမောနေရမယ့်အစား ကူလုပ်ရင်းနဲ့မောတာ အကျိုးရှိတယ်။ ကူလုပ်မယ်”

စံပယ် ခန့်ညားကို ခပ်တွေတွေလေးကြည့်လိုက်မိသည်။ သွားခေါ်လို့ ရုပ်ဆိုးတယ်အထင်ရှိပေမယ့် စိတ်ဓာတ်ကလေးကတော့ ပါ။ သူများကို ကူညီချင်တဲ့စိတ်ရှိလို့လား မသိပါဘူး။ သွားခေါ်တာ အမြင်ဆိုးပေမယ့် သူ့ရဲ့မျက်ခုံးမျက်လုံးနှင့် နှာတံတို့က စံပယ့်မျက်စိထဲမှာ ကြည့်ကောင်းနေသလိုပင်။

စိတ်ထားလှလို့ လူကိုလည်း ချောတယ်လို့ ထင်မိတာလား မသိပါဘူး။

“ကိုသန့်ရှင်းက စိတ်ကောင်းတယ်နော်”

“ဟေ”

သန့်ရှင်း ပြန်ငုံ့ကြည့်ပြီး –

“နင်ပြောပုံကလည်း စိတ်ကောင်းလို့ ငါ အရူးမဟုတ်တာ ဆိုတာ”

စကားကို အထအနောက်ကောက်ပြီး ကတ်ဖိုးကတ်ဖဲ့ပြောတော့ စံပယ် ပျာပျာသလဲ ဖြစ်သွားလေသည်။

“အယ် ... စံပယ်ပြောတာ အဲဒီလိုမဟုတ်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသန့်ရှင်းက စိတ်ထားလှပြီး ဖြူစင်တယ်လို့ ပြောတာ''

''အဲဒီလိုလုပ်စမ်းပါဟ''

ပြောပြီး ဒီဘက်ပြန်လှည့်မလိုလုပ်ပြီးမှ ခန့်ညား မလှည့်ဖြစ်ပေ။ သူသတိထားလိုက်မိတာသည် သူ့ကို ခင်မင်နှစ်လိုဖွယ်အရိပ်တွေနှင့် ကြည့်နေသော မျက်ဝန်းတစ်စုံ။ လှလိုက်တဲ့ မျက်ဝန်းလေးတွေအဲ မျက်ခုံး၊ မျက်လုံး၊ နှာတံ အကုန်လှတာပါလား။ မျက်ဝန်းလေးတွေက တောက်ပပြီး သူ့ကို ရင်းရင်းနှီးနှီး ကြည့်လိုက်ပုံက ဖြူစင်ခြင်းအဓိပ္ပာယ်တွေ ဖော်ဆောင်ညွှန်းလျက်ပါ။

ဆံပင်ကောက်ကောက်ဖွာဖွာကြီးကို သပ်သပ်ရပ်ရပ်နှင့်စည်းနှောင်ထားမည်ဆိုလျှင် သွားလည်း ခေါ်မနေဘူးဆိုလျှင် –

စံပယ်ဆိုတာ –

တော်တော်လှတဲ့ မိန်းကလေးဖြစ်နေမှာ အသေအချာပဲ။ ခန့်ညား စံပယ် ပါးစပ်ရှေ့မှာ သူ့လက်ဝါးကို ကာပြီး မျက်နှာအပေါ်ပိုင်းအလှကိုသာ ကြည့်လိုက်တော့၊ ဟုတ်တယ်၊ သွားသာမခေါ်လျှင်စံပယ်က တော်တော်လှမယ့် မိန်းကလေးပဲ။

''ဘာလုပ်တာလဲ''

''နင့်ရဲ့ခေါ်နေတဲ့သွားပါတဲ့နေရာကိုဖယ်ပြီး ကြည့်ကြည့်တာ''





''အယ် ... ကိုယ့်ဘာသာကိုယ် မှန်ထဲမှာ ပါးစပ်အုပ်ကြည့်ပါလား''

စံပယ်က မျက်စောင်းထိုးပြီး တစ်ဖက်သို့ လှည့်သွားလေတော့သည်။

''စံပယ်''

''– – – –''

''နင်က သွားသာမခေါ်ရင် တော်တော်လှမှာသိလား။ ပြီးတော့ နင့်ဆံပင်တွေကို ခေါင်းစည်းကွင်းနဲ့ စည်းထားပါလား''

ခန့်ညားကို စံပယ် ပြန်လှည့်ကြည့်ပြီး –

''စံပယ်ကိုချည်းပဲ မြှောက်မနေပါနဲ့။ ကိုသန့်ရှင်းလည်း သွားမခေါ်ရင် ချောမှာသိလား''

''ဘာလဲ ... အရှုံးစိတ်ချမ်းသာရင် တိုင်းပြည်အေးချမ်းမယ် ထင်လို့လား''

''စံပယ်က တကယ်ပြောတာပါ ကိုသန့်ရှင်းရဲ့။ အင်း စိတ်ထားလှရင် လူလည်းလှတယ်လို့ ပြောကြတာပဲ။ ကိုသန့်ရှင်းက စိတ်ထားလှလို့လားမသိဘူး၊ စံပယ် မျက်စိထဲမှာ ရုပ်ဆိုးတယ်လို့ မထင်ဘူး''

''ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ခန့်ညား ပြုံးလိုက်မိသည်။ တကယ်ကိုယ်က ရုပ်ဆိုးတဲ့သူမှ မဟုတ်တာ။ အခြေအနေတစ်ခုကြောင့် သွားတုကြီးပါးစပ်ထဲထည့်ပြီး ဖြစ်သလိုပုံစံနဲ့ နေနေရတာ မဟုတ်လား။

"ထားပါ၊ နောက်နေ့တွေကျ နှင့်ဆံပင်ကို စည်းထား၊ ကြားလား"

"စည်းထားလို့မဖြစ်ဘူး ကိုသန့်ရှင်းရဲ့"

"ဟင် ... ဘာဖြစ်လို့လဲ"

"အယ်"

ခန့်ညား မျက်မှောင်ကြုတ်ပြီး မေးလေတော့ စံပယ် ပါးစပ်ကို သူမလက်ချောင်းလေးများနှင့် ပိတ်လေသည်။ သူမ စကားမှား သွားပြီလေ။ ဒါကြောင့် –

"ဘာမှမဖြစ်ဘူး၊ ဆံပင်စည်းထားရင် လည်ပင်းနေရာက ရှင်းပြီး ဟာလာလာကြီးနဲ့ စံပယ်မနေတတ်လို့ပါ"

"ဟင် ... နှင့်ဒုက္ခက တစ်မျိုးပဲ"

"စံပယ်"

ခေါ်သံက စီခနဲပါပဲ။

"အဲ ... မမသဖင် လာပြီ"





ခပ်တိုးတိုးပြောပြီး ပျာပျာသလဲနှင့် ကြမ်းဆက်တိုက်နေတော့ ...

"ဟဲ့ ... စံပယ်"

"ရှင် မမ"

"အဲဒီအလုပ်က အခုထိ မပြီးသေးဘူးလား။ ကြမ်းတိုက်ပြီးရင် ငါ့အခန်း လာရှင်းပေးဦး။ သခင် ဘာတွေဝင်မွှေသွားတယ် မသိဘူး။ တစ်ခန်းလုံး ရှုပ်ပွနေတာပဲ"

"ဟုတ်ကဲ့ မမ၊ စံပယ် ဒါပြီးတာနဲ့ လာရှင်းပေးပါ့မယ်"

"မြန်မြန်လာခဲ့နော်"

"ဟုတ်ကဲ့"

ခါတိုင်းဆိုလျှင် ပြောပြီးတာနှင့် ချက်ချင်းပြန်လှည့်ထွက်သွားတတ်တဲ့ သဖင် ဒီတစ်ခါတော့ ချက်ချင်းပြန်လှည့်မသွားဖြစ်ပေ။ ခန့်ညား ကြမ်းကူတိုက်နေတာကို အထူးအဆန်းတစ်ရပ်လို ရပ်ကြည့်နေတာလေ။ ခန့်ညားကတော့ သူမကို မျက်လုံးထောင့်ကပ်ကြည့်ရုံသာကြည့်ပြီး ကြမ်းဆက်တိုက်နေလိုက်သည်။

"အဟွန်း"

သဖင် သဘောကျစွာ ပြုံးလိုက်မိသည်။ သန့်ရှင်းဆိုတဲ့ကောင်က စံပယ်ကို တကယ် ဘဝတူတွေထင်ပြီး စာနာနေသည်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့။ နေပါစေ ... ဒီလိုကူလုပ်ရင်း နီးစပ်သွားပြီး သံယောဇဉ်တွေ ဘာတွေ ဖြစ်သွားကြတော့လည်း ကောင်းတာပေါ့။ စံပယ်မရှိရင် သူမတို့အတွက် အမှိုက်တစ်ပုံ ရှင်းသွားတာပဲလေ။

အင်း ...

ဟိုကောင့်ကို စံပယ်က စိတ်ဝင်စားပုံမလား။ ပြောလို့တော့ မရပါဘူး။ ကိုယ်တွေ နှိပ်စက်လွန်းရင် ဝင်ကျွတ် ပြီးရောဆိုပြီး အားကိုး ရှာချင် ရှာမှာပေါ့။ ဟုတ်ပြီ ... ဒီနေ့ကစပြီး စံပယ်ကို အရင်ကထက် ပိုပြီး နှိပ်စက်ပြရမယ်။

"စံပယ်"

"ရှင်"

"နောက်ထပ် ငါ ဆယ်မိနစ်ထက် ထပ်မစောင့်ဘူးနော် နောက်ကျလို့ကတော့ နင် ဗိုက်ခေါက်ပြတ်ပြီသာမှတ်၊ ဒါပဲ"

ရာဇသံပေးပြီးမှ ထွက်လာခဲ့တော့သည်။ ညီအစ်မဝမ်း ဆိုပေမယ့် သူမ စံပယ့်အပေါ် မေတ္တာမထားနိုင်ပါဘူး။ ဘာဖြစ်လို့လဲ ဆို ကိုယ်သိပ်ချစ်တဲ့ ယောကျ်ားတစ်ယောက်ကို သဇင် ဆုံးရှုံးလိုက်ရ တာ စံပယ့်ကြောင့်လေ။ ကိုယ်က သူ့ကိုချစ်သလောက် သူကကျတော့ စံပယ်ကိုမှ ချစ်သတဲ့လေ။ ပြီးပြီး ရင်နာစရာကောင်းတာက သူ့အချစ်ကို စံပယ်က လက်မခံလို့ဆိုပြီး ...





အရက်အလွန်အကျွံသောက်ပြီး သေဆုံးသွားခြင်းပါပဲ။ အဲဒီတုန်းက သဇင် ဘယ်လောက်ခံစားခဲ့ရလဲ။ အားလုံးရဲ့အဓိကတရားခံက စံပယ်ပဲလေ။

အဲဒါကြောင့် စံပယ်အပေါ်မှာ သူမ ဘယ်လိုမှ မေတ္တာထားလို့ မရပါဘူး။

"စံပယ်"

"______"

"နင် သွားလိုက်တော့ နောက်ကျနေမယ်။ ဒီအလုပ်ကို ငါ ပြီးအောင်လုပ်ထားလိုက်မယ်"

"ကိုသန့်ရှင်းကလည်း မဟုတ်တာ"

"မဟုတ်တာကို ငါ ဟုတ်အောင် လုပ်ထားလိုက်မယ်။ နင် သွားစရာရှိတာကိုသွား"

စံပယ်က သူ့ကို ခပ်တွေတွေလေး ကြည့်နေလေလျှင် –

"ကဲ ... သွားလေ"

ပြောလို့လည်း ရမှာမဟုတ်တဲ့အတွက် စံပယ် သက်ပြင်း ချပြီး –

"ကျေးဇူးတင်ပါတယ် ကိုသန့်ရှင်း"

သူသွားနိုင်းလို့သာ ထထွက်သွားတယ် စံပယ် လှည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်နှင့်ပါ။ သူ ဒီအိမ်မှာနေ နေသမျှကာလပတ်လုံး ဒီလို အနှိမ်ခံ အနိုင်စက်ခံဘဝနဲ့ နေနေရတာလား။ သနားဖို့ကောင်းလိုက်တာ စံပယ်ရယ်။

သူ ...

အတွေးကို ခါထုတ်ပြီး ကြမ်းဆက်တိုက်နေစဉ် ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့ –

"ဟာ ပေါ့ကောင် သန့်ရှင်း"

"______"

"အဲဒါ ... မင်း ဘာလုပ်နေတာလဲ"

"ကြမ်းတိုက်နေတာလေ"

"ဟာ ... မင်းကလည်း မဟုတ်တာကွာ။ မင်း ဘာတွေ လျှောက်လုပ်နေတာလဲ"

"ဘာမှလျှောက်မလုပ်ပါဘူး။ ကြမ်းတိုက်နေတာလေ"

"ကျွတ်"

ခန့်ညား ထရပ်ပြီး သန့်ရှင်းပခုံးကို ဆုပ်ကိုင်လိုက်ကာ –

"ဒီအိမ်မှာ နေရတာ မင်းပျော်တယ်မဟုတ်လား"

"ပျော်တော့ ပျော်ပါတယ်၊ ဒါပေမဲ့"

"ဘာမှ ဒါပေမမဲ့နဲ့။ မင်းပျော်ရင် ငါကျေနပ်ပါတယ်





ဒီအတွက် ဘာမှစိတ်မကောင်းမဖြစ်နဲ့။ ငါက စံပယ်ကို သနားလို့ အခုလို ကူလုပ်ပေးနေတာပါ"

ဩော် ... သနားတယ်တဲ့လား။ စံပယ်လို ရုပ်ဆိုးမလေးတို့ သနားတယ်ဆိုတော့။

အင်း ...

ရှေ့ဆက်စရာအကြောင်းတော့ မရှိနိုင်ပါဘူးလေ။

✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"လုပ်လိုက်ရင် ကမော်ကမဲ့နဲ့။ အဲဒီအင်္ကျီရဲ့တန်ကြေး ဘ
လောက်လဲ နင်သိလား။ သူများလက်ဆောင်ပေးထားတာမို့လို့ ငါ
တန်ဖိုးထားတာ။ အခုသွားပြီ အဲဒါ နင့်ကြောင့်၊ ကဲ . . . ကဲဟာ"

"ဖြန်း"

"အား"

"ကဲ"

"ဖြန်း"

"ဟင်"

ဆူဆူညံညံအသံတွေကြောင့် အပြင်ကနေပြန်လာ





ခန့်ညားနဲ့ သန့်ရှင်းခြေလှမ်းတွေ ရပ်တန့်သွားကြလေသည်။ စံပယ့်ကို ရိုက်နေတာပါလား။ သူ့ခမျာ အလုပ်နဲ့လက်နဲ့ မပြတ်အောင် အပင်ပန်းခံပြီး သူတို့ခိုင်းသမျှ လုပ်ရ . . . ဝတ်ရတော့ သူတို့စွန့်မှ ဝတ်ရတော့ အကြွင်းအကျန်။

အလုပ်သာ ပင်ပန်းတယ်၊ လစာလည်း ရတာမဟုတ်ပဲ အနှိပ်စက်ခံနေရတာ။ ကျောချစရာတစ်နေရာစာအတွက် ပေးဆပ်ရတာ မတန်လိုက်တာ။

"မိစံပယ်"

"အဟင့်"

"ဟဲ့ . . . ငိုမနေနဲ့။ ဒါ မသာအိမ်မဟုတ်ဘူး။ အခု မျက်ရည်တွေ သုတ်စမ်း"

"တောက် . . . ငါ စိတ်ရှိလက်ရှိ လုပ်ရရင် သေတော့မယ်"

"သမီးကြီး တော်တော့"

နောက်ထပ်ရိုက်ဖို့ သဖင့်လက်ထဲက ကြက်မွေးတံကိုအရှယ်ခင်က တားလိုက်သဖြင့် စံပယ် ကျောပေါ်သို့မရောက်ဘဲ ရပ်တန့်သွားလေတော့သည်။

"စံပယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"နောက်တစ်ခါ ဒီလိုဖြစ်ရင် နင် အသေပဲနော် ကြားလား"

"ပါးစပ်က ပြောနေလေပွပါတယ် မေမေရယ်။ ဒီကောင်မ ကို တစ်ခါတည်း မှတ်လောက်အောင်ကို လုပ်ရမယ်"

"မသဇင်"

သဇင် လက်အရွယ်မှာ မနေနိုင်စွာ လှမ်းအော်ပြီး လွှားခနဲ အနားရောက်သွားသူက ခန့်ညားပါ။ ဘာမှ ပြန်မပြောတဲ့သူကို ဒီ လောက်အနိုင်ကျင့်နေတာ တရားလွန်နေပါပြီ။

"ကျွန်တော် မြင်ရ တွေ့ရသလောက်ထဲမှာ ခင်ဗျားတို့ တော်တော် တရားလွန်နေပြီနော်"

"ဘာ"

"ဘယ့်နှယ်ဗျာ . . . သူ့ခမျာ လက်ကို စက်တပ်ထားသလား မေးရလောက်အောင် အလုပ်လက်နဲ့မပြတ် လုပ်ပေးနေတာကို ဒီ လောက်အထိ နှိပ်စက်ရသလားဗျ။ ခင်ဗျားတို့အကျီကြ အစားပြန်ဝယ် လို့ရတယ်။ ပြီးတော့ သက်မဲ့ပစ္စည်း။ စံပယ်က သက်ရှိလူသား ကိုယ်ချင်းစာတရားလေးတော့ ထားမှပေါ့"

ခန့်ညားက ပျော်တတ်ပေမယ့် အဲဒီလို မဟုတ်မခံပါ။

"ခန့်ညား . . . အဲလေ သန့်ရှင်း"





သန့်ရှင်းက မပြောဖို့ သတိပေးတာဖြစ်၏။ ဒေါ်ဝင်းသဇင် တို့သားအမိမှာ ခန့်ညားကို စူးစူးရဲရဲကြည့်ပြီး -

"ဒီကိစ္စ နင်နဲ့ ဘာဆိုင်လို့လဲ သန့်ရှင်း။ ညှော်သည်က ညှော်သည်လိုနေတာ ကောင်းလိမ့်မယ်ထင်တယ်"

"တော်ပါတော့ ကိုသန့်ရှင်းရယ် . . . မပြောပါနဲ့တော့နော်။ စံပယ် တောင်းပန်ပါတယ်"

"ပြောရဲ ထပ်ပြောကြည့်လေ။ ငါ ဘယ်သူ့မျက်နှာမှ ထောက်နေမှာမဟုတ်ဘူး"

"သမီးကြီး"

ဒေါ်ဝင်းသဇင်ကတော့ သူတို့ ခန့်ညားလို့ထင်ထားတဲ့ သန့်ရှင်းရှေ့မှာ အော်ကြီးဟစ်ကျယ်တွေ မပြောစေချင်ဘူး ထင်ပါရဲ့။ ကျွယ်ရာမှာ ဘာပဲဖြစ်ဖြစ် သူ့ရှေ့မှာဆိုတော့ မကောင်းဘူးပေါ့။ ဒါကြောင့်ပဲ ထိန်းလိုက်တာပါ။

"ဘာဖြစ်နေကြတာလဲ"

နောက်ထပ်ရောက်လာသူက သခင်ပါ။

"ဘာဖြစ်ရမှာလဲ မိစံပယ်ပေါ့။ ငါ့ကို သူများလက်ဆောင် ပေးထားတဲ့ အကျီကို မီးပူတိုက်ခိုင်းတာ အခု မီးကျွမ်းသွားပြီလေ။ ဒါကြောင့် နောက်မဖြစ်အောင် ဆုံးမနေတာကို မဆိုင်တဲ့လူက



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပါနေလို့ ဒေါသပိုထွက်နေတာ”

“မဆိုင်တာဆိုင်တာထက် ကိုယ့်ရှေ့မှာ မတရားတာကြီး မြင်နေရတာလေဗျာ”

“ဟဲ့ . . . သွားခေါ်”

“မမ”

သခင် မမကို မပြောစေခြင်းငှာ လက်ကိုကိုင်လှုပ်၍ တား လိုက်သည်။ သူမလည်း အရင်က စံပယ်အပေါ် အနိုင်ကျင့်ခဲ့ပေမယ့် အခု ကိုခန့်ညားရှေ့မှာတော့ စိတ်ခံစားချင်တယ်လို့ အမြင် မခံချင်ဘူးလေ။

“ဒီမှာ မသဇင်”

“ဘာလဲ”

“လူတွေရဲ့အဆင့်အတန်းဆိုတာကို ငွေကြေးဥစ္စာတွေနဲ့ ခွဲခြားသတ်မှတ်လို့ မရဘူးဗျ။ ကိုယ့်နှုတ်ကထွက်လာတဲ့စကားနဲ့ ကိုယ့် ရဲ့အပြုအမူက ကိုယ့်ရဲ့အဆင့်အတန်းပဲဆိုတာ ခင်ဗျားမှတ်ထား”

“ဘာပြောတယ်”

“ဟာ . . . တော်ပါတော့ သန့်ရှင်းရာ မင်းကလည်း”

သူများအိမ်မှာဆိုပြီး ခန့်ညား ဂရုမစိုက်ပါဘူး။ မှန်တာ ပြောတာပဲလေ။ ပြီးတော့ ပြောနိုင်တဲ့အခွင့်အရေးရှိလို့ ပြောတာ





ဒီအိမ်သားတွေရဲ့စိတ်ခံစားချက်ကို ခုလို သိခွင့်ရတာ သူ ကံကောင်းတာ ပါပဲ။ မဟုတ်ရင် . . . မိဘတွေ သဘောတူတိုင်း ဘုမသိ ဘမသိနဲ့ ဆက်ထပ်လိုက်လို့ ဒီမိသားစုဝင်ဖြစ်မှ သိခွင့်ရရင် ပြင်ဆင်ခွင့်မရှိ ကိုယ့်ဘဝက သွားပြီ။

“ဟုတ်ပါတယ် ကိုသန့်ရှင်းရယ် . . . တော်ပါတော့။ ကြား ထဲက သခင် တောင်းပန်ပါတယ်။ စံပယ် နင်လည်းသွားတော့၊ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်”

“လာ စံပယ်”

ခန့်ညား စံပယ်လက်ကို ဆွဲခေါ်ပြီး သူတို့ရှေ့ကနေ ထွက် သွားလေသည်။ သူ ဒီကောင်မလေးကို သနားနေတာလေ။ ဒီလူတွေနဲ့ ဝေးတဲ့ အခြားကမ္ဘာတစ်ခု ဖန်ဆင်းပေးလို့ရရင် အကောင်းသား။ ဘာလုပ်ပေးရင်ကောင်းမလဲ။

“တောက် . . . မဆိုင်တဲ့လူက လူပါးဝလို့။ သူ့ကို ဒီအတိုင်း ဒီအိမ်မှာ ဆက်ထားနေဦးမှာလား မေမေ။ သူများမိသားစုကြားမှာ ဆက်ထပ် ဒီလိုဝင်ပြီး လူစွာလုပ်နေဦးမယ်ဆိုရင် သမီး သည်းမခံ နိုင်ဘူးနော်”

ဟန်ကိုယ့်ဖို့တဲ့။ တကယ်တော့ . . . သဇင်က သန့်ရှင်းနဲ့ သူမနဲ့ ငြိသွားတဲ့အထိ ဒီအိမ်မှာ ဆက်ရှိနေစေချင်သေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



စံပယ် ကိုယ့်ထက်သာမှာ မနာလိုတဲ့စိတ်က စံပယ်ကို ဒီလို သွားခေါ်နဲ့ ပဲ ညားစေချင်တာလေ။

"ကျွန်တော် တောင်းပန်ပါတယ် မသဇင်၊ သန့်ရှင်းက စံပယ့်ကို သနားနေလို့ ခုလို ပြောမိဆိုမိတာပါ"

"ဟဲ့ ... သနားတာနဲ့ ခုလို အိမ်ရှင်ကိုပြန်ပြောစရာလား။ သူများအိမ်မှာလည်း နေသေးရဲ့ ကျွေးတဲ့လက်ကို ပြန်ကိုက်တယ် ဆိုတာ ... ဒါမျိုးပဲ"

"ခက်တော့တာပဲ သဇင်ရယ် ... တော်ပါတော့လို့ ဝ ပြောနေတယ်နော်။ မောင်ခန့်ညားကို အားနာစရာတော့ ဖြစ်ကုန်ပါ ပြီ"

"ရပါတယ် အန်တီ။ ကျွန်တော့်သူငယ်ချင်းက မှားတာ တော့ ပြောလည်း ခံရတော့မှာပါ"

"ကိုခန့်ကလည်း မဟုတ်တာ"

သခင်က ပျာပျာသလဲနှင့် ဝင်ပြောလေသည်။ သူမက ကို ခန့်ညားကို ချစ်နေမိသူဆိုတော့ သူ စိတ်ခုသွားမှာကို မလိုချင်ဘူး လေ။ မမကတော့ မရတဲ့အမဲ သဲနဲ့ပက်ချင်ပက်မှာပေါ့။ ညီအစ်မချင်း တောင် နာလိုတာမှ မဟုတ်တာ။

"တကယ်လို့ အန်တီတို့အတွက် သန့်ရှင်းကြောင့် စိတ်





အနှောင့်အယှက် ဖြစ်နေမယ်ဆိုရင်လည်း ကျွန်တော်တို့ မန္တလေးကို ပြန်ပါ့မယ်"

"မဟုတ်ဘူး မောင်ခန့်ညား။ စိတ်အနှောင့်အယှက် မဖြစ် ပါဘူးကွယ်။ မောင်ခန့်ညားက နည်းနည်းပါးပါးတော့ သန့်ရှင်းကို ထိန်းထားပေး ရပါတယ်"

"ဟုတ်ကဲ့"

သခင်ကတော့ မမကြောင့် မျက်နှာပျက်စရာတွေ ဖြစ်ကုန် တာစိုးတာနှင့် မျက်နှာငယ်လေးနှင့်ပါ။ ကိုခန့်ကို ကြည့်လိုက်တော့ သူလည်း မျက်နှာမကောင်းပေ။

"ကိုခန့်"

"ဟင်"

"ကိုခန့် စိတ်မဆိုးပါနဲ့နော်။ ကိုသန့်ရှင်းကို မမကိုယ်စား သခင် တောင်းပန်ပေးပါ့မယ်"

"အို ... ဘာမှတောင်းပန်စရာမလိုဘူး သခင်။ ငါ သူ့ကို ဘာမှပြောခဲ့တာမဟုတ်ဘူး။ ငါက စံပယ်ကို ဆုံးမနေတာကို သူက ဝင်ဆိုင် ဝင်ပါနေတာ"

"သဇင် တော့်တော့လို့ ငါပြောနေတယ်နော်။ သမီးငယ် မောင်ခန့်ညားကို ခေါ်သွားလိုက်ပါ။ သူ နားပါစေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ"

သခင် ခန့်ညားလက်ကိုဆွဲပြီး ခေါင်းညိတ်ပြကာ ခေါ်သွား လေတော့သည်။

"မေမေကလေ တကယ်ပဲသိလား။ မပြောလိုက်ချင်ဘူး မတော်ရသေးတဲ့သမက်လောင်းကို အခုကတည်းက ကြောက်နေတာ လား။ သဇင်ကတော့ မရဘူးနော်၊ ဒါပဲ"

"ဟဲ့ ... သဇင်"

"____"

"ငါက အခုကတည်းက ကြောက်နေတာ မဟုတ်ဘူး သမက်မတော်ရသေးလို့ အလျှော့ပေးဆက်ဆံနေတာ။ သူက တစ်ဦးတည်းသောသား။ ငါတို့ထက် အများကြီးချမ်းသာတယ် မေမေတို့က ဒီစည်းစိမ်ကို ကိုယ့်အစွမ်းအစနဲ့ ရတာမဟုတ်ဘူးလေ ဘယ်လိုယူထားရတယ်ဆိုတာ သမီးမသိတာ မဟုတ်ဘူးနော်"

သိပ်သိတာပေါ့။ အခု သူမတို့စံစားနေတဲ့ စည်းစိမ်တွေက စံပယ်ရဲ့ပိုင်ဆိုင်မှုတွေဆိုတာ စံပယ်ကတော့ မသိရှာပေ။ ကိုယ်ညံ့ ကိုယ်ခံရတာ ခံလိုက်ပေါ့ မိစံပယ်။

✵



## အခန်း (၁၁)

"အဟင့်"

"____"

"အဟင့်"

မီးဖိုချောင်အခန်းထောင့်လေးမှာ ငုတ်တုတ်ထိုင်ပြီး ဝမ်းနည်း[illegible] ငိုကြွေးနေတဲ့ စံပယ်ကို ကြည့်ပြီး ဒေါ်မွေး စိတ်မကောင်းပေ။ [illegible]ကောင်းလို့ရော အားပေးနှစ်သိမ့်ရုံကလွဲပြီး ကိုယ့်မှာ ဘာကူညီခွင့် [illegible]လဲ။ ဒီတစ်ခါ သူမ စံပယ်အနားသွားပြီး နှစ်သိမ့်မပေးတာက [illegible]မှာ သနပ်ရှင်းရှိနေလို့ပါ။

အင်း ...



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းက စံပယ်ကို သူ့လို တကယ်သွားခေါ်ပြီး ရုပ်ချော တယ်ထင်လို့ ဘဝတူဆိုပြီး ကြင်နာသနားနေတယ် ထင်ပါရဲ့။ တကယ် တော့ စံပယ်က ဘဝသာဆိုးတာ ရုပ်ကဆိုးမှမဆိုးပဲလေ။

"စံပယ်"

"_____"

"နင်ကလည်း မငိုပါနဲ့တော့ဆိုဟာ။ နင်က အဲလိုငိုတော့ ငါက ဘယ်လိုနေရမှာလဲ။ ဒေါ်မွေး စံပယ်ကိုကြည့်ပြောပေးပါဦးဗျ"

"မပြောတော့ဘူး မောင်သန့်ရှင်း။ သူ့ရင်ထဲမှာ ပေါ့သွားတဲ့ အထိ ငိုပါစေတော့ကွယ်"

"ဟာဗျာ"

အသံတုန်တုန်နှင့် ပြောပြီး ဒေါ်မွေးလည်း မျက်ရည်တွေ ကျလာလေတော့သည်။ ခန့်ညားလည်း စံပယ်ကိုကြည့်ပြီး ရင်ထဲမှာ သနားပြီးရင်း သနားပါပဲ။ ဖြစ်နိုင်လျှင် စံပယ်ကို ဒီအိမ်ကြီးထဲကနေ ခေါ်ထုတ်သွားချင်သည်။ အဲဒီလို စိတ်ထဲမှာဖြစ်မိတာ ရိုးရိုးသံယောဇဉ် ကြောင့်လား အချစ်လား။ စံပယ် ဖြတ်သန်းနေရတဲ့ဘဝကို သနားစရာ စကားတွေပြောဖြစ်ရင်း သူမနဲ့ အလုပ်တွေကူလုပ်ရင်း စကြ နောက်ကြ နှင့် ရင်းနှီးမှုတွေရှိလာကာ သံယောဇဉ်ရှိမိတာတော့ အမှန်ပါ။

အချစ်ဆိုတာရော ဖြစ်နိုင်လား။





ခန့်ညား စံပယ်နှင့်ပတ်သက်ပြီး အမြဲတမ်း စံပယ်ရှေ့ကနေ ဆီးတည်ပေးချင်သည်။ ကိုယ့်ရဲ့ကြင်နာယုယမှုတွေနဲ့ စံပယ်ကို အငို တိတ်စေချင်သည်လေ။

တကယ်လို့ အချစ်ဆိုရင် အချစ်က ရုပ်ချောခြင်း မချော ခြင်း။ ချမ်းသာခြင်း မချမ်းသာခြင်း။ ပညာတတ်ခြင်း မတတ်ခြင်းတွေ နဲ့ မဆိုင်ဘူးပေါ့။

သူမနဲ့ ပတ်သက်ပြီး –

ဘာမဆို ရင်ဆိုင်ရဲတယ်ဆိုရင် ဒါ အချစ်ဖြစ်မှာ သေချာပါ တယ်။

"မောင်သန့်ရှင်း"

"ဗျာ"

"မောင်သန့်ရှင်းက စံပယ်ကို တော်တော်ဂရုစိုက်ပေးတယ် နော်။ ဒေါ်မွေး ကျေးဇူးတင်ပါတယ်ကွယ်"

"ကျေးဇူးတင်စရာမလိုပါဘူး ဒေါ်မွေးရယ်။ ကျွန်တော် စံပယ်ဘဝကို သနားတယ်။ ပြီးတော့ . . . စံပယ်ကို သံယောဇဉ်ရှိ တယ်"

စံပယ် သူ့မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လေသည်။ မျက် နှာမှာ မျက်ရည်တွေကတော့ စိုနေဆဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသန့်ရှင်း"

"______"

"ကိုသန့်ရှင်း ... တကယ်ပြောတာလားဟင်။ စံပယ်
သံယောဇဉ် ရှိတယ်ဆိုတာ တကယ်ပဲလား"

ခန့်ညား ခေါင်းညိတ်ပြီး စံပယ် ခေါင်းလေးကို သူ့လက်
နှင့် အုပ်ကိုင်လိုက်ကာ –

"တကယ်ပေါ့ စံပယ်ရယ်၊ ဘာလဲ ... စံပယ်က မယုံ
လား"

"စံပယ်က သွားခေါ်ပြီး ရုပ်ဆိုးတော့လေ"

"ငါလည်း သွားခေါ်တာပဲလေ။ သံယောဇဉ်ဆိုတာ ရုပ်
မဟုတ်ဘူး၊ ဘာနဲ့မှကို မဆိုင်တာ။ သူတွယ်ချင်လို့တွယ်သွား
ရှေးဘဝက ရေစက်ကြောင့်ပဲပေါ့ စံပယ်ရဲ့"

စံပယ် နှုတ်ခမ်းလေးကပြုံးပြီး မျက်ရည်တွေကို သုတ်လိုက်
လေသည်။

"ဝမ်းသာလိုက်တာ ကိုသန့်ရှင်းရယ်။ စံပယ်ကလေ မေ
ရေစက်နေတဲ့ ရေတော်ပန်းတစ်ပွင့်ပါ။ စံပယ်ကို ကြင်နာယုယ
သူ မရှိဘူး။ စံပယ့်အပေါ် မေတ္တာထားမယ့်သူမရှိဘူး ကိုသန့်
ရဲ့"





"အခု ... ငါ ရှိနေပြီလေ။ ဘာပဲဖြစ်ဖြစ် ငါ့ကို တိုင်ပင်။
ငါ့ကို ရင်ဖွင့်။ ငါ တတ်နိုင်သလောက် ကူညီမယ်၊ ဟုတ်ပြီလား"

စံပယ် ခေါင်းညိတ်လိုက်တော့ ဒေါ်မွှေးမှာလည်း အားမရ
ဝမ်းသာ ဖြစ်ရသည်သာ။ ဒီအပြုံးလေးတွေ မင်းရဲ့နှုတ်ခမ်းလေးပေါ်
မှာ ထာဝရတည်တံ့စေချင်လိုက်တာ ကလေးရယ်။

✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ခန့်ညားနဲ့ သန့်ရှင်းခြံထဲမှာ ဆင်းထိုင်ရင်း စကားပြော[illegible] ကြသည်။ သန့်ရှင်းက သခင့်အကြောင်းပြောပြပြီး ခန့်ညားကတော့ စံပယ်အကြောင်း ပြောနေမိသည်သာ။

“သန့်ရှင်း”

“______”

“မင်း သခင့်ကို တကယ်ချစ်မိသွားတာလား”

“ဟုတ်တယ်၊ ငါ သူ့ကို တကယ်ချစ်မိသွားတာကွ။ [illegible] ရောက်စကတော့ သူတို့မိသားစုရဲ့စရိုက်တွေကို မကြိုက်တာအမှန်[illegible] ဒါပေမဲ့ အခုနောက်ပိုင်းမှာ သခင်က တော်တော်ပြောင်းလဲသွား[illegible]





“ဆိုပါဦး”

“တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးလို့ပဲ ပြောရမလား [illegible]သိဘူး။ သခင်စိတ်တွေ နူးညံ့လာသလိုပဲ။ အရင်က စံပယ်အပေါ် အော်လိုက်ငေါက်လိုက်နေတဲ့သူက အခုဆိုရင် ငါ့ရှေ့မှာ စံပယ်ကို ဆက်ဆံတာ ပြေရာပြေကြောင်းတွေ ရှိလာတယ်လေ”

ခန့်ညား ခေါင်းညိတ်လိုက်မိ၏။ အဲဒါကတော့ အမှန်ပါပဲ။ အရင်က စံပယ်အပေါ် အနိုင်ကျင့်တာမျိုးတွေ ရှိခဲ့ပြီး အခုနောက်ပိုင်း [illegible] သခင်က စံပယ့်အပေါ် ဆက်ဆံတာနူးညံ့လာ သလိုလိုပါ။ အချစ်[illegible] လူတစ်ယောက်ရဲ့စိတ်ကို ပြောင်းလဲစေသတဲ့လား။ ဒါမှမဟုတ် [illegible]န်ဆောင်ပြောင်းလဲနေတာလား။

“ချစ်တဲ့စိတ်ကြောင့် လူတစ်ယောက်ရဲ့စိတ်က ပြောင်းလဲ[illegible]နိုင်တယ်ဆိုတာကို ငါ ယုံကြည်တယ်။ ငါ သူ့စိတ်ကို ရအောင် [illegible]မယ် ခန့်ညား”

“တယ်ဟုတ်ပါလား၊ အာမခံရဲလှချေလား”

“အာမခံရဲဆို နှလုံးသားချင်းက နားလည်နေကြပြီလေ။ [illegible]ဝန်းထဲက အရိပ်တွေကို ငါသိနေတယ်”

“ဘာသိတာလဲ”

“သူ ငါ့ကိုချစ်နေတယ်ဆိုတာကိုပေါ့”



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းကတော့ ဝန်ခံနေပါပြီ။ ကိုယ်ကတော့ ဘယ်လို ပြောရမလဲ။ စံပယ်အပေါ်မှာ သနားပြီး သံယောဇဉ်ရှိရုံသက်သက် လား၊ ဒါမှမဟုတ် သံယောဇဉ်ကို အခြေခံပြီး ချစ်မိနေတာလား ချစ်တယ်လို့ ပြောပြရင်ရော သန့်ရှင်းက ယုံမှာတဲ့လား။ ကိုယ့် အကြောင်းက ထားပါတော့လေ။

"ငါ သူ့ကို ဖွင့်ပြောလိုက်တော့မယ် ခန့်ညား"

"______"

"ပြီးရင် . . . ဖြစ်လာသမျှ ရဲရဲရင်ဆိုင်မယ်"

သူ တကယ်ချစ်နေပါပြီဆိုတာကို မချစ်နဲ့လို့ ခန့်ညား တားပိုင်ခွင့်မရှိဘူးလေ။ ဒီကိုမလာခင် အစကတည်းက ဖြစ်နိုင် ရှိတာတွေကို ထည့်တွက်ပြီး ဖြစ်လာခဲ့ရင်ဆိုတဲ့အတွေး ရှိခဲ့ကြပြီးသား ဥစ္စာ။

"မင်းသဘောပါ။ ဖွင့်ပြောမယ်ဆိုတော့လည်း ပြော"

"ဒါနဲ့ မင်းကို ငါလည်း မေးရဦးမယ်"

"ဘာလဲ"

"မင်း စံပယ်အပေါ်မှာ သနားတာ၊ စေတနာထားတာ၊ ချင်တာတွေက လိုသည်ထက်ပိုနေတယ်လို့ ငါထင်တယ်။ အဲ ဘာလဲ"





မေးတဲ့သူက မေးနေပြီ။ ခန့်ညား ဘယ်လိုဖြေရမလဲ။

"မင်းက ဘယ်လိုထင်လို့လဲ"

"မသိဘူးလေ၊ သိချင်လို့ မေးနေတာကို"

"ငါလည်း စံပယ်ကို ချစ်မိနေပြီဆိုရင် မင်း ဘာပြောမလဲ သန့်ရှင်း"

"ဘာ"

သန့်ရှင်း မယုံနိုင်သလို ခန့်ညားကို ကြည့်ပြီး ခေါင်းခါလေ ည်။ မအံ့ဩဘဲ နေနိုင်ပါ့မလား။ စံပယ်က ခန့်ညားနဲ့လိုက်ဖက်ညီ မယ့် မိန်းကလေးမှမဟုတ်တာ။ ဒီလောက် သွားခေါ်နေတဲ့မိန်းကလေး ကိုမှ ချစ်မိနေတယ်ဆိုရင် ခန့်ညားစိတ်ဟာ ပုံမှန်မဟုတ်တော့ပေ။ ရော အဆင့်အတန်းရော –

ဘယ်လိုမှကို ဟပ်စပ်လို့မရဘူးလေ။

အချစ်မှာ မျက်စိမရှိဘူးဆိုပေမယ့် မျက်စိရှိတဲ့လူတွေက အလှအပကို နည်းနည်းလေးဖြစ်ဖြစ် ခံစားချင်ကြတာ မဟုတ်လား။

"မဖြစ်နိုင်တာကို မပြောစမ်းပါနဲ့ ခန့်ညားရာ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"ငါ့ကို မမေးနဲ့၊ မင်းဘာသာမင်း စဉ်းစားကြည့်လေကွာ"

ခန့်ညား ပြုံးလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"စံပယ် သွားခေါ်တာကို မင်း ပြောချင်တာမဟုတ်လား ဘာဖြစ်လဲကွာ သူလည်း လူပဲဥစ္စာ။ ဘဝအကျိုးပေးမကောင်းလို့ သွားခေါ်တာ ဘာဖြစ်တာမှတ်လို့။ အဓိက,က စိတ်ထားဖြူစင်လှပဖို့ လိုတာ။ စိတ်လှရင် လူလည်း လှတယ်တဲ့။ ငါ့မျက်စိထဲမှာတော့ စံပယ်က အရမ်းလှတယ်"

"ဘုရား ဘုရား"

"ဘာဖြစ်တာလဲ"

"မင်း ရူးများသွားပြီလား ခန့်ညားရာ"

ဒီလိုပြောမယ်ဆိုတာ ခန့်ညားထင်မိသားပဲ။ ဖူးစာဖက်ဆိုတာ ရုပ်ချောသည်ဖြစ်စေ၊ ရုပ်မချောသည်ဖြစ်စေ ဘုန်းကံချင်းညီမျှ ရေစက်ဆုံကြသည်လို့ပဲ ခန့်ညားကတော့ ထင်ပါသည်။

"ရူးတယ်ထင်ရင်လည်း ရူးတယ်လို့ မင်းသတ်မှတ်လို ပါ။ စံပယ်ကို ငါ ဒီဘဝထဲကနေ ဆွဲထုတ်ချင်တယ်"

"မဖြစ်ဘူးနော် ခန့်ညား"

"မဖြစ်ဘူးဆိုတာ မလုပ်ခင် ကြိုတွေးကြောက်ပြီး ပြော တဲ့ စကားပါ။ လုပ်ပြီးရင်တော့ ဖြစ်သွားတာပါပဲ"

"မင်းမိဘတွေက လက်ခံမှာမဟုတ်ဘူးလေကွာ။ ရုပ်ဆို ချမ်းသာ၊ မချမ်းသာရင် ရုပ်ချော။ အဲဒီအထဲက တစ်ခုမှ ထေယ





ချိုတာကို လက်ခံနိုင်မလားကွ"

"အဲဒါ လူတွေရဲ့သတ်မှတ်ချက်ပါ။ တကယ်တော့ အချစ်ဆိုတာ ဘာနဲ့မှ မသက်ဆိုင်ဘူး။ ဘာကြောင့်ချစ်တယ်လို့ အကြောင်းပြချက်တစ်ခု ပေးနိုင်ပြီဆိုရင် အဲဒါ အချစ်စစ် ဖြစ်ချင်မှဖြစ်မယ်။ အကြောင်းပြချက်မရှိ ချစ်ချင်လို့ ချစ်မိသွားတာကမှ အချစ်စစ်ကွ"

"ကျွတ်"

သန့်ရှင်း စိတ်ပျက်စွာနှင့် ခေါင်းခါလိုက်မိသည်။ ကိုယ်က အဲဒီလို ဖြစ်စေချင်တာ မဟုတ်ဘူးလေ။ ကိုယ့်ဘက်ကကြည့်ရင် ယ်လိုမိန်းကလေးနဲ့ကျတော့ ကိုယ့်သူငယ်ချင်းကို နှမြောတာပေါ့။

"မင်း သခင့်ကို ဘာကြောင့်ချစ်ခဲ့တာလဲ"

"ဟင်"

"ချမ်းသာလို့လား၊ ရုပ်ချောလို့လား။ ချမ်းသာတာကြောင့် ဆိုရင်တော့ ပစ္စည်းဥစ္စာဆိုတာ သင်္ခါရပဲကွ။ ရုပ်ချောတာကြောင့် ဆိုရင်လည်း ဒီလိုပဲ သန့်ရှင်း"

"အဲဒါတွေကြောင့် မဟုတ်ပါဘူး"

"ဒါဆို အဖြေက ရှင်းရှင်းလေးပဲလေ။ ချစ်ချင်လို့ချစ်တာ အပြစ်အနာအဆာပဲရှိရှိ ကိုယ့်ဘက်က နားလည်ပေးနိုင်တယ်ဆို ရင် အဲဒါမှ အချစ်စစ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းမှာ ချေပဖို့စကား မရှိတော့ပါဘူး။ သူပြောတာက လည်း ဟုတ်နေတာပဲလေ။ ချစ်ချင်လို့ ချစ်တာ အကြောင်းပြချက် မရှိ နှလုံးသား၏အလိုတော်အတိုင်းသာ။

"ရှပ် ရှပ် ရှပ်"

"ဟင်"

"_____"

ခြေသံတစ်သံ။ ဒီခြေသံက သူတို့ဆီကို ဦးတည်ပြီးလာနေ တာလေ။ ဘယ်သူများပါလိမ့်လို့ နားစွင့်နေရင်း ခြေသံ သူတို့နှင့် နီးကပ်လာတော့ –

"မောင်သန့်ရှင်း"

"ဒေါ်မွှေး"

"မောင်သန့်ရှင်း ဒီမှာရှိနေမယ်ထင်လို့ ဒေါ်မွှေး လာခဲ့တာ"

"ဘာပြောစရာရှိလို့လဲ ဒေါ်မွှေး"

"ရှိတယ် မောင်သန့်ရှင်း။ ဒေါ်မွှေး မင်းနဲ့ နှစ်ယောက် တည်း အေးအေးဆေးဆေး စကားပြောချင်တယ်"

နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောချင်တယ် တဲ့။ ဒါ ... တကယ့်သန့်ရှင်းအစစ်ကို ယဉ်ကျေးစွာနှင့် နှင်လိုက်ခြင်း ပါ။ ဒါကြောင့် သန့်ရှင်း အလိုက်သိစွာပဲ။





"သန့်ရှင်း"

"_____"

"ငါ အရမ်းအိပ်ချင်နေပြီ။ မင်းနေခဲ့လေ၊ ငါသွားတော့ မယ်"

"အင်း ... မင်းသွားလေ"

သန့်ရှင်း ခေါင်းညိတ်ပြီး ထွက်လာခဲ့တော့သည်။ သူတို့နှစ် ယောက်ကြားမှာ ဘာစကားတွေများ ပြောစရာရှိသလဲ။ အေးလေ ... ဒေါ်မွှေးနဲ့ကိုယ်သာ ရင်းရင်းနှီးနှီးမရှိပေမယ့် ခန့်ညားနဲ့က ရင်းနှီး နေကြတာကိုး။

"ထိုင်လေ ဒေါ်မွှေး"

ဒေါ်မွှေးက သူ့ဘေးမှာ ဝင်ထိုင်လိုက်ပြီး –

"ဒေါ်မွှေး စံပယ့်အကြောင်း ပြောပြချင်လို့ပါ"

စံပယ့်အကြောင်းဆိုတော့ ခန့်ညား စိတ်မဝင်စားဘဲ နေပါ့ မလား။ ဒါကြောင့် ဒေါ်မွှေးဘက်သို့ ခပ်စောင်းစောင်းလေး လှည့်ထိုင် လိုက်သည်။

"ပြောပြတယ်ဆိုတာလည်း မောင်သန့်ရှင်းက စံပယ့်အပေါ် သံယောဇဉ်ရှိနေတဲ့သူမို့လို့ပါ။ အဲဒီအတွက် ဒေါ်မွှေး အရမ်းလည်း ဝမ်းသာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ ပြောပါ ဒေါ်မွေး”

“ဒေါ်မွေးကလေ စံပယ့်အပေါ်မှာ နားလည်မေတ္တာထား ပေးနိုင်မယ့်သူ ဒီအိမ်မှာ ဒေါ်မွေးကလွဲပြီး အခြားတစ်ယောက် မရှိနိုင် တော့ဘူးလို့ ထင်ထားခဲ့တာ။ အခု မောင်သန့်ရှင်းရှိလာတော့ အား တက်သွားတာ အမှန်ပါပဲ”

တကယ်ပါ။ သူမအမြင်မှာတော့ သန့်ရှင်းက စံပယ်ဘဝ အတွက် အလင်းရောင်ပါပဲ။ စံပယ်ဘဝကို ကယ်တင်နိုင်မယ့်သူလို့ လည်း ယုံကြည်သည်။

“မောင်သန့်ရှင်း”

“ဗျာ”

“တကယ်တော့ အခု စံပယ်ရပ်တည်နေရတဲ့ဘဝက စံပယ် ရဲ့ဘဝမှန်မဟုတ်ဘူးကွဲ့”

အားလုံးကို ခြုံငုံပြီး ပြောလိုက်တာပေမယ့် သန့်ရှင်း တွေး လိုက်တဲ့အထဲမှာ စံပယ်ရဲ့ရုပ်ရည်ရူပကာဆိုတာ လုံးဝမပါပေ။

✵



## အခန်း (၁၃)

ခန့်ညား တစ်ညလုံး အိပ်လို့မပျော်ပေ။ ဒေါ်မွေးရဲ့စကား တွေ ပြန်ကြားယောင်ပြီး စံပယ်အကြောင်းကိုပဲ တွေးနေမိတာလေ။ တကယ်တော့ စံပယ်ဘဝအမှန်က ဒီလိုနေရဖို့ မဟုတ်ဘူးတဲ့။

“ဒေါ်မွေး . . . အခုပြောပြမယ့်စကားတွေကို မောင်သန့်ရှင်း ဘယ်သူ့ကိုမှ ပြန်ပြောမပြပါဘူးလို့ ကတိပေးနိုင်မလား”

“ဗျာ”

“မောင်သန့်ရှင်းကို ဒေါ်မွေး ယုံကြည်လို့ ပြောပြမှာပါ”

“ဟုတ်ကဲ့ . . . ကျွန်တော် ကတိပေးပါတယ် ဒေါ်မွေး။ စံပယ်အတွက် အကျိုးမရှိတဲ့ကိစ္စဆို ကျွန်တော် ဘာမှမပြောပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းကို နတ်ကောင်းမတယ်တဲ့။ စံပယ်က သူတော်ကောင်းမလေးမို့ သန့်ရှင်းလို သနားကူညီချင်တဲ့ လူတစ်ယောက်ကို နတ်သိကြားတွေက ဖန်ဆင်းပေးလေရော့သလား

ဒေါ်မွေး ပြုံးလိုက်ကာ –

"ကျေးဇူးတင်တယ် မောင်သန့်ရှင်း"

"ရပါတယ်"

ဒေါ်မွေး ပြုံးနေရာကနေ သက်ပြင်းချလိုက်ပြီး –

"ဒေါ်မွေးက အစကတည်းက အဝင်းတို့အိမ်က အိမ်ဖော်တစ်ယောက်ပါ။ အဝင်းတို့က စီးပွားရေး သိပ်အဆင်မပြေပေမယ့် မီးဖိုချောင်ကိစ္စ မလုပ်ချင်ဘူးဆိုပြီး ဒေါ်မွေးကို ငှားတာလေ။ ဒီတော့ ဒီမိသားစုတွေရဲ့အကြောင်းကို တော်တော်များများလေး သိထားတာပေါ့"

"ဪ"

ခန့်ညား စိတ်မဝင်စားဘဲ နေပါ့မလား။ စံပယ်နဲ့ပတ်သက်ပြီး ဒီအိမ်အကြောင်းကို သူသိထားသင့်တာပေါ့။

ဒါမှ . . . ရှေ့ဆက် ဘာလုပ်ရမယ်ဆိုတာ စဉ်းစားလို့ရမှာလေ။

"စံပယ့်မိဘတွေက အရမ်းချမ်းသာတယ် မောင်သန့်ရှင်းရဲ့





နောက်တော့ စံပယ်ဖေဖေက နောက်အိမ်ထောင်ပြုပြီး နိုင်ငံခြားကို ထွက်သွားခဲ့တယ်။ သူယူတဲ့မိန်းကလေးက သူ့ရဲ့ငယ်ချစ်ဦးဆိုလား ပဲ"

"ဒါဆို စံပယ့်မေမေကရော ဒေါ်မွေး"

"စံပယ် ငါးနှစ်သမီးလောက်ကတည်းက ဆုံးသွားတာတဲ့။ စံပယ်က မိတဆိုးလေးပေါ့ကွယ်"

ခန့်ညား တော်တော့်ကို စိတ်မကောင်းဖြစ်သွားရသည်။ ဒါကြောင့် ဪသံက အသံထွက်ရုံမျှသာ။ ငယ်ငယ်ကတည်းက စံပယ်က ဘဝကို မိခင်မေတ္တာမဲ့စွာနဲ့ အထီးကျန်စွာ ဖြတ်သန်းခဲ့ရတာကိုး။

"အခု အဝင်းတို့ပိုင်တယ်ဆိုတဲ့ ဒီအိမ် ဒီခြံ၊ ပြီးတော့ မောင်ဆက်လုပ်နေတဲ့ကုမ္ပဏီ၊ အဲဒါတွေက စံပယ်ပိုင်တဲ့ပစ္စည်းတွေပဲပေါ့။ ဒါပေမဲ့ သူတို့က စံပယ်ကို သူတို့ဝယ်ထားတာ၊ သူတို့ပိုင်လို့ပဲ ပြောပြီး အခုလိုဘဝမျိုးနဲ့ ထားခဲ့တာ။ ပုံစံကတော့ စံပယ်ကတောင် သူတို့ကို ကျွေးမွေးစောင့်ရှောက်ထားတဲ့ ကျေးဇူးရှင်အဖြစ်နဲ့ အမြဲတမ်း ကျေးဇူးတင်နေရမှာမျိုးလေ"

"အဲဒီအကြောင်းတွေကို စံပယ်က မသိဘူးလား ဒေါ်မွေး"

"မသိအောင် ဖုံးထားကြတာလေကွယ်။ ဒေါ်မွေးလည်း



www.burmeseclassic.com

www.burmeseclassic.com



မပြောပြရဲဘူး”

“ဟင် ... ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ မောင်သန့်ရှင်းရယ်။ ဒေါ်မွှေးကို ဒီ အကြောင်း သူများကိုဖြစ်ဖြစ်၊ စံပယ်ကိုဖြစ်ဖြစ် ပြောပြလို့ကတော့ သတ်ပစ်မယ်တဲ့။ အလုပ်ထွက်မယ်ဆိုတော့လည်း ဒီအကြောင်းတွေ ပေါက်ကြားမှာစိုးလို့ အလုပ်ထွက်မခံဘူးလေ။ လစာပဲ တိုးပေးနေ တာ”

ဩော် ... လက်စသတ်တော့ ဒီလိုကိုး။ ဒေါ်မွှေး ခြွင်းချန် ထားတဲ့ အကြောင်းတွေကိုတော့ ခန့်ညားမသိပေ။ သိရသလောက် နဲ့တင်တောင် စံပယ်ကို သနားလိုက်တာ။ ပြီးတော့ ဆုံးဖြတ်ချက် ပိုင်ခိုင်မာသွားခဲ့ပြီ။ စံပယ်ကို ဒီဘဝထဲကနေ ဆွဲထုတ်ဖို့လေ။ ဒေါ်မွှေး ကလည်း သူ့ကိုကျမှ လျှို့ဝှက်ချက်တွေ ပြောပြနေတာ ယုံကြည်လို့ ပေါ့။ ယုံကြည်မှုကို ခန့်ညား ဘယ်တော့မှ အလွဲသုံးစားမလုပ်ပါဘူး လေ။

“အခု မောင်သန့်ရှင်းကို ယုံကြည်လို့ ဒေါ်မွှေးပြောပြတာ ပါ။ စံပယ်ရဲ့ဖေဖေက သူ မရှိတဲ့အချိန်မှာ သူ့သမီးလေးကို စောင့် ရှောက်ပါဆိုပြီး ဒီပိုင်ဆိုင်မှုတွေကို စံပယ်အတွက် ပေးခဲ့ပြီး သူညီမ ဆီမှာ အပ်ခဲ့တာ။ အခုတော့ကွယ် ...”





“ဒါဆို စံပယ့်ဖေဖေက ထွက်သွားပြီးကတည်းက ဘယ်သူ နဲ့မှ အဆက်အသွယ် မလုပ်တာလား။ ဒီလောက် ဆက်သွယ်ရေး ကောင်းနေတဲ့ အင်တာနက်ခေတ်မှာတောင် သူ့ဘက်က အဆက် အသွယ်မလုပ်ဘူးလား”

“ဘယ်နေပါ့မလဲ မောင်သန့်ရှင်းရယ် ... ဆက်သွယ်တာ ပေါ့”

ခန့်ညား မျက်မှောင်ကြုတ်သွားလေသည်။ ဆက်သွယ်တယ် ဆိုရင် စံပယ်က သူ့အဖေကို မပြောပြဘူးလား။

“ထွက်သွားပြီးစကတော့ အဆက်အသွယ်ပြတ်သလို ဖြစ်နေ တာပေါ့။ နောက်တော့ ဆက်သွယ်တယ်။ ဖုန်းဆက်တိုင်း စံပယ်နဲ့ စကားမပြောဘူး။ သခင်ကို စံပယ်အဖြစ်နဲ့ ပေးပြောခိုင်းတာ။ စံပယ် အတွက်ဆိုပြီ ငွေပို့ပေးတော့လည်း စံပယ် မသုံးရပါဘူးကွယ်။ စံပယ် နဲ့ အဆက်အသွယ် အမြဲရအောင် ဖုန်းဝယ်ပေးလိုက်ပါဆိုတော့လည်း ဝယ်ပေးတဲ့ဖုန်းက သခင်ပဲကိုင်ပြီး စံပယ်အဖြစ်နဲ့ ပြောနေတာ။ ဖေ့ ဖေ့ဆိုလား ဘာဆိုလား အဲဒါကနေစာပို့ပြီး စကားပြောတယ်။ သူ့အဖေက စံပယ်ဓာတ်ပုံလေးတွေ ပို့ပေးပါဆိုတော့ သူတို့ စံပယ်ကို သူ့သမီးရှုံးအောင် အလှတွေပြင်ပေးပြီး ဓာတ်ပုံတွေရိုက်ပေးကြတယ် လေ။ ပြီးတော့ ဖုန်းထဲကနေ ဘာနဲ့ဆိုလဲ ပို့ပေးတယ်တဲ့။ ထားကယ်



www.burmeseclassic.com

www.burmeseclassic.com



တမ်းမှာ စံပယ်က သူ့အဖေနဲ့ တစ်ခါမှ စကားမပြောဖြစ်ဘဲ သူ့ကို ပစ်ထားတယ်အထင်နဲ့ ဖအေကို စိတ်နာနေခဲ့တာ''

''ဖြစ်ရလေဗျာ''

ခန့်ညား အကြောင်းစုံကိုသိလိုက်ရတော့ ရင်ထဲမှာ ခံစားရ နှစ်ခု ဖြစ်တည်သွားသည်သာ။ ဒေါ်ဝင်းသဇင်တို့မိသားစုကို ရွံရှာ စက်ဆုပ်ဒေါသဖြစ်ပြီး စံပယ်အပေါ်မှာတော့ သနားပြီးရင်း သနား ပဲ။

''ကိုယ့်သွေးသားအရင်းအချာအပေါ်မှာ ယုတ်မာလိုက် ကြတာဗျာ။ အေးလေ . . . စံပယ်က သူတို့ရဲ့ ဖိနှိပ်မှုအောက်မှာ မျက်စိကန်းနားကန်း ဖြစ်နေခဲ့တာကိုး။ အခု မကန်းတဲ့ကျွန်တော် ရှိ နေပြီ ဘာမှစိတ်ပူနဲ့တော့ ဒေါ်မွှေး။ ကျွန်တော် အမှန်တရား ရအောင် ဖော်ထုတ်ပြမယ်''

''ဟင်''

ဟင်ဆိုပြီး ဒေါ်မွှေးမျက်နှာ သူ့ဘက်လှည့်လာတော့ ခန့်ညား တစ်ခုခုကို သဘောပေါက်လိုက်ကာ –

''ဒေါ်မွှေးလည်း ဘာမှမကြောက်ပါနဲ့။ ဒေါ်မွှေးရဲ့လုံခြုံရေး အတွက် ကျွန်တော် တာဝန်ယူတယ်။ စိတ်ချ . . . ဒေါ်မွှေး ဘာမှ မဖြစ်စေရဘူး''





ဒေါ်မွှေး ဟင်းခနဲ သက်ပြင်းချပြီး ခေါင်းညိတ်ပြလေသည်။ သန့်ရှင်းကို သူယုံကြည်ပါသည်လေ။ ဒါကြောင့် ဒီအကြောင်းတွေကို ပြောပြခဲ့တာပေါ့။

သူတို့သတ်မယ်ဆိုလည်း ကိုယ့်အသက် သေပျော်နေပြီပဲ။ စိုးရိမ်တာက စံပယ်လေးအနားမှာ နေခွင့်မရတော့မှာကို ပဲ။

''မောင်သန့်ရှင်း အခု ဘာလုပ်မယ်လို့ စိတ်ကူးထားလို့လဲ။ ဒေါ်မွှေး သိခွင့်ရှိမလား''

''ဘာလို့ သိခွင့်မရှိရမှာလဲ ဒေါ်မွှေးရဲ့။ ဒီအကြောင်းတွေကို ဒေါ်မွှေးပြောပြလို့ ကျွန်တော် သိရတာပဲဥစ္စာ''

''အင်း . . . ဟုတ်ပါတယ်''

''ကျွန်တော် စံပယ့်ဖေဖေနဲ့ ရအောင် ဆက်သွယ်မယ် ဒေါ်မွှေး''

ဒေါ်မွှေး မယုံနိုင်သလိုကြည့်ရင်း –

''ဘယ်လိုဆက်သွယ်မှာလဲ မောင်သန့်ရှင်း''

''ဒေါ်မွှေးက ဖုန်းအကြောင်း နားမလည်တော့ ရှင်းပြလည်း သိမှာမဟုတ်ဘူးလေ။ အဲဒီတော့ . . . အသာလေးပဲ စောင့်ကြည့်နေ လိုက်''



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ . . . ဒေါ်မွေးရင်ထဲမှာ တကယ့်ကို ပီတိ အစစ်အမှန် ဖြစ်ရတာပါ။

သူမ မောင်သန့်ရှင်းကိုပြောပြမိတာ မှန်သွားပြီပေါ့လေ။ ဒီဘဝကနေ မြန်မြန်လွတ်မြောက်ပါတော့ စံပယ်။



## အခန်း (၁၄)

"ကို"

"ဟင်"

"ကို သခင့်ကို တကယ်ချစ်တာလားဟင်"

"ဩော် . . . တကယ်ချစ်တာပေါ့ သခင်ရဲ့။ တကယ်မချစ် [illegible] ချစ်တယ်လို့ပြောရင် ပါးစပ်ထဲမှာ အရသာမရှိဘူး။ ရင်ထဲမှာ [illegible] ပီတိဖြစ်တာတို့ ကြည်နူးတာတို့ ရှိမှာမှမဟုတ်တာ။ မပြောချင် [illegible] သခင့်ကို တကယ်ချစ်လို့ ချစ်တယ်လို့ တဖွဖွ ရွတ်ပြနေတာ [illegible] သခင်ရဲ့"

သခင်က သူ့ခါးကို ခပ်တင်းတင်းဖက်လိုက်ပြီး —



www.burmeseclassic.com

www.burmeseclassic.com



"သခင်လည်း ကို့ကို အရမ်းချစ်တယ် သိလား။ သခင်ဟာ ကိုယ့်ကိုယ်ကိုယ် အခုလို တကယ်ချစ်တတ်လာလိမ့်မယ်လို့ ထင်မထားခဲ့ဘူး။ အခု တကယ်ချစ်တတ်လာတာ ကိုနဲ့သခင်ရဲ့ ရေစက်လို့ပဲ ပြောရမလား၊ ဖူးစာလို့ပဲ ပြောရမလားမသိဘူးနော်။ ကို့ကို အရမ်း ချစ်တယ်"

သန့်ရှင်း သခင်ကိုယ်လေးကို ခပ်တင်းတင်းပြန်ဖက်ပြီး ပါးတစ်ဖက် နမ်းရတာအားမရလို့ နှစ်ဖက်စလုံးကို နမ်းလိုက်မိလေသည်။ ရည်းစားမထားခဲ့ဖူးကြတာတော့ မဟုတ်ပါဘူး။ ထားခဲ့ဖူးကြပေမယ့် ပခုံးလေးဖက် တွဲသွားတွဲလာလုပ်ခဲ့ကြရုံသာ။ တစ်ခါတလေ နမ်းမြဲ ပေမယ့် အခုလိုတော့ မချိုမြိန်ဘူးထင်ပါရဲ့။

သခင်လည်း ရင်ထဲမှာ ဒီအတိုင်းပါ။ ကိုယ့်ပါးကို နမ်းရင် မသိသလို လုပ်နေနိုင်ခဲ့တာ ရင်ခုန်မှုဗိုအား နည်းပါးခဲ့လို့ပေါ့။

အခုကျတော့ -

"ကို"

"ဟင်"

"သခင်လည်း ကို့ကို အာဘွားပြန်ပေးချင်တယ်"

ကိုယ့်ချစ်သူက အာဘွားပြန်ပေးမယ်ဆိုတော့ သန့်ရှင်း ရင်ထဲမှာ အတိုင်းထက်အလွန်ပဲပေါ့။





ဒါ့ကြောင့် -

"ကဲ . . . ပေးစေဗျား"

ပြောပြီး မျက်လုံးလေးမှိတ် ခေါင်းလေးငုံ့ပေးတော့ သခင်ကလည်း သူ့ကိုနမ်းလိုက်တာ ပါးနှစ်ဖက်စလုံးကိုပါ။ မျက်လုံးလေးတွေ ပြန်ဖွင့်လာတော့ -

"မိန်းကလေးက စပြောရမှာ ကောင်းတော့မကောင်းဘူး ကို။ ဒါပေမဲ့ တကယ်ချစ်မိပြီဆိုတော့လည်း သာတယ် နာတယ် တွက်မနေတော့ပါဘူး။ သခင်နဲ့ကိုယ် အမြန်ဆုံးလက်ထပ်ကြရအောင် နော်"

"အင်"

အဲဒါမှ ဒုက္ခ။ ကိုယ်က ခန့်ညားမဟုတ်တော့ လက်ထပ်ဖို့ အတွက် မြန်မြန်ဆန်ဆန် စီစဉ်လို့ မရဘူးလေ။ သခင့်ကို အမှန်အတိုင်း ဖွင့်ပြောရမလား။ ပြောလိုက်ရင် ကိုယ့်ကို လူလိမ်လူညာလို့ သခင် ဆိုးသွားရင်ဖြင့် အင်း . . . မပြောပြန်ရင်လည်း ပြဿနာတွေက ပြေသေးဘူးဆိုတော့ . . .

"နော် . . . ကို"

"------"

"ကို"

www.burmeseclassic.com



"အင်း ... ဟင်"

ပခုံးကို ကိုင်လှုပ်တော့မှ သန့်ရှင်းအတွေးစပြတ်သွားေ

လျှင် ...

"တွေ့လား။ သခင့်ကို ချစ်တယ်ဆိုပြီး သခင်ပြောတာကျ

ဂရုမစိုက်ဘူး။ စိတ်က ဘယ်ကိုရောက်နေတာလဲ ကိုရဲ့"

"ဘယ်ကိုမှမရောက်ပါဘူး သခင်ရယ်။ ကို သခင့်ကို

တကယ် မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါ။ အဲဒါကိုတော့ သခင် အကြွင်းမဲ့

ယုံကြည်ပေးပါနော်"

"ဟွန့် ... မယုံဘူး"

သခင်က နှာခေါင်းလေးရှုံ့ပြီး ပြောလေတော့ သန့်ရှင်း

အသည်းယားကာ သခင့်နှာသီးဖျားလေးကို လိမ်ဆွဲလိုက်လေသည်

ဖြစ်နိုင်ရင် ကိုယ်ကတော့ ချစ်သူနဲ့လက်ထပ်ဖို့ကို မနက်ဖြန်ဆိုတော

ကြာတယ်ထင်တာပါ။

"ဘယ်လိုသက်သေပြရမလဲ"

"လက်ထပ်ကြမယ်လေ"

ဒီဘူတာပဲ ဆိုက်တာပါပဲလား။ ကို ဘယ်လိုပြောပြရပါ့မလဲ

သခင်ရယ်။

"ဟင်"





ဖုန်းက လာနေသဖြင့် သန့်ရှင်း ခါးကြားကနေထုတ်ပြီး

ဘာမနံပါတ်ကိုကြည့်လိုက်တော့ ခန့်ညားပါ။

"အေး ... ပြော"

"____"

"အင်း ... ဟုတ်တယ်"

"_____"

"အဲဒါဆို ခဏနေဦး"

တစ်ဖက်ကို ခဏနေဦးပြောပြီး သန့်ရှင်း သခင်ကို လှည့်

ကြည့်ကာ –

"သခင် ... ခဏနော်၊ ကို ဖုန်းပြောလိုက်ဦးမယ်"

"ဘယ်သူဆက်တာမို့လို့လဲ ကို"

"ခန့် ... အဲ ... သန့်ရှင်းဆက်တာပါ"

"ကဲ ... ဆက် ... ဆက် ရှုပ်ကိုရှုပ်တယ်။ သူများချစ်သူ

ကြည်နူးနေကြတာကို ဖျက်လိုဖျက်ဆီးနဲ့"

သခင်ပြောနေတဲ့စကားသံတွေကို ဖုန်းထဲမှတစ်ဆင့် ခန့်

ကြားနေရပါသည်။ မင်းရဲ့ကြည်နူးမှုတွေ၊ ဆုံးရှုံးသွားမှာက

ိုင်းလောက်ပါ သခင်။ စံပယ့်ဘဝမှာက ကြည်နူးမှု ပျော်ရွှင်မှု

ဆုံးရှုံးခဲ့ရတာ နှစ်နဲ့ကြာခဲ့ပါပြီ။ မင်းတို့မှာသာ ကိုယ်ချင်းစာစိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိကြရင် . . .

ငါ အခုလို သန့်ရှင်းကို ဖုန်းဆက်စရာအကြောင်းမှ မရှိတာ ကိုယ့်အလုည့်ပမ္မားကိစ္စလေးကို သည်းခံလိုက်ဦးပေါ့။

သခင်ကတော့ –

ဖုန်းကို နားမှာကပ်ပြီး ကိုယ့်ရှေ့ကထွက်သွားတဲ့ချစ်သူ ကြည့်ပြီး သန့်ရှင်းဆိုတဲ့လူကို မေတ္တာပို့နေမိသည်သာ။ ဖုန်းပြောပြီး ကို ပြန်ရောက်လာတော့ –

"သူက ဘာတဲ့လဲကို"

"ဩော် . . . ထွေထွေထူးထူး မဟုတ်ပါဘူး သခင်ရဲ့။ မေမေ ကို့ဖုန်းကို ခေါ်တာ ဧရိယာပြင်ပရောက်နေလို့တဲ့။ သူ့ဖုန်းကို လှမ်းဆက်တဲ့အကြောင်း ပြောပြတာပါ"

"ဒါနဲ့များ"

*နှုတ်ခမ်းလေးစူပြီး* သခင်ပြောလိုက်သည်။ ဟုတ်တယ်လေ ကိုယ့်ရှေ့မှာ ဖုန်းမပြောဘဲ ခပ်လှမ်းလှမ်းသွားပြောတော့ ဘာများလဲလို့ သူ့အမေဖုန်းဆက်တာများ ရေးကြီးခွင်ကျယ်လုပ်လို့။

"နှုတ်ခမ်းစူမထားနဲ့၊ နှုတ်ခမ်းစူရင် မလှဘူး"

"စူမှာပဲ"

"ဝက်နဲ့တူတယ်"





"ကိုနော်"

သခင်က ထုမယ်လုပ်တော့ လက်ကလေးကို ဖမ်းဆုပ်ထားတာ –

"သခင်"

"–––––"

"သခင် . . . facebook သုံးလား"

"အင်း"

"ကိုလည်း သုံးတယ် သခင်ရဲ့။ သခင့်ဖုန်း ကို့ကို ခဏလောက်ပေးလေ။ ကို အရမ်းချစ်ရတဲ့ကောင်မလေး ဘာတွေ post တင်ထားလဲဆိုတာ ကြည့်ရမယ်"

ပြောရင်းပဲ သန့်ရှင်း သခင်လက်ထဲက ဖုန်းကို ဆွဲယူပြီး facebook ကိုဖွင့်လိုက်သည်။ Account နာမည်က စံပယ်သခင်တဲ့။ ချစ်စရာလိုပါ။ တင်ထားတဲ့ post တွေက ပန်းပုံတွေချည်းပါပဲ။ ကျန်တာတွေကတော့ သူများကို share ထားတာတွေပါ။

"သခင်က သခင့်ပုံတွေ တစ်ပုံမှ တင်မထားဘူးနော်"

"ဖေဖေက ပုံတင်တာ မကြိုက်ဘူးကိုရဲ့။ အဲဒါကြောင့် မတင်တာပါ"

"ဩော်"



www.burmeseclassic.com

"ကိုကရော"

"ဟင် . . . ဘာလဲ"

"ဖုန်းပေး သခင်ကြည့်မယ်"

"ကြည့်လေ"

သန့်ရှင်း ကိုယ့်ဖုန်းကိုလည်း ပေးလိုက်သည်။ ဘယ်လောက်ကြည့်ကြည့် ကြည့်စမ်းပါစေ ကိုယ်ကလည်း ဘာမှ ထွေထွေထူးထူး မပြရဲလောက်အောင် တင်ထားတာမှ မရှိပဲလေ။ သခင့်ကို ကြည့်လိုက်တော့ ဖုန်းကို အာရုံစိုက်နေသည်။ ကိုယ့်ကို ဂရုစိုက်နေတာ မဟုတ်တာကြောင့် –

ခန့်ညားဆီကို မက်ဆေ့ချ်ပို့လိုက်သည်။ ပို့ပြီးတာနှင့် မက်ဆေ့ချ်ပြန်ဖျက်ပစ်လိုက်သည်လေ။ သခင်ဖုန်းနဲ့ပို့လိုက်တာကြောင့် ခန့်ညားဘက်က ဘာမက်ဆေ့ချ်မှ ပြန်မပို့ဘူးဆိုတာ သိတာပေါ့။ ခန့်ညားကို သူပို့တဲ့မက်ဆေ့ချ်က သခင် Account နာမည်နဲ့ profile picture ကို ပြောပြတာပါ။

ခန့်ညား လွယ်လွယ်ကူကူရှာလို့ရအောင်ပါ။ အရေးကြီးလို့တဲ့ သခင် facebook account ကိုကြည့်ပေးစမ်းပါဆိုလို့လေ။

"ကို့ပုံလေးတွေ အရမ်းလှတာပဲနော်။ ဒီဘက်က တစ်ယောက်က ပိုချောတယ်။ သူက ဘယ်သူလဲဟင်"





သခင်ပြောလို့ ကိုယ့်ဖုန်းကိုငုံ့ကြည့်ပြီး –

"သြော် . . . အဲဒါ ကို့သူငယ်ချင်းလေ"

"အဟွန်း"

"ဟင် . . . ဘာရယ်တာလဲ"

"ကို့သူငယ်ချင်းက ဒီတစ်ယောက်ကျတော့ မင်းသားရုပ်အောင် ချောပြီး ကိုသန့်ရှင်းကျတော့ စုန်းပြူးနေသလားလို့ပါ"

"______"

အဲ . . . ခုမှပဲ သတိရတယ်။ တော်ပါသေးရဲ့ သူနဲ့ခန့်ညား facebook account ကစ ပြောင်းထည့်ထားမိလို့။ ရန်ကုန်လာမယ့် နေ့ကပဲ အရင်တင်ထားတာတွေ အကုန်ဖျက်ပြီး အသစ်လုပ်သုံးခဲ့ကြတာလေ။ အခု သခင်ချောတယ်လို့ ပြောတာ ခန့်ညားပုံပါ။

"သန့်ရှင်းက ရုပ်သာသွားခေါ်လို့ မချောတာ၊ စိတ်ထားက ကောင်းတယ် သခင်ရဲ့။ အဲဒါကြောင့် ကို သူ့ကို အရမ်းခင်တာပေါ့"

ဟူး . . . လိမ်ရညာရတာ မလွယ်ပါလား။ ရှေ့ဆို ဒီထက် ပိုဆိုးရင်ဖြင့်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"တွေ့ပြီ"

ခန့်ညား စံပယ်သခင်ဆိုတဲ့အကောင့်ကို တွေ့ပါပြီ။ 
စံပယ့်ဖေဖေ ဘယ်သူဖြစ်နိုင်သလဲ ရှာရတာမခက်တော့ဘူး
စံပယ်ဖေဖေ နာမည်က ဦးသူရဆိုတော့ သူရနာမည်တွေကို 
ရှာကြည့်ရမည်။ အင်း comment တွေကို အရင်ဖတ်ကြည့်ရ

ဒါမှ ...

ဖြစ်နိုင်ချေရှိတာကို သိရမှာပေါ့။ စံပယ့်ဖေဖေက သူ
ဥပေက္ခာ ပြုထားတာမှ မဟုတ်တာ။ Post တွေအောက်မှာ 
တော့ ဝင်ရေးမှာ အသေအချာပါပဲ။





"ဟော"

ဖြစ်နိုင်ချေရှိတာကို တွေ့ပါပြီ။ အချစ်ကဗျာလေးတစ်ပုဒ်ရဲ့ comment ထဲမှာ ...

"သမီးလေး ... ကဗျာတွေ ဘာတွေ တင်လို့ပါလား။ အချစ်ကဗျာဆိုတော့ သမီးလေးမှာ ချစ်သူရှိနေပြီလား"

တဲ့။ အောက်မှာ ပြန်ဖြေထားတာက –

"မရှိသေးပါဘူး ဖေဖေ။ ကဗျာလေးကို ကြိုက်လို့တင်ထားတာပါ"

တဲ့။ ဖေဖေဆိုတဲ့လူရဲ့ အကောင့်နာမည်က သူရ။ ဟုတ်ပြီ။

"ဟာ ... အရေးထဲ"

ဖုန်းဝင်လာတာကြောင့် ခန့်ညား ညည်းတွားလိုက်တာ ဖြစ်သည်။ ဝင်လာတဲ့ဖုန်းက မေမေ့ဆီကပါ။

"ဟုတ်ကဲ့ ... မေမေ ပြောပါ"

"______"

"အဟဲ ... facebook သုံးနေတာပါ မေမေ"

"____"

"ဟာ ... အရင်လို မသုံးတော့ပါဘူး မေမေရ။ တစ်ခါ

www.burmeseclassic.com



တလေမှပါ''

"-----"

"ဟုတ်ကဲ့"

"-----"

"မိန်းမရရင် လုပ်မှာပေါ့"

"-----"

"ဟုတ်ကဲ့ အဆင်ပြေပါတယ်"

"-----"

"အငယ်မ . . . အငယ်မနဲ့ပါ မေမေ"

"----"

"ဟုတ်ကဲ့"

မေးခွန်းတွေကလည်း ထူပြောလိုက်ပါဘိ။ အဆင်ပြေအောင်တော့ ဖြေနေတာပဲလေ။ လက်ရှိအခြေအနေကို မေမေမြင်ရတာမှ မဟုတ်တာ။ နောက်ကျမှ ဘယ်လိုပဲရှင်းရ ရှင်းရ၊ လောလောဆယ် ကိုယ်လုပ်ချင်တာကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ရတဲ့အတွက် ကျေနပ်ပါသည်လေ။

"----"

"ဗျာ"





"-----"

"ဟုတ်ကဲ့ပါ မေမေရဲ့။ သားအတွက် စိတ်ချမ်းပါ။ မေမေ့သားက လိမ္မာပြီးသား။ လိမ္မာလို့ပဲ မေမေတို့ဖြစ်စေချင်သလို ရန်ကုန်ကို လာခဲ့တာပဲလေ မေမေရဲ့"

"-----"

"ဟာ . . . မေမေကလည်း အပြောက ပါးစပ်နဲ့ပြောတာ။ အလုပ်က လက်နဲ့လုပ်တာ။ ပါးစပ်နဲ့လက်လွဲမှာပေါ့"

"-----"

"ဗျာ"

"------"

"ဟဲဟဲ . . . ဟဲ ဟဲ ဟဲ"

ခန့်ညား ပြောင်စပ်စပ်လုပ်နေတော့ ဒေါ်ဝေဖြိုးကျော်မှာ အားမလိုအားမရနိုင်ပါ။ တစ်ဦးတည်းသောသားဆိုတော့ မိဘတွေနဲ့ ဆက်ဆံတဲ့အခါမှာတော့ ကလေးလိုပဲလေ။ ကိုယ်က ကိုယ့်သားကို တည်ငြိမ်ရင့်ကျက်တဲ့ပုံစံ ဖြစ်စေချင်ခဲ့တာ။

"----"

"ရယ်တာလေ၊ ဟဲဟဲဆိုမှတော့ ရယ်တာပေါ့ မေမေရဲ့။ အသံမပြောနဲ့ စာနဲ့ရေးပြတာတောင် ဟဲဟဲဆိုတာနဲ့ ရယ်မှန်း လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သိတယ်''

''___''

''ဟုတ်ကဲ့ပါ မေမေ ... ok''

တစ်ဖက်က ဒေါသဖြစ်ပြီး တော်ပြီ တော်ပြီ၊ မင်းနဲ့ စကား မပြောတော့ဘူးဆိုကာ ဖုန်းချသွားတာကိုပဲ ခန့်ညားမှာ သဘောကျ ခေါ်နေတဲ့သွားကြီးကို ဖော်ပြီး ရယ်နေသည်သာ။

ဒီပုံကိုသာ မေမေမြင်လို့ကတော့ ... ဟီး။

✵



## အခန်း (၁၆)

''ဘာ ... မင်း ဟန်းချိန်းကိုရောင်းပစ်လိုက်တယ် ဟုတ်သား ခန့်ညား''

''အေးလေ ... ဘာဖြစ်လို့လဲ''

ပြန်ဖြေပုံက မထီတထီပါ။

''ဟန်းချိန်းရောင်းရလောက်အောင် မင်းမှာ ဘာတွေ အသုံးဆိုနေလို့လဲ။ ပါတဲ့ပိုက်ဆံလည်း သိပ်သုံးတာမှ မဟုတ်တာ။ ပြီးတော့ ငွေလိုရင် အိမ်လှမ်းမှာလည်း ရတဲ့ဥစ္စာ''

''မပူနဲ့ အိမ်ကိုလည်း မှာဦးမှာ''

''ခန့်ညား''



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တော့ မျက်ခုံးပင့်၍ ထူးလေသည်။ ဒီကောင် ဘာရေ
လုပ်မလို့ပါလိမ့်။ သူ ခန့်ညားအတွက် စိတ်ပူလိုက်တာ။ ဒီကောင်
တော့ အေးအေးဆေးဆေးပါပဲလား။

"မင်း ဘာဖြစ်လို့ ပိုက်ဆံတွေ အဲဒီလောက်လိုနေတာလဲ
ငါ့ကိုပြောပြဦးလေကွာ"

"မိန်းမယူမလို့"

"ဘာ"

မိန်းမယူမလို့ဆိုတော့ ပိုပြီး စိတ်ပူသွားတာပေါ့။ မန္တလေး
နေ ရန်ကုန်လာနေတာ နှစ်ယောက်ကို ကိုယ့်ကိုမတိုင်ပင်ဘဲ ဒီကော
ဘာတွေလုပ်နေတာလဲ။ သူငယ်ချင်းအချင်းချင်း လျှို့ဝှက်လွန်း
တော့ မကောင်းဘူးပေါ့။ ကိုယ်က သူလုပ်မယ့်ကိစ္စ သင့်တော်မ
တော် ဝေဖန်ပြီးတားသင့်တား၊ တိုက်တွန်းသင့်ရင် တိုက်တွန်းရ
မဟုတ်ဘူးလား။

အခုတော့ –

"မင်းကို ငါ နားမလည်တော့ဘူး ခန့်ညား"

"––––"

"မင်း ဘယ်သူ့ကိုယူမှာလဲ။ ငါ့ကို ဘာလို့မတိုင်ပင်တာလဲ
မင်းကွာ . . . ကျွတ်"





ခန့်ညား ဖုန်းကိုပွတ်နေရာမှ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်
ပြီး သန့်ရှင်းဘက်သို့ လှည့်ထိုင်လိုက်လေသည်။

"ငါက နောက်တာပါ သန့်ရှင်းရာ။ ငါ ဘာဟန်းချိန်းမှ
ကောင်းဘူး။ အလုပ်လုပ်ရင် ဟိုဟာနဲ့ချိတ် ဒီဟာနဲ့ငြိမှာလို့ ချွတ်ပြီး
သိမ်းထားတာ။ ဆွဲကြိုးလည်း ချွတ်ပြီး သိမ်းထားဦးမှာ"

ခုမှ စိတ်ဆေးသလို သက်ပြင်းချလိုက်ပြီး –

"ဘာဖြစ်လို့လဲ"

"စံပယ်ရှေ့မှာ ငါ အဲဒါတွေ မဝတ်ချင်တော့ဘူး။ ဒြော်
ငါ့မှာပါလာတဲ့ပိုက်ဆံထဲက ငါ ဖုန်းတစ်လုံးတော့ ဝယ်လိုက်
တယ်"

"ဟင်"

သန့်ရှင်း မျက်မှောင်ကြုတ်သွားလေသည်။ ကိုယ့်မှာရှိနေ
တဲ့တာနဲ့ ဘာလို့ အပိုတစ်လုံး ထပ်ဝယ်ရလဲလို့လေ။

"မင်းမှာရှိရဲ့သားနဲ့"

"စံပယ်ကို ပေးမလို့ ဝယ်လာတာပါ။ သူ့မှာ ဖုန်းတစ်လုံး
ရှိနေဖို့ မဖြစ်မနေ လိုအပ်နေတယ်။ အဲဒါကြောင့်"

"ကျွတ်"

ဒီကောင် နည်းနည်းတော့များနေပြီ ထင်ပါရဲ့။ သူနဲ့ စံပယ်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူးဆိုတာ မစဉ်းစားတော့ဘူးလား။ သူ့မိဘတွေက လုံး
လက်ခံမှာမဟုတ်ပေ။ ပြီးတော့ စံပယ်ဆိုတာ ရင်ခုန်စွဲလမ်းလောက်
စရာရုပ်မျိုးမှ မဟုတ်တာ။ ဒီလောက်သွားခေါနေတာကြီးကို။

"မင်း စံပယ်ကို တကယ်ချစ်နေတာလား ခန့်ညား"

"ဘုရားအဆူတစ်ရာလောက် ရှက်ပြီး ကျိမ်းကျိန်ရဲတယ်
မဖြစ်နိုင်ဘူးလို့တော့ မပြောနဲ့နော်။ အချစ်မှာ မျက်စိမရှိဘူး။ မျက်စိ
ရှိတဲ့ ငါလည်း သူ့မျက်ဝန်းလေးတွေကို ရင်ခုန်တာ"

သေလိုက်တော့လို့ ပြောချင်တာ။ ဒါပေမဲ့ မပြောရက်ပါဘူး။
သူချစ်ချင်လို့ ချစ်နေတာ မတတ်နိုင်ဘူးလေ။ ဒါပေမဲ့ –

"မင်းမိဘတွေကို မင်းထည့်မတွက်တော့ဘူးလား"

"ဘာတွက်စရာလိုလို့လဲကွာ။ ငါက တစ်ဦးတည်းသော
သားပဲဥစ္စာ။ မသကာ အမွေပြတ်စွန့်လွှတ်ရုံပေါ့ ... ဟဲ ဟဲ"

"ရယ်နိုင်သေးတယ် ရုပ်က"

"မရယ်လို့ ငါက ငိုနေရမှာလားကွ။ မိဘတွေက စိတ်ဆိုး
တုန်းခဏပဲ ပစ်ထားနိုင်တာပါ။ တစ်သက်လုံးတော့ မပြတ်နိုင်ပါဘူး။
ပြတ်နိုင်လို့ ပစ်ထားတော့လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်
နိုင်အောင် ကြိုးစားရမှာပေါ့။ ယောက်ျားပဲဥစ္စာ"

"သြော် ... မင်းက ဆုံးဖြတ်ချက်တောင် ခိုင်မာနေပြီကိုး





နဲ့ မင်း စံပယ်ကို ဖွင့်ပြောပြီးပြီလား"

"မပြောရသေးဘူး။ ပြောတော့မလို့ပဲ"

"ဟူး"

သန့်ရှင်း သက်ပြင်းကို မှုတ်ထုတ်ပြီး ခေါင်းခါလိုက်မိသည်။
နောက်ဆုံး မျှော်လင့်ချက်တစ်ခုကတော့ စံပယ် ခန့်ညားအချစ်ကို
လက်မခံတဲ့ ငြင်းပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့။ အင်း သူ့အတွက်
သာ စိတ်ပူပေးနေရတယ် ကိုယ်လည်း ဘယ်လိုပြဿနာတွေကို
ရင်ဆိုင်ဖြေရှင်းရဦးမည် မသိပေ။

"မင်းရော သန့်ရှင်း"

"ဟင် ... ဘာလဲ"

"သခင်က မင်းကို တကယ်ချစ်တယ်ဆိုရင် ဘယ်လိုအခြေ
အနေမျိုးပဲဖြစ်ဖြစ် လက်ခံရမှာပေါ့။ သူ့ကိုတော့ အဖြစ်မှန်တွေ ဖွင့်
ပြောသင့်ပြီ ထင်လို့ပါ"

စကားပုံတွေကတော့ တစ်ရွာမပြောင်း သူကောင်းမဖြစ်။
သေချင်တဲ့ကျား တောပြောင်းတဲ့။ သူနဲ့ခန့်ညားကတော့ ရန်ကုန်ကို
ရောက်ခဲ့မိတာ သူကောင်းပဲဖြစ်မလား။ သေချင်တဲ့ကျားတွေပဲ ဖြစ်မလား
မသိတော့ပေ။

"ငါလည်း ပြောမလို့ပါ။ ဘယ်ကစပြောရမလဲ မသိလို့



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေတာ''

''အေး ... စဉ်းစား၊ စဉ်းစားရင်း ဆံပင်လည်း ဖြူသွားဦး မယ်နော်''

ပြောပြီး ခန့်ညားက ထရပ်လေလျှင် –

''ဘယ်သွားဦးမလို့လဲ''

''စံပယ့်ဆီ သွားမလို့''

''ခေါခေါလေးမို့လိုသာပဲနော်။ ချောချောလေးသာဆိုရင် အနားက ခွာမှာတောင် မဟုတ်တော့ဘူး။ ဓားတောင်ပဲကျော်ရ ကျော်ရ မီးပင်လယ်ပဲ ဖြတ်ရ ဖြတ်ရဖြစ်မှာ''

''ဖြတ်မှာ၊ ကျော်မှာ မပူနဲ့။ မင်းပြောတဲ့ ခေါခေါလေး ချောချောလေးတွေထက် မယားဝတ္တရား ဆယ်ဆပိုကျေမှာသိလား ပြီးတော့ ဘယ်အချိန်ပဲကြည့်ကြည့် အပြုံးမပျက် ရှိနေမှာ''

''ဟား ဟား ဟား''

သန့်ရှင်းက သရော်ရယ်တာကိုပဲ ခန့်ညားက ပြောင်စပ်စပ် လုပ်ပြသွားသေးသည်။ မင်းတစ်ကိုယ်လုံး အကုန်ကန်းနေပြီလား ခန့်ညားရာ။ ဟူး စံပယ်က ဘယ်လိုပြုစားလိုက်ပါလိမ့်။ လူတစ် ယောက်ကို ပြုစားနိုင်တဲ့ပညာတွေများ တတ်ထားလေရော့သလား

ခန့်ညားဘက်ကလည်း ...





မင်း ငါ့ကို လှောင်နိုင်သရွေ့ လှောင်ဦးပေါ့ သန့်ရှင်းရာ။ လူတစ်ယောက်အပေါ်ယံလှဖို့ထက် အတွင်းက စိတ်ထားလှဖို့ပဲလိုတာ ။ စံပယ်ကိုရွေးချယ်လိုက်လို့ ငါ မမှားဘူးဆိုတာ မင်းတစ်နေ့ သိလာမှာပါကွာ။ ဒီလိုပြောတာ စံပယ်ရဲ့ဘဝမှန်ကိုသိပြီး ချမ်းသာ ကြွယ်ဝလို့လားဆိုတော့ မဟုတ်ပါဘူး။

စံပယ်က –

သွားခေါတာလေးတစ်ခုကလွဲရင် အပြစ်အနာအဆာမရှိ အိမ် ထောင်ရေးသုခကို အပြည့်အဝ ပေးနိုင်မယ့် မိန်းကလေးမျိုးပါ။

''ဒေါ်မွှေး''

''ဟေ''

''စံပယ်ရော''

''ခြံထဲမှာ ပန်းပင်တွေရေလောင်းနေတယ် မောင်သန့်ရှင်း''

''ဟုတ်ကဲ့''

ခန့်ညား ချက်ချင်းပဲ ခြံထဲသို့ ဆင်းလာခဲ့သည်။ မင်းရုပ်ချော ဒီလောက်စွဲလန်းမိတာ မဟုတ်ဘဲ သနားတာကစတဲ့ သံယောဇဉ် ကြောင့် မင်းကို မမြင်ရမနေနိုင်လောက်အောင် မြတ်နိုးမိတာပါ စံပယ်။

✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

စံပယ်ပန်းပင်တွေကို ရေလောင်းနေရင်း တွေးမိတွေး
တွေးနေမိသည်။ ပန်းကလေးတွေ နေ့စဉ်ရေလောင်းပေးနေ
သူ့ထက်ငါ အပြိုင်ပွင့်နေလိုက်ကြတာ။ စံပယ်ဆိုတဲ့ကိုယ့်မှာ
မေတ္တာမိုးခေါင်လို့ အရိုးတောင်မကျန်တဲ့ အပင်တစ်ပင်လို ကြင်နာ
ယုယမှုတွေ ကိုယ့်ဘဝမှာ သေဆုံးနေခဲ့တာလေ။

အင်း . . .

အခု ကိုသန့်ရှင်းကတော့ စံပယ်အပေါ် ဂရုစိုက်ကြင်နာသည်
လေ။ စံပယ့်ကို သနားလို့တဲ့။ ဒီလိုပဲ တစ်သက်လုံး ဂရုစိုက်ပေးနေ
တော့ အကောင်းသားပေါ့။ အခုက သူတို့သည် အချိန်တန်ရင် အိမ်





ကြရမည့်သူတွေ။

"စံပယ်"

"___"

"စံပယ်"

"အင် . . . ဟင်"

ခေါ်သံကြားလို့ ကမန်းကတန်းလှည့်ကြည့်လိုက်တော့–

"ကိုသန့်ရှင်း"

ခန့်ညား ခေါင်းညိတ်ပြလိုက်ပြီး –

"ရေလောင်းတာမပြီးသေးဘူးလား"

"ခဏနေရင် ပြီးတော့မှာပါ"

"ဟုတ်လား။ ဒါဆို ငါ စောင့်နေပါ့မယ်"

"ပြောစရာရှိလို့လား"

"ပြောစရာလည်း ရှိတယ်၊ ပေးစရာလည်း ရှိတယ်"

"အဟွန်း . . . ပြောစရာရှိတဲ့စကားကိုတော့ နားထောင်မယ်
သော်၊ ပေးစရာရှိတာကိုတော့ မလိုချင်ပါဘူး"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဘာမှတော့မဖြစ်ပါဘူး။ ဒါပေမဲ့ စံပယ်က သူများပေးတိုင်း
ယူမယ်တိုင်း မယူတတ်တာပါ။ အခြားတော့ မတွေးနဲ့နော်။ စံပယ်က



www.burmeseclassic.com

www.burmeseclassic.com



အားနာလို့ပါ။ ပြီးတော့ တစ်ခါရှုံးရင် စိတ်ဆိုတာ နောက်ထ
မျှော်လင့်ချင်တာမျိုးလေ။ စံပယ် အဲဒီလိုမဖြစ်ချင်ဘူး''

လေးစားပါတယ်။ အချို့မိန်းကလေးတွေ ကြမ်းတမ်းခက်
တဲ့ဘဝကို ရင်မဆိုင်ရဲလို့ အချို့က အလုပ်မက်လို့ အချို့က အစားမ
လို့ ငွေနောက်လိုက်ရင်း ဘဝပျက်ကြတာ။ ဖြစ်ချင်ရာဖြစ် ဘဝ
ရေစုန်မျှောရင်း ဘဝဆုံးကြသူတွေ။ အဲဒီလို စိတ်ဓာတ်မျိုး စံပယ်
မရှိလို့သာ ဒီအိမ်သားတွေ ညှဉ်းပန်းနှိပ်စက်သမျှကို ဒူပေဒါပေ ခံနေ
တာပေါ့။

မဟုတ်ရင် –

ဒီအိမ်ကလွတ်ပြီးရောထွက်သွားရင် ဘဝပျက်စရာအကြောင်
မရှိဘူးလို့ ပြောနိုင်မလား။ ဒါကြောင့်ပဲ စံပယ်စိတ်ဓာတ်ကို လေးစား
သည်။ စိတ်အဆင်းရဲခံပြီး မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိန်
သိမ်းတဲ့ မိန်းကလေး၊ ဒီလိုမိန်းကလေးမျိုးကိုမှ မလေးစားရင် ဘယ်
မိန်းကလေးမျိုးကို လေးစားရမှာလဲ။

''ကဲပါ မာနခဲရယ် ... အလုပ်ကို အရင်ပြီးအောင် လုပ်ပြီး
ပဲ ဆက်ပြောမယ်''

''ပြီးပါပြီ''

''ပြီးရင် လိုက်လာခဲ့ ... ငါ ပိတောက်ပင်အောက်





စောင့်နေမယ်''

ပြောပြီး ခန့်ညား လှည့်ထွက်လာခဲ့တော့သည်။ ကိုယ်က
သည်း ပြီးတော့မယ်ဆိုလို့ ရေကူမလောင်းတာပါ။ ဒီခြံထဲမှာ ပိတောက်
ပင်တစ်ပင်ရှိသည်။ ခြံရှေ့ညာဘက်ထောင့်မှာပေါ့။ ခန့်ညား ထို
ပိတောက်ပင်အောက်သို့ လျှောက်လာခဲ့သည်။ ဒီပိတောက်ပင်အောက်
မှာ အေးလည်းအေး၊ တိတ်ဆိတ်မှုလည်းရှိသည်လေ။

ကိုယ်ပြောမယ့်စကားနဲ့ အံဝင်ခွင်ကျဖြစ်မယ့်နေရာကို ရွေး
ချယ်ခဲ့တာပါ။ စံပယ်ရောက်လာတော့ အတူတူထိုင်ဖြစ်ကြပြီး –

''ပြောစရာရှိရင် မြန်မြန်ပြောနော်၊ စံပယ်မှာ လုပ်စရာအလုပ်
တွေက တန်းစီစောင့်နေတာ။ အချိန်သိပ်ရမှာ မဟုတ်ဘူး''

''အချိန်မပေးနိုင်လို့တော့ မရဘူး စံပယ်။ အခု ငါပြောမယ့်
စကားတွေက တို့နှစ်ယောက်စလုံးရဲ့ ဘဝအတွက်။ ရှေ့ရေးနဲ့လည်း
ဆိုင်နေတယ်''

''ရှင်''

''ပြီးရင် နင့်အလုပ်တွေ ငါကူလုပ်မှာပေါ့ဟ''

သူ ဘယ်လိုစကားမျိုး ပြောမှာလဲ။ စံပယ် သူ့မျက်နှာကို
ကြည့်တော့ပဲ မျက်နှာလေး လွှဲလိုက်မိသည်။ ဘဝဆိုတဲ့စကား
ကြားတော့ သူပြောမယ့်စကားက ဘယ်လောက်တောင် ကြီးကျယ်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားနေပြီလဲ။

"စံပယ်"

"_____"

"ငါပြောတဲ့စကားကို နင် လေးလေးနက်နက် နားထော

ပေးနော်"

စံပယ် ခေါင်းညိတ်လိုက်မိ၏။

"အချစ်ဆိုတာ တကယ်ချစ်လာပြီဆိုရင် ဘာအကြောင်း

ချက်မှမရှိဘူး စံပယ်။ ရုပ်၊ ပညာ၊ ချမ်းသာကြွယ်ဝမှု အဲဒီအရာမျ

ဘာတစ်ခုမှ မဆိုင်ဘူးဆိုတာကို စံပယ် လက်ခံလား"

စံပယ် သူ့မျက်နှာကို မော့ကြည့်လိုက်သည်။ စကား

ဒီလို အစပျိုးပြီဆိုကတည်းက သူ စံပယ်ကို ချစ်တယ်လို့ ပြောတော့

လား။ သူ့မျက်ဝန်းထဲမှာလည်း မေးစရာမလိုအောင် တရားခံက အချ

ရိပ်တွေ၊ နွေးထွေးကြင်နာရိပ်တွေ။ သူပြောလာရင် စံပယ် လက်ခံလို

ရမလား။

စံပယ်လည်း ...

သူ့ကို သံယောဇဉ်ရှိပါသည်။ သူ့ရဲ့ ကြင်နာယုယမှု

ကြောင့် ရင်ထဲမှာ ကြည်နူးမိတာလည်း အခါခါပါ။

"စံပယ်"





"ရှင်"

"မေးတာကို ပြန်ပြောဦးလေ"

"ကိုသန့်ရှင်းပြောတာကို စံပယ် လက်ခံပါတယ်"

"ငါ့ကိုရော ယုံလား"

"အင်း ... ယုံပါတယ်"

ခန့်ညား ပြုံးလိုက်မိကာ –

"ရှေးဘဝက ရေစက်ကြောင့်လားတော့မသိဘူး။ အစက

တော့ ဒီအိမ်မှာ အနှိမ်ခံဘဝနဲ့ နေရတဲ့ စံပယ်ကို ကိုယ်သနားခဲ့တာ။

နောက်တော့ သံယောဇဉ် ဖြစ်လာခဲ့တယ်။ စံပယ်နဲ့ပတ်သက်ပြီး

ဘယ်ကိစ္စမဆို ကိုယ်ပဲ ရှေ့ကနေ မားမားမတ်မတ်နဲ့ ရပ်တည်ပေးချင်

တယ်"

ငါလို့ပြောနေရင်းကနေ ကိုယ်ဆိုတဲ့နာမ်စား သုံးလာတာကို

စံပယ် သတိမထားမိပေ။

"အဲဒါ ဘာဖြစ်လို့လဲ စံပယ်သိလား"

သိတော့ သိနေသလိုပင်။ ဒါပေမဲ့ စံပယ် ခေါင်းခါလိုက်လေ

သျှင် –

"စံပယ်ကို ကိုယ်ချစ်လို့ပေါ့စံပယ်။ စံပယ်ကို ကိုယ်ချစ်တယ်။

ဒီလိုပြောလို့ သူ့ပုံစံကြီးနဲ့ ပြောရဲလိုက်တာလို့တော့ မထင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ကိုသန့်ရှင်းကလည်း စံပယ်လည်း အတူတူ
လေ။ ကိုသန့်ရှင်းကမှ ဘဝလှလို့ စံပယ်ထက် သာပါသေးတယ်
စံပယ်ကတော့"

"မပြောနဲ့တော့ စံပယ်"

သူတားတော့ စံပယ် ပါးစပ်ပိတ်သွားလေသည်။ စံပယ်
မှန်တာကိုပြောတာပါ။ တကယ်ဆိုရင် စံပယ်က ဟန်ဆောင်ရုပ်
နေပေမယ့် ဘဝဖြတ်သန်းမှုက တကယ်ရုပ်ဆိုးခဲ့သူပါ။ ကိုသန့်ရှင်း
သူများတွေ ရုပ်ဆိုးတယ်ထင်ပေမယ့် စံပယ် မျက်စိထဲမှာတော့ -

သွားဖျက်နေတာ တစ်ခုကလွဲရင် -

အင်မတန်မှ ကြည့်လို့ကောင်းသူပါ။ သူ့မျက်စိထဲမှာ
ကိုယ်က အဲဒီလိုပဲလား။ ချောလို့ချစ်တာမဟုတ် ချစ်လို့ချောတာ ဆို
မျိုးလားလေ။

"အခုလောလောဆယ်မှာ စံပယ် ကိုယ့်ကိုပြန်မချစ်နိုင်
ရင်နေပါ။ တစ်နေ့နေ့မှာ ပြန်ချစ်လာမယ်ဆို ကိုယ့်ကုသိုလ်
ကိုယ်ကတော့ စံပယ်ကို လက်ရှိဘဝထဲကနေ ဆွဲထုတ်ချင်တယ်

ဝမ်းသာဝမ်းနည်းနှင့် စံပယ် ရင်ထဲမှာ လှိုက်ခုန်နေသည်
စံပယ့်အပေါ်မှာ အဲဒီလောက်ချစ်နိုင်တဲ့သူ ရှိနေသေးတယ်ပေါ့။ စံပယ်
လည်း သူ့အပေါ် သံယောဇဉ်ရှိသည်။ အားကိုးချင်စိတ်လည်း ဖြစ်မိ





ထို့ကြောင့် -

"စံပယ်က ကိုသန့်ရှင်းကို မချစ်တာ မဟုတ်ပါဘူး။ မချစ်ရဲ
တာပါ"

"ဟင်"

ခန့်ညား တွေခနဲ ဖြစ်သွားလေသည်။ စံပယ် စကားကို
စဉ်းစားလိုက်တာပါ။ မချစ်တာမဟုတ်ဘူး မချစ်ရဲတာဆိုတော့
ခန့်ညား သဘောပေါက်သွားပါပြီ။

"ဒါ . . . ဒါဆို စံပယ် ကိုယ့်ကိုချစ်တယ်ပေါ့နော်"

စံပယ် ပြုံးပြီး ခေါင်းလေးညိတ်ပြလေတော့ -

"ဟား . . . ဝမ်းသာလိုက်တာ စံပယ်ရယ်"

ခေါ်နေတဲ့သွားတွေ ရှေ့ထွက်လာအောင်ပင် ခန့်ညား ရယ်
လိုက်မိသည်။ ဒီအချိန်မှာ စံပယ် လက်ဖွေးဖွေးနုနုလေးကို ဆုပ်ကိုင်
ချင်လို့အစား ကိုယ့်လက်ကိုယ်ပဲ ဘယ်ဘက်လက်က ညာဘက်လက်
ကို ခပ်တင်းတင်း ဆုပ်လိုက်မိသည်သာ။

ပြီးမှ -

"စံပယ်"

စံပယ်က သူ့မျက်နှာကို မော့ကြည့်လေလျှင် -

"အခုလို အချိန်မျိုးမှာ ဝမ်းသာအားရနဲ့ စံပယ့်လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ချင်ပေမယ့် ကိုယ်မကိုင်ပါဘူး။ ချစ်သူသဘာဝကတော့ ဖက်တာ နမ်းတာတွေ ရှိတယ်လေ။ ဒါပေမဲ့ ကိုယ်မလုပ်ဘူး သိလား။ ကိုယ့်ကို အခွင့်အရေးသမားထင်ပြီး စံပယ် မယုံကြည်မှာစိုးလို့ပါ။ လက်ထပ်ပြီးမှပဲ အတိုးချပြီးတော့''

''ဟာ ... ဘာတွေလျှောက်ပြောနေတာလဲ''

စံပယ် ရှက်ရယ်လေးရယ်ပြီး သူ့ပခုံးကို ထုလိုက်တော့ မျက်နှာက ရှုံ့မဲ့ပြီး တားဆီးခြင်းမပြုပေ။ ချစ်သူဆိုမှတော့ ချစ်သူ့ သဘာဝရှိတာကို စံပယ် နားမလည်ဘဲ နေပါ့မလား။ စည်းဧ ဘောင်တွေ မကျော်မိဖို့သာ အရေးကြီးတာပါ။ ယုံပါတယ်ဆိုမှ မယုံ ကြည်မှာစိုးလို့တဲ့။

မုန်းဖို့ကောင်းလိုက်တာ။

''အင်း ... ချစ်သူတွေဖြစ်ပြီဆိုတော့ အခေါ်တော့ပြောင်း မယ်နော်''

''ဟင် ... ဘယ်လိုပြောင်းရမှာလဲ''

''ကြီးနဲ့ခေးပေါ့''

စံပယ် နားမလည်သလို ပါးစပ်ကလေးဟပြီး သူ့ကိုကြည့် လေသည်။ သြော် ... သူမေ့နေတာ။ သူပြောတဲ့ ကြီးနဲ့ခေးဆိုတာ အွန်လိုင်းမှာခေတ်စားနေတာ။ အပြင်မှာတော့ တကယ် ခေါ်ကြ





ခေါ်ကြလားမသိဘူးလေ။ ကိုယ်မှ လက်တွေ့မကြားဖူးသေးတာ။ စံပယ်က ဖုန်းလည်းမကိုင်ရ၊ အပြင်လည်း သိပ်မထွက်ရတော့ ဘယ် သိမှာတဲ့လဲ။

''ကိုယ်က နောက်တာပါ။ စံပယ် နောက်တော့ သိလာလိမ့် မယ်''

ပြောပြီး ခန့်ညား ခါးကြားက ဖုန်းကို ထုတ်ယူလိုက်ကာ–

''ရော့''

''ဟင် ... ဘာလဲ''

''ဖုန်းလေ''

''စံပယ်က ဘာလုပ်ရမှာလဲ''

''စံပယ်ကိုင်ဖို့ စံပယ့်အတွက် ဝယ်လာတာလေ။ လိုအပ်လို့ ဝယ်လာပေးတာ၊ ရော့ ... ယူရမယ်''

စံပယ် လက်ထဲကိုထည့်ပေးလိုက်တော့ –

''စံပယ် ဘာမှမလုပ်တတ်ဘူး ကိုသန့်ရှင်းရဲ့။ ဖုန်းခေါ်တာ ဖုန်းကိုင်တာလောက်ပဲသိတာ''

''သြော် ... တဖြည်းဖြည်းနဲ့ တတ်အောင် ကိုယ်သင်ပေးမှာ ပေါ့။ အဲဒါ ထားပြီးမှဆက်ပြောမယ်။ ကိုသန့်ရှင်းလို့ခေါ်တာကြီးကို ပြောင်းဦး''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်လိုခေါ်ရမှာလဲ"

"ကိုကိုလို့ခေါ်"

"ကိုကို"

"အင်း"

သံယောင်လိုက်ရွတ်မိတာကိုပဲ ခန့်သွား ခေါင်းညိတ်ပြလိုက်

သည်။

စံပယ်က မျက်နှာလေး ရဲသွားပြီး ခေါင်းလေးပါ ငုံ့သွား

ကာ–

"အခုတော့ ခေါ်လို့မရသေးဘူး"

"ဘာဖြစ်လို့လဲ"

"ကျင့်ရဦးမှာပေါ့။ ကျင့်ပြီးရင် ခေါ်မယ်လေ"

"ဟုတ်ကဲ့ပါဗျာ"

သူတို့နှစ်ယောက် ရယ်ရယ်မောမောနှင့် စကားပြောနေ

သည်ကို အပေါ်ထပ် ဝရန်တာကနေ မြင်သွားသူက သဇင်ပါ။

မှန်းထားတာနဲ့ ကွက်တိဖြစ်နေပြီလားမသိပါဘူး။ ဖြစ်လည်း

ဖြစ်ကြ။

အဲဒါမှ ...

အိမ်မှာ အရှုပ်ထုပ်တွေ ရှင်းသွားမှာလေ။





သဇင်က သူ့အတွေးနဲ့သူ ကျေနပ်နေတာပါ။ တကယ်တော့ သူမကမှ ငါးစာသာမြင် ငါးမျှားချိတ်ကိုမမြင်တဲ့ ခပ်တုံးတုံး မိန်းမ တစ်ယောက်ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

သခင် facebook ကနေ လေးလေးသူရနဲ့ အပြန်အလှ
စာပို့ပြီး စကားပြောနေကြတာပါ။ မသုံးချင်တော့ပေမယ့် အဆ
အသွယ်ဖြတ်လို့ကလည်း မရဘူးလေ။ မေမေက သူ့အစ်ကို သူ
မယုံသင်္ကာဖြစ်မှာစိုး၍ သမီးငယ်သည်းခံပြီး အစ်ကိုနဲ့စကားပြော
လုပ်ပေးပါတဲ့။

သမီးတို့ရဲ့ ဘဝတစ်လျှောက်လုံး ပြည့်စုံချမ်းသာဖို့အတွ
ဒါ တစ်ခုတော့ သမီးငယ် သည်းခံပြီး တာဝန်ယူပေးပါတဲ့
ညာရတာတွေများလာတော့ သခင် မညာချင်တော့ပါဘူး။ ဟန်ဆ
မဆောင်ချင်တော့ပေ။ မမသဇင်ကို တာဝန်လွှဲပြောင်းပေးတော့





"ဟိုကဖုန်းခေါ်ရင် နင့်အသံနဲ့ ငါ့အသံ မတူဘူးလေ သခင်
နဲ့ ပြီးတော့ နင်နဲ့ပဲ အမြဲစာပို့စကားပြောနေတာ။ နင်တို့ ဘာတွေပြော
နေလဲ ငါက သိတာမဟုတ်ဘူး။ တော်ကြာ ရှေ့စကားနဲ့ နောက်စကား
ညီဖြစ်ကုန်ရင် အလိမ်တွေ ပေါ်ကုန်မှာနော်"

"ဟုတ်တယ် သမီးငယ်၊ ဘာမှ အပန်းမကြီးတဲ့အလုပ်ကို
ဘာလို့ ဂျီဂျောင်လုပ်နေတာလဲ"

"သမီးငယ်"

"___"

"ဖေဖေတို့ရဲ့ချမ်းသာကြွယ်ဝမှုဆိုတာ ကိုယ်ပိုင်မဟုတ်ဘူး
နော်။ ရှေ့ ဘယ်လိုဆက်လျှောက်ရမယ်ဆိုတာ သမီးငယ်အပေါ်မှာပဲ
မူတည်သလို ဖြစ်နေတာ။ မမိုက်ချင်စမ်းပါနဲ့"

အဲဒီလို တစ်ယောက်တစ်ပေါက်ကြားမှာ သခင် တံငါနားနီး
တံငါ၊ မုဆိုးနားနီး မုဆိုးဖြစ်ခဲ့တယ်ထင်ပါရဲ့။

"သမီးလေး မင်္ဂလာပါ"

ဟော . . . လေးလေးသူရ စာပို့ပြီ။

"ဟုတ်ကဲ့ . . . မင်္ဂလာပါ ဖေဖေ"

သခင် ပြန်ပို့ရပါပြီ။

"နေကောင်းလား သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကောင်းပါတယ် ဖေဖေ။ ဒေါ်ဒေါ်မြည့်
အိပ်ကောင်းစားကောင်း . . . ခစ် ခစ်"

"ဟုတ်လား"

"ဟုတ်"

"ဒါဆို . . . ဖေဖေ့သမီး ဝက်ကလေးများဖြစ်နေပြီလား
ဓာတ်ပုံရိုက်ပို့ဦးလေ သမီး"

"ဝက်မဖြစ်ပါဘူး ဖေဖေရဲ့။ ချောလို့ လှလို့လို့ ပြော
ကိုယ့်သမီးလေးကို"

"ဟုတ်ပါပြီ၊ ဖေဖေ့ဆီ ဓာတ်ပုံပို့ဦးနော်"

"ဟုတ်ကဲ့ . . . ရိုက်ပြီးပို့လိုက်မယ် ဖေဖေ"

လိုင်းက ဖောက်လာတာကြောင့် ဒီစာကြောင်းဟာ ချက်ချ
မထွက်တော့ပေ။

ခဏကြာမှ ကိုယ်ပို့တဲ့စာက ရောက်သွားပြီး ဟိုဘက်
ပြန်ရေးသည်မှာ –

"အဝင်းတို့က သမီးကို ဂရုစိုက်ရဲ့လားသမီး"

"ဂရုစိုက်ပါတယ် ဖေဖေရဲ့။ အန်တီက သမီးကို အရမ်းဦး
ပေးတာကို။ မမသဇင်နဲ့ သခင်က သမီးခိုင်းသမျှ လုပ်ပေးနေရ
သိလား"





"ဪ . . . ဟုတ်လား"

"ဟုတ်"

တစ်ဖက်က လိုင်းမကောင်းလို့ထင်ပါရဲ့ စာက တော်တော်
ပြန်ရောက်မလာပေ။ အတန်ကြာမှ –

"သမီး"

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"

"သမီးနဲ့ဖေဖေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး
ပြောကြရရင် မကောင်းဘူးလား"

"ဟင်"

ဟင်ဆိုတာက ပါးစပ်ကနေ အသံထွက်သွားတာပါ။ သခင်
လိုပြန်ပြောရရင် ကောင်းမလဲ။ သခင်ဘက်က စာပြန်မပို့သေး
–

"သမီး ဖေဖေ့ကိုပြန်ပြောဦးလေ"

"ဒီအတိုင်းလေး ပြောနေတာပဲကောင်းပါတယ် ဖေဖေရယ်။
ဖေ့ကိုမြင်ရရင် သမီး ငိုမိမှာသိလား။ သမီး ဖေဖေ့ဆီပို့ဖို့ ဓာတ်ပုံ
လိုက်ဦးမယ်နော်၊ bye"

ဟိုဘက်က ဘာမှပြန်မပြောခင်ပဲ သခင် အင်တာနက်ကို
ဖြတ်လိုက်တော့သည်။ ဟူး မလွယ်ပါလား။ မေမေ့ကိုပြောပြပြီး



www.burmeseclassic.com

www.burmeseclassic.com



စံပယ့်ကို ဓာတ်ပုံရိုက်ပေးဦးမှ။ ဘယ်လောက်တောင် ဆက်လိမ်နေ ဦးမှာလဲ။ သခင် စိတ်ရှုပ်စွာနှင့်ပဲ အောက်ထပ်သို့ ဆင်းလာခဲ့တော့ သည်။ ညွှန့်ခန်းထဲမှာ ဖေဖေနဲ့မေမေ စကားပြောနေတာကို သခင် အဆင်သင့် တွေ့လိုက်ရတော့ –

"မေမေ"

"ဟင်"

"အခုပဲ လေးလေးနဲ့သမီး စာပို့ပြီးကြတာ။ မေမေတို့ ဘယ် လောက်အထိ ဆက်လိမ်နေကြဦးမှာလဲ။ သမီးတော့ စိတ်ပျက်လာပြီ နော်"

"သမီးငယ် ခုတစ်လော ဘာဖြစ်နေတာလဲ။ ခါတိုင်းလည်း ဒီလိုပဲ ကိုကြီးနဲ့စကားပြောနေကျကို။ အခုမှ ဘာတွေ အဆန်းဖြစ်ပြီး စိတ်ပျက်နေတာလဲ"

"အဆန်းဖြစ်နေလို့တော့ မဟုတ်ဘူး ဖေဖေ။ အခုတစ်လော လေးလေးနဲ့သမီး စကားပြောရတာ အဆင်မပြေဘူး"

"ဘာဖြစ်လို့လဲ"

ဘာဖြစ်လို့လဲဆိုတော့ သခင် အကြောင်းစုံရှင်းပြလိုက်သည်။ အရင်တုန်းက စကားပြောရတာ အဆင်ပြေပေမယ့် အခု အဆင် သိပ်မပြေဘူးလေ။





"ဒါဆို စံပယ်ကို ဓာတ်ပုံရိုက်ပေးဦးမှပေါ့။ ဒုက္ခပါပဲ ... မောင်ခန့်ညားတို့ကလည်း ဒီနေ့ ဘယ်မှမသွားကြဘူး။ ဓာတ်ပုံရိုက် ပေးရင် စံပယ့်ကို သွားတုကြီးချွတ်ပေးရမှာ။ ဒီလိုလုပ်ပါလား သမီး ငယ်"

ဘယ်လိုလုပ်ရမှာလဲဟူသော သဘောနှင့် မေးဆတ်လေ ပြချင် –

"သမီးငယ် စံပယ်ကို အပြင်ခေါ်သွားပြီး ဓာတ်ပုံရိုက်လိုက်ပါ လား"

"ဟာ ... မေမေကလည်း အဲဒီလောက်အထိ အချိန်မရဘူး လေ။ ဟိုမှာပြောထားတာ အခုဓာတ်ပုံရိုက်လိုက်ဦးမယ်လို့ ပြောထား တော့ ပြီးရင်ပို့ပေးရမှာ။ ပြီးတော့ အိမ်မှာလို့ ပြောထားပြီး အပြင်ထွက် ရိုက်ပို့လိုက်တော့ ယုတ္တိရှိပါဦးမလား မေမေရဲ့"

"အဲဒီလောက်ကြီးတော့ သူ သတိထားမှာ မဟုတ်ပါဘူး ကွယ်"

"အဲဒါတော့ ပြောလို့မရဘူး အဝင်း။ မင်းအစ်ကိုက သိပ် စေ့စပ်သေချာတာလေ"

ဒေါ်ဝင်းသဖင် တွေခနဲဖြစ်သွားလေသည်။ ဒါလည်း ဟုတ် တာပါပဲ။ ကိုကြီးက အင်မတန်မှ စေ့စပ်သေချာသူပါ။ သတိထားမိ



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ကောင်းတာပေါ့။ သတိထားမိသွားရင် မကောင်းဘူးလေ

"မေမေ"

"ဟင်"

"မထူးတော့ပါဘူး မေမေရယ် . . . စံပယ်ကို ဟန်ဆော
ခိုင်းမနေနဲ့တော့။ ကိုခန့်ညားက ကောင်းစစ်ပိုင်မဟုတ်ဘူးလေ။ သူ
အခု သခင်မှသခင် ဖြစ်နေတာ။ သူ့ကို သမီးယုံတယ်"

ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ခန့်ညားက ကောင်
စစ်ပိုင်မှ မဟုတ်တာ။ ကောင်းစစ်ပိုင်က ငယ်ငယ်ကတည်းက စံပယ်နဲ့
ခြံချင်းကပ် နေလာသူမို့ ငယ်သံယောဇဉ်နဲ့ စံပယ်ကို ချစ်တာ။ အ
ကတည်းက စံပယ်ကို ချစ်နေသူဆိုတော့ သဇင့်ကို ပြောင်းမချစ်နိုင်တာ
မဆန်းပါဘူး။

အခု ခန့်ညားကျတော့ -

ကိုယ့်သမီးငယ်သခင်ကိုပဲ ချစ်တာလေ။ သူရော စံပယ်
အပေါ် စိတ်ပြောင်းနိုင်မှာတဲ့လား။ အချစ်စစ်မှန်ရင် ဘာနဲ့မှမဆိုင်ဘူ
ဆိုတော့ စံပယ် ရုပ်ချောတိုင်း ချစ်နိုင်ကြမှာမဟုတ်ဘဲလေ။ ပြီးတော့
စံပယ်လို မိန်းကလေးမျိုးကို သူ့မိဘတွေ လက်မခံနိုင်ဘူးဆိုတာ
ခန့်ညားသိနေမှာပါ။

"အေးလေ၊ ဒါဆိုလည်း စံပယ်ကို အတုတွေချွတ်သ





းလိုက်တော့"

"ဟုတ်ကဲ့"

"သဇင်"

"----"

"သဇင်ရေ"

"လာပြီ မေမေရေ၊ ခဏလေး"

သဇင့်အသံအဆုံးမှာ ဒေါ်ဝင်းသဇင် ထရပ်ပြီး သဇင်ထွက်
လာမယ့်နေရာကို လည်ပင်းရှည်ကြည့်မိလေသည်။ ဟော လာပါပြီ။

"ဘာပြောစရာရှိလို့လဲ မေမေ"

"စံပယ်ကို သွားခေါ်ချေ။ ပြီးရင် ထုံးစံအတိုင်း ပြင်ဆင်
းလိုက်။ ဓာတ်ပုံရိုက်ပေးရဦးမယ်"

ဖြစ်ပုံမလားလို့ သဇင် သခင့်ကိုကြည့်လိုက်တော့ သခင်က
ခေါင်းညိတ်ပြီး ရှေ့မှထွက်သွားလေသည်။

အေးပေါ့လေ။

သူက ခန့်ညားနဲ့အဆင်ပြေနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

စံပယ် ကိုကိုဝယ်ပေးတဲ့ဖုန်းလေးနဲ့ ဖေဖေနဲ့ စကားတွေပြောလို့ ရနေပါပြီ။ ကိုကိုက စံပယ်ကို ဖုန်းနဲ့ပတ်သက်ပြီး လိုအပ်တာတွေ သင်ပြပေးထားသည်လေ။ Facebook ကနေ ဖေဖေနဲ့စကားတွေ အများကြီးပြောဖြစ်တော့မှပဲ ဖေဖေ စံပယ့်အပေါ် မရက်စက်ဘူး ဖေဖေ စံပယ်ကို ပစ်မထားဘူး။

ဖေဖေ စံပယ့်ကို အရမ်းချစ်တယ်ဆိုတာ စံပယ်သိခဲ့ရပါပြီလေ။ တကယ်တမ်း စံပယ်အပေါ် မတရားရက်စက်ခဲ့တာက အန်တီ စံပယ့်ပိုင်ဆိုင်မှုတွေနဲ့ သူတို့မိသားစုကတော့ လူလယ်ခေါင်မှာ မျက်နှာပန်းလှပြီး စံပယ်ကတော့ အနှိမ်ခံဘဝနဲ့နေခဲ့ရတာ။ တွေးမိတိုင်း





ခင်နာမိသည်လေ။ ရက်စက်လိုက်ကြတာ။ ကိုကို့ကြောင့်သာမဟုတ်ရင် စံပယ့်ဘဝ ဒီလိုပဲ တစ်သက်လုံး နစ်မွန်းနေရတော့မှာပေါ့။

ကျေးဇူးတင်ပါတယ် ကိုကို။

ကိုကို့ကို အရမ်းလည်းချစ်တယ်။ ကိုကိုက စံပယ်အကြောင်းတွေကို ဒေါ်မွှေးပြောပြလို့သိပြီး ဖေဖေ့ကို သူကစပြီး ဆက်သွယ်ခဲ့တာတဲ့။ တော်လိုက်တာ၊ ကိုကိုက စံပယ်အတွက် တကယ်အားကိုးထိုက်တဲ့ယောကျ်ားပါ။ ကိုကိုက မှာထားသည်လေ။

"စံပယ် ကိုကို့ကို တကယ်ချစ်တယ်ဆိုရင် ကိုကို့စကားကို နားထောင်နော်။ စံပယ် သူတို့အပေါ်မှာ စိတ်လည်း မဆိုးနဲ့ ဒေါသလည်း မထွက်နဲ့ဦး။ အရင်အတိုင်းပဲ နေပေးပါ။ ပိပိရိရိ ရှိပါစေနော်။ အချိန်တန်ရင် လူမှန် နေရာမှန် ဖြစ်သွားအောင် ကိုကိုလုပ်ပေးမယ်"

"ဟုတ်ကဲ့ပါ ကိုကို"

"စံပယ် အရင်တုန်းကလိုပဲ ရုပ်မပျက်နေ။ စံပယ့်ဖေဖေလည်း ပြန်လာလိမ့်မယ်။ အခုတော့ သည်းခံပါနော်"

ကိုကိုက အဲဒီလို တတွတ်တွတ်မှာထားသည်လေ။ စံပယ့်ဘဝအတွက် ကိုကိုက သူရဲကောင်းကြီးပါ။ စံပယ် ဖေဖေနဲ့ စကားပြောရတာ ညဘက်အိပ်ရာထဲဝင်မှလေ။ ပြောပြီးတာနဲ့ ဖုန်းကို

www.burmeseclassic.com



ဝှက်ထားရတာ။ ဖိနပ်တွေဝိုက်ရင်း တွေးနေမိတာ။ အထပ်ထပ်တိုက်နေတော့ ဖိနပ်တွေက ပြောင်သည့်ထက်ပြောင်ပါပဲ။

"စံပယ်"

"_____"

"စံပယ်"

""အင် ... ဟင်"

"ဟဲ့ ... စံပယ်၊ ဒီလောက်ခေါ်နေတာတောင် မကြားဘူးလား။ စိတ်က ဘယ်ရောက်နေတာလဲ"

"ရှင် မမသဇင်"

"အဲဒီဖိနပ်တွေ ထားခဲ့တော့ လာဦး"

"ဟုတ်"

စံပယ် ကမန်းကတန်း ထသွားလိုက်တော့ –

"လာ ... ငါနဲ့လိုက်ခဲ့"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ကလွဲပြီး စံပယ်မှာ ဘာများပြောပိုင်ခွင့်ရှိလို့လဲ။ ပုတ်သင်ညိုလုပ်ခဲ့ရတာ ခုမှ မဟုတ်ဘဲလေ။

"ကဲ စံပယ်"

"ရှင်"





"နင့်ဆံပင်တုနဲ့ သွားတုကို ချွတ်လိုက်တော့"

"ရှင်"

"တစ်ရှင်ရှင်နဲ့ ဘာဖြစ်နေတာလဲ၊ ချွတ်ဆိုရင် ချွတ်လိုက်လေ"

"ဟုတ် ... ဟုတ်ကဲ့"

စံပယ် ဆံပင်တုနှင့် သွားတုကို ချွတ်လိုက်လေလျှင် –

"ရေသွားချိုးပြီးရင် နင် အလှပြင်ရမယ်"

"ဟိုလေ"

"ဟိုတွေ ဒီတွေ လုပ်မနေနဲ့။ နင့်အဖေက နင့်ကိုသတိရလို့ ဓာတ်ပုံရိုက်ပို့ပေးပါဦးတဲ့။ အဲဒါ ဓာတ်ပုံရိုက်ရမယ်။ သွား မြန်မြန် ရေသွားချိုး"

"စံပယ် ... စံပယ် ဓာတ်ပုံမရိုက်ချင်ဘူး မမသဇင်"

"ဘာ"

သဇင်က သူမကို စူးခနဲကြည့်လေတော့ စံပယ် ခေါင်းကို ငုံ့ချလိုက်သည်။ အရင်ကလည်း ဒီလို ခဏခဏ ဓာတ်ပုံရိုက်ခိုင်းလို့ စံပယ် ရိုက်သာရိုက်ရတယ် ဘာမှမသိပေ၊ ခါတိုင်းပြောနေကျစကားက နင့်အဖေက ပစ်တုန်းကပစ်ထားပြီး အခုမှ အလွမ်းသယ်နေတယ်လေ။ နင့်ကို ဓာတ်ပုံရိုက်ပြီး ဓာတ်ပုံလေးပို့ပေးပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ဓာတ်ပုံရိုက်ရအောင်ဆိုပြီး မင်းသမီးရှုံးအောင်
ပြင်ပေးခဲ့တာတွေ။ အဲဒီတုန်းကလည်း စံပယ် ဖေဖေ့ကို စိတ်နာ
ဓာတ်ပုံမရိုက်ချင်ပေမယ့် သူတို့ကိုကြောက်လို့ ရိုက်ပေးခဲ့ရတာ

"စံပယ်"

"_____"

"နင်က တို့ကို အာခံချင်တာလား ပြောစမ်း စံပယ်။ ဘယ်
အားကိုးနဲ့ အာခံချင်တာလဲ။ ဘာလဲ ဟိုသွားခေါ်အားကိုးနဲ့လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် သွား အခုရေချိုး"

ဒီအချိန်မှာ သည်းခံပေးပါတဲ့။ သည်းခံရဦးမှာပေါ့။ အား
ရှိတယ်ဆိုပြီး စံပယ် ဆန့်ကျင်ချင်တာမဟုတ်ပေ။ ကိုယ့်အပေါ် ရက်
ခဲ့တာတွေ တွေးပြီး ရင်နာလွန်းလို့ပါလေ။ ဒါပေမဲ့ အခု ရေချိုး
ထွက်လာခဲ့ပါပြီ။

"ဟင် စံပယ်"

"_____"

"စံပယ် ဘယ်လိုဖြစ်လာတာလဲ။ သူတို့က ဆံပင်တုနဲ့ သွား
တုကို ချွတ်ခိုင်းပြီလား"

တွေ့တာနှင့်မေးလိုက်သူက ဒေါ်မွှေးပါ။ စံပယ် ခေါင်းညိတ်





ပြလိုက်၏။

"ဘာစိတ်ကူးပေါက်သွားကြပြန်တယ် မသိဘူး။ သတိတော့
ထားနော် စံပယ်"

"ဟုတ်ကဲ့"

"ဒေါ်မွှေး"

"ဟင်"

ဒေါ်မွှေးလို့ခေါ်ပြီး လျှောက်လာသူက ခန့်ညားပါ။ သူ စံပယ်
ကို မကြည့်ဖြစ်သေးဘဲ ဒေါ်မွှေးကို အရင်ပြုံးပြတာလေ။ ဒေါ်မွှေးကို
အရင်ပြုံးပြမှာပေါ့၊ စံပယ်ကို စံပယ်မှန်းမှမသိတာ။ နှစ်ယောက်ယှဉ်
ဆိုနေတာသိပေမယ့် ဆံပင်ကောက်ကောက်ဖွာဖွာမြင်ရင်တော့ စံပယ်
ကိုပဲ အရင်နှုတ်ဆက်မှာပါ။

ခုတော့ –

"စံပယ်ရော ဒေါ်မွှေး သူ ဘာလုပ်နေလဲ"

ဒေါ်မွှေးက စံပယ်မျက်နှာကို ကြည့်လေသည်။ ကိုယ်က
ညာချင်တာ မဟုတ်ဘဲ ညာသလို ဖြစ်နေတော့ ကိုကို့ရှေ့မှာ စံပယ်
စိတ်မလုံပေ။ ခန့်ညားလည်း ဆံပင်ရှည်နဲ့ ကောင်မလေးကို သူတို့လိုပဲ
ညှိသည်လားလို့ ကြည့်လိုက်မိတော့ –

ပထမ ဇဝေဇဝါ –



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မျက်လုံးမျက်ခုံးနဲ့ နှာခေါင်းအစရှိသည့်တို့ စံပယ့်ပုံစံနှင့် တစ်ထေရာတည်းမို့ –

"မင်းက"

"– – – –"

"ဒေါ်မွှေး ... သူက ဘယ်သူလဲ။ စံပယ်နဲ့ ဘာတော် တူလိုက်တာဗျာ"

"စံပယ်"

စံပယ် အသံကြားရာကို ပြန်လှည့်ကြည့်လိုက်တော့ –

"ဟဲ့ စံပယ် ... အခုထိ ရေမချိုးရသေးဘူးလား။ ဘာလု နေတာလဲ သွားလေ"

"ဟုတ်ကဲ့၊ အခုပဲ သွားချိုးတော့မလို့ပါ အန်တီ"

စံပယ် ထွက်သွားတော့ ခန့်ညား ပါးစပ်အဟောင်းသား ငေးကျန်ခဲ့လေသည်။ ဘာတွေဖြစ်ကုန်တာလဲ။ ကိုယ်သိတဲ့စံပယ် သွားခေါ်မလေးလေ။ အခုစံပယ်ကတော့ ယဉ်စစလေးနဲ့ လှလို့ မင်း ကိုကို့ကို မျက်လှည့်ပြနေတာလားစံပယ်။

"မောင်သန့်ရှင်း"

"– – – – – –"

"စံပယ်ရဲ့ရုပ်ရည်အမှန်ကို မြင်ရလို့ အံ့ရမ်းအံ့ဩသွား





တို့ညာတယ်ဆိုပြီး စိတ်တော့ မဆိုးလိုက်ပါနဲ့နော်။ စံပယ်ဆိုတာ ကိုယ့်ဘဝကိုယ်မပိုင်တဲ့ ကလေးတစ်ယောက်ပါ"

ခန့်ညား ခေါင်းညိတ်လိုက်ပြီး –

"ကျွန်တော် နားလည်ပါတယ်။ ပြီးတော့ စံပယ်က ကျွန် တော့်လို သွားခေါ်တဲ့လူကို ယုံကြည်အားကိုးပြီး ချစ်ခဲ့လို့ သူ့စိတ် ဓာတ်ကို ပိုလေးစားသွားမိတယ်။ တကယ်ဆိုရင် သူ့ရုပ် သူ့ရည်နဲ့ ကျွန်တော့်လိုလူ မတန်ပါဘူး"

"အဲဒီလိုတော့ မပြောပါနဲ့ မောင်သန့်ရှင်းရယ်။ စံပယ်က မေတ္တာတော်လို့ မေတ္တာစစ်ကို တောင်းတနေသူပါ။ သူလိုချင်တဲ့ မေတ္တာ ကို မောင်သန့်ရှင်းကပေးနိုင်လို့ သူက ပြန်ပြီး သံယောဇဉ်နဲ့ နှောင်ဖွဲ့ တာ အဆန်းမှမဟုတ်တာ။ ချစ်သူတွေဖြစ်နေကြပြီပဲ သာတာတွေ ာတာတွေ ထည့်တွက်စရာမှ မလိုပဲကွယ်"

"ဟုတ်ကဲ့ပါ ဒေါ်မွှေး။ ဒါပေမဲ့ ကျွန်တော် တစ်ခုတော့ နားမလည်ဘူးဗျာ"

"ဘာကိုလဲ မောင်သန့်ရှင်း"

"သူတို့ စံပယ်ကို ဘာဖြစ်လို့ ရုပ်ဖျက်ပြီးနေခိုင်းတာလဲဆိုတာ ပါ"

"အဲဒါ ရှင်းပြရရင် အရှည်ကြီးပဲ။ အခု ဒေါ်မွှေး အိုးဟည်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့လို့ သွားလိုက်ဦးမယ်နော်။ ညကျ ဒေါ်မွေးနဲ့ မောင်သန့်ရှ[illegible]
ခြံထဲမှာ ဆုံကြတာပေါ့''

ပြောပြီး ဒေါ်မွေး မီးဖိုချောင်ဘက်သို့ ခပ်သုတ်သုတ် လျှော[illegible]
သွားလေတော့သည်။ ဟုတ်တာပေါ့။ အလုပ်နဲ့လက် သိပ်ပြတ်လှတာ[illegible]
မရှိတဲ့သူတွေဆိုတော့ ကိုယ့်ကိုရှင်းပြဖို့ အချိအကြာကြီး ဘယ်ပေးနိုင်[illegible]
မလဲ။ ကိုယ်က သိချင်တဲ့သူဆိုတော့ သူပေးနိုင်တဲ့အချိန်ကိုပဲ [illegible]
ရတော့မှာပေါ့။

စံပယ် . . .

မင်း ကိုကို့ကိုချစ်မိလို့ နောင်တမရစေရပါဘူးကွာ။ ကိုကို[illegible]
လည်း စံပယ်လိုပဲ အခြေအနေအရ ရုပ်ဖျက်ထားရသူမို့ ဒီအရေး[illegible]
ခွာချတဲ့နေ့ စံပယ် ကိုကို့ကို နားလည်ပေးနိုင်ပါစေ။

''သန့်ရှင်း''

''_____''

''ဟော့ကောင် သန့်ရှင်း''

ခေါ်ရင်း အနားကိုရောက်လာသူက သန့်ရှင်းအစစ်[illegible]
ပခုံးကို ပုတ်ပြီး –

''ဒီမှာတစ်ယောက်တည်း မတ်တတ်ကြီးရပ်ပြီး ဘာလု[illegible]
တာလဲ''





''တွေးနေတာပါ''

''ဟုတ်လား၊ ဘာတွေလဲ''

''စံပယ်အကြောင်းပါ''

''ပြောပါဦး၊ စံပယ် ဘာဖြစ်လို့လဲ''

ခန့်ညား သက်ပြင်းချလိုက်ပြီး –

''စံပယ်က တကယ်သွားခေါ်တာ မဟုတ်ဘူးကွ။ ဆံပင်တုနဲ့ [illegible]ွားတုတပ်ပြီး ရုပ်ဖျက်ထားတာ။ အမှန်တကယ် သူ့ပင်ကိုရုပ်က [illegible]ချောလှတယ်''

''ဟင်''

ဟုတ်ရဲ့လားကွာလို့ မမေးပေမယ့် သန့်ရှင်း မျက်ဝန်းတွေက [illegible]သိုသက်ဘာမျက်ဝန်းတွေ။ နောက်မှ ပြန်စဉ်းစားကြည့်တော့ ခန့်ညား [illegible]ောင် ရုပ်ဖျက်ထားသေးတာပဲလေ။ သူလည်း သူ့အကြောင်းနဲ့ [illegible] ရှိမှာပေါ့။ ဘာကြောင့် အဲဒီလို လုပ်ရလည်းဆိုတာတော့ မသိပေ။

''ဒါဆို မင်း ကံကောင်းသွားတာပေါ့''

''ကံကောင်းတယ်လို့ဆိုရအောင် ငါက သူ့လှတာသိလို့ [illegible]ခဲ့တာမှမဟုတ်တာ''

''ဟုတ်ပါတယ်၊ ငါကလည်း မဟုတ်ဘူးမပြောပါဘူး။ [illegible]သာရမှာကို မျက်နှာကဘာဖြစ်လို့ မအီမလည်ဖြစ်နေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညား ခေါင်းပဲခါပြလိုက်မိသည်။ ရုပ်ဆိုးတယ်လို့ သူ့မျ
ထင်နေတဲ့ မိန်းကလေးကို ချစ်မိပြီး အခု ချောနေတော့ ဝမ်းသာ
ထက် ဘာကြောင့်လဲဆိုတာကိုပဲ တွေးနေမိတော့သည်။

❁



## အခန်း (၂၀)

တစ်အိမ်လုံး အသီးသီးအိပ်ရာဝင်ကာ လူခြေတိတ်ပြီဆိုမှ
ဒေါ်မွေး ခြံထဲသို့ ဆင်းလာခဲ့သည်။ ဒီအိမ်သားတွေအားလုံးက အပေါ်
ထပ်မှာ အိပ်ကြတာလေ။ ခန့်ညားလည်း အပေါ်ထပ်မှာပါပဲ။ အောက်
ထပ်မှာအိပ်တာဆိုလို့ ကိုယ်ရယ်၊ စံပယ်ရယ်၊ မောင်သန့်ရှင်းရယ်ပဲ
ရှိသည်။

ခုလောက်ဆို –

မောင်သန့်ရှင်း သူမကို စောင့်နေရောပေါ့။ ခြေထောက်က
ခုန်နေရင်း မျက်လုံးက ဟိုကြည့် ဒီကြည့်နှင့်ပေါ့လေ။ ဟော တွေ့ပြီ၊
သူလည်း မျှော်နေသူဆိုတော့ ဒေါ်မွေးကို မြင်သွားပြီး –



www.burmeseclassic.com

www.burmeseclassic.com



''ဒေါ်မွှေး''

''အားလုံးအိပ်အောင် စောင့်နေရလို့ ဒေါ်မွှေး နောက်ကျသွား တယ်ကွယ်။ စိတ်မရှိနဲ့နော် မောင်သန့်ရှင်း''

''ဟုတ်ကဲ့ . . . ရပါတယ် ဒေါ်မွှေးရဲ့။ ကျွန်တော်က သိချင် တဲ့သူဆိုတော့ စောင့်ရမှာပေါ့''

''ဘယ်မှာထိုင်မလဲ။ ဒီနေရာမှာပဲ ထိုင်ပြောကြမလား''

''ဒေါ်မွှေးသဘောပါ။ အားလုံးအိပ်ကုန်ကြပြီဆိုတော့ စိုး စရာမရှိပါဘူး''

နှစ်ယောက်သား ခုံတန်းလေးပေါ်မှာပဲ ထိုင်လိုက်ကြပြီး

''စံပယ့်ခမျာ သနားပါတယ် မောင်သန့်ရှင်းရယ်''

''ဟင် . . . ဘာဖြစ်လို့လဲ ဒေါ်မွှေး''

''မင်း သူ့ကို အထင်လွဲမှာကို စိုးရိမ်နေရှာတာလေ''

ခန့်ညား ပြုံးလိုက်မိသည်။ စိုးရိမ်စရာမရှိ ကြံဖန်ပြီး စိုး တတ်လိုက်တာ။ ဒါ ကိုယ့်ကို တကယ်ချစ်လို့ ကိုယ်အထင်လွဲမှာ စိုးရိမ်နေတာပေါ့။ တကယ်တော့ ကိုကိုလည်း မင်းလိုပဲဆိုတာ မသိလို့ပါ စံပယ်ရယ်။

''အထင်မလွဲပါဘူး ဒေါ်မွှေးရယ်။ စံပယ်က ကျွန်တော် ညာချင်တဲ့ရည်ရွယ်ချက်နဲ့ တမင်လုပ်ခဲ့တာမှ မဟုတ်ဘဲ''





''ဟုတ်တယ် မောင်သန့်ရှင်း။ သူ ဒီလိုလုပ်ခဲ့ရတာ အဝင်း င်းလို့ပါ။ ကိုယ့်ရုပ်လှတာလေးကို ဘယ်သူက ဖုံးကွယ်ပြီး အဲဒီလို ကြီး နေချင်ပါ့မလဲ။ ပြီးတော့ သူ့ခမျာ အဲဒီအတုတွေနဲ့ မနေတတ်လို့ ဘ်ညစ်နေရရှာတာ''

အတူတူပါပဲ။ ကိုယ်လည်း သွားတုကြီးနဲ့ မနေတတ်ပေမယ့် အခြေအနေအရ သည်းခံနေရတာပါ။

''ဒေါ်ဝင်းသဇင်တို့က ဘာလို့ စံပယ်ကို အဲဒီလိုလုပ်ခိုင်းထား ဘာလဲ ဒေါ်မွှေး''

''ဒေါ်မွှေးလည်း အဲဒါကိုပဲ ပြောချင်နေတာ''

''ဟုတ်ကဲ့ . . . ပြောပါ ဒေါ်မွှေး''

''မင်းရဲ့သူငယ်ချင်း မောင်ခန့်ညားကြောင့်ပေါ့ကွယ်''

''ဗျာ''

မင်းရဲ့သူငယ်ချင်းလို့ ပြောလိုက်ပေမယ့် ခန့်ညားအစစ်က ကိုယ်ပဲလေ။ စံပယ်ကို ရုပ်ဖျက်ပေးတာ ကိုယ်နဲ့ဘာဆိုင်လို့လဲလို့ ပြီးမှ အကြောင်းရှိလို့ ဖြစ်မှာပါလို့ တိတ်ဆိတ်စွာ ဒေါ်မွှေး ဆက်လာမယ့်စကားကို နားစွင့်နေလိုက်သည်။

''မောင်ခန့်ညားကိုက သူ့သမီးနှစ်ယောက်ထဲက တစ် ယောက်ယောက်နဲ့ လက်ထပ်ပေးဖို့ သဘောတူထားတာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မောင်ခန့်ညားရောက်လာရင် စံပယ်က အရမ်းလှတော့ သူ့သမီး တွေကို သဘောမကျဘဲ စံပယ်ကို ကြိုက်သွားမှာစိုးလို့ပေါ့ကွယ်"

"ဩော် . . . ဩော်"

အကြံကလည်း ကြီးပါ့။ အခု သူတို့မဖြစ်စေချင်တဲ့အတိုင်း ကိုယ်က စံပယ်ကိုမှ ချစ်မိနေတာ ရေစက်လို့ပြောရမလား။ ဖူးစာဖက် မို့လို့ ပြောရမလား။

တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပဲလေ။ အဲဒါပေါ့ စေတနာ က တူသောအကျိုးပေးတာ။ နောက်ဆုံးတော့ စံပယ်က သူတို့မိသား ကောင်းစားဖို့အတွက် အဖြည့်ခံသက်သက် ဖြစ်ခဲ့တာကို။

ကိုယ်သိလိုက်ရပါပြီ။

သနားစရာကောင်းလိုက်တာ စံပယ်ရယ်။ မင်းကို ကိုယ် ပိုချစ်သွားပြီ သိလား။

"ကောင်းစစ်ပိုင်နဲ့ပတ်သက်ပြီး သူတို့ စံပယ်အပေါ်မှာ မယုံ သင်္ကာ ဖြစ်နေတာလေ"

"ဟင် . . . ကောင်းစစ်ပိုင်ဆိုတာ ဘယ်သူလဲ ဒေါ်မွှေး"

"ကောင်းစစ်ပိုင်ဆိုတာ ဟိုဘက်ခြံကပေါ့ကွယ်။ သူလည်း စံပယ့်အပေါ် အရမ်းကောင်းခဲ့တဲ့ ကောင်လေးပေါ့။ သူတို့နှစ်ယောက် က ငယ်သူငယ်ချင်းတွေပေါ့ကွယ်"





ဩော် . . . စံပယ်မှာ အဲဒီလိုအစတ်လမ်းတွေလည်း ရှိခဲ့ဖူး သလား။ ဒါပေါ့လေ အရွယ်ရောက်လာပြီဆိုတာနဲ့ ချစ်တာ ခင် တာတွေ ရှိတတ်ကြတာပဲဥစ္စာ။

"အဖြစ်က ဒီလို မောင်သန့်ရှင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ကောင်းစစ်ပိုင်နဲ့ သင်းစံပယ်လှိုင်က ခြံချင်းကပ် ကစားဖော် ကစားဖက်တွေပါ။ စံပယ့်ဖေဖေ နောက်အိမ်ထောင်ပြုပြီး ခြံနဲ့တိုက် ကျန်တဲ့စည်းစိမ်အချို့တစ်ဝက်နဲ့ သမီးကို ညီမအရင်းဖြစ်သူလက်ထဲ အပ်ခဲ့ပြီး နိုင်ငံခြားထွက်သွားချိန်မှာပဲ စံပယ်ဘဝ ကံဆိုးမိုးမှောင်ကျခဲ့ တာပါ။ ဒေါ်ဝင်းသဇင်က စည်းစိမ်အားလုံး မောင်ပိုင်စီးပြီး မကောင်း တတ်လို့ ပတ်ဝန်းကျင်အကဲ့ရဲ့ကင်းအောင်

စံပယ်ကို ကျောင်းတော့ထားပေးခဲ့သည်။

ဒါပေမဲ့ စံပယ် ဆယ်တန်းအောင်တော့ အဝေးသင်ပဲ ယူခိုင်း ပြီး အိမ်အလုပ်တွေ ခိုင်းတော့တာပါပဲ။ စံပယ်က စာတော်သည့်





လူကြားကောင်းအောင် ဘွဲ့တစ်ခုရခဲ့ပေမယ့် အိမ်ထဲကအိမ်ပြင် ထွက် ခွင့်မရတော့ပါဘူး။ ကျောင်းသူဘဝမှာ အိမ်အလုပ်တစ်ဖက်နှင့် စာ ကျက်ရသူပါ။ ဒါကို ကောင်းစစ်ပိုင်က သနားလည်းသနား စံပယ်ကို စိတ်တခိုးလည်း ချစ်ခဲ့သူပေါ့လေ။

“စံပယ်ရေ စံပယ်”

“_____”

“စံပယ်”

“ဟော ပိုင်ပိုင်ပါလား”

“ဟုတ်ကဲ့ အန်တီဝင်း။ စံပယ်ရှိလားဟင်”

“စံပယ် ဒေါ်မွှေးနဲ့ ဈေးလိုက်သွားတယ်၊ ဘာပြောစရာရှိလို့ လဲ သား။ အန်တီဝင်းကိုပြောခဲ့လေ စံပယ်ပြန်လာရင် ပြောပေးမှာပေါ့”

ပိုင်ပိုင်က လည်ပင်းကို ပွတ်၍ ရယ်ကျဲကျဲလုပ်နေသည်။ ပိုင်ပိုင်လက်ထဲမှာ အဝတ်ဝယ်လာတယ်ထင်ပါရဲ့။ အိတ်တွေကိုကိုင် ထားလို့ပါ။ တကယ်တော့ ဒေါ်မွှေး ဈေးကပြန်ရောက်နေပြီပဲလေ။ ဈေးသွားတော့လည်း စံပယ်မပါပါဘူး။ ဒါကြောင့် ဒေါ်မွှေး နံရံကွယ် မှာ ရပ်နားထောင်နေလို့ ကြားနေရတာပါ။

“မင်း မမသဇင်တော့ ရှိတယ်သား”

“နေပါစေတော့၊ ကျွန်တော် ပြီးမှပဲပြန်လာခဲ့ပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"တွေ့သွားဦးလေ သားရဲ့။ နေဦး အန်တီခေါ်ပေးမယ်။ သမီးကြီးရေ သမီးကြီး သဇင်"

"ရှင် မေမေ"

"ဒီမှာ ပိုင်ပိုင်ရောက်နေတယ်"

"ဟုတ်ကဲ့ လာပြီမေမေ"

ပြန်ဖို့ခြေလှမ်းပြင်ထားတဲ့ ပိုင်ပိုင် မပြန်ဖြစ်သေးဘဲ ရပ်နေမိတာ အားနာလို့ပါ။ သဇင်ကတော့ ပိုင်ပိုင်ရောက်နေတယ်ဆိုတာနဲ့ ခြေထောက် ဘီးတပ်ထားသလားထင်ရအောင် အမြန်ဆုံးရောက်လာသည်။ သူမက ပိုင်ပိုင့်ကို တစ်ဖက်သတ်ကြိုက်နေသူပါ။ သဇင်က သူတို့ထက် သုံးနှစ်လောက်ကြီးသည်လေ။

"ဟယ် ... ပိုင်ပိုင်"

"____"

"လက်ထဲက ဘာတွေလဲ ပိုင်ပိုင်"

"အဝတ်တွေ ဝယ်လာတာပါ"

"ဟုတ်လား မမဇင်ကြည့်ဦးမယ်"

ပြောပြီး လက်ထဲကအိတ်တွေကို ဆွဲယူလေတော့ ပိုင်ပိုင် ဘာမှ မတတ်နိုင်ဘူးလေ။ မကြည့်ပါနဲ့လို့ ပြန်ဆွဲယူထားချင်ပေမယ့် အားနာတာကြောင့်ပဲ ဒီအတိုင်းကြည့်နေရသည်သာ။





"ဟယ် ... မိန်းကလေးဝတ်တွေပါလား။ လှလိုက်တာ ပိုင်ပိုင်ရယ်။ ဘယ်သူ့အတွက်ဝယ်လာတာလဲဟင်။ မမဇင်အတွက် ဝယ်လာတာမို့လား။ ပျော်လိုက်တာ ခစ်ခစ်"

"မဟုတ်ဘူးလေ၊ အဲဒါ မမဇင်အတွက် ဝယ်လာတာ မဟုတ်ပါဘူး"

"ဟင်"

ထခုန်မတတ် ဝမ်းသာပီတိမျက်နှာက ချက်ချင်းစူပုပ်သွားတာ ...

"ပိုင်ပိုင်နော် ... မမဇင်အတွက် ဝယ်လာတာမဟုတ်ရင် ဘယ်ကောင်မလေးအတွက် ဝယ်လာတာလဲ ပြော"

ဒေါ်ဝင်းသဇင်က သူ့သမီး ရောက်လာကတည်းက ရှောင်ထွက်သွားပြီလေ။ ကောင်းစစ်ပိုင်လို လိမ္မာရေးခြားရှိပြီး ချမ်းသာတဲ့ သူဌေးသားကို သမက်မတော်ချင်ဘဲ ဘယ်နေပါ့မလဲ။ တော်ချင်လို့မှ သူ့သမီးကိုတောင် တွန်းအားပေးနေခဲ့သူပါ။

"စံပယ် စံပယ့်အတွက်ပါ"

"ဘာ"

စံပယ်အတွက်ဆိုတာနှင့် သဇင်တစ်ယောက် ကျားနာတစ်ကောင်လို ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“စံပယ့်အတွက် ဟုတ်လား ပိုင်ပိုင်”

“ဟုတ်တယ်လေ၊ မမဇင်တို့က အမျိုးမျိုးဝယ်ဝတ်နေတာ ဥစ္စာ။ စံပယ်က ဝယ်မဝတ်နိုင်လို့ သူ့မှာ အဝတ်ကောင်းကောင်းမရှိဘူး”

သဇင် နှုတ်ခမ်းကမဲ့သွားပြီး –

“အေးလေ ... ကိုယ့်အတွက်မဟုတ်ဘူးဆိုတော့ မယူ ဘူး ရော့”

အိတ်တွေကို ပိုင်ပိုင် လက်ထဲသို့ ထည့်ပေးပြီး သဇင် ချာ လှည့်ထွက်သွားလေသည်။ စံပယ်မရှိဘူးဆိုတော့ ပိုင်ပိုင်လည်း လှည့် ပြန်သွားတာပေါ့။

အိမ်မှာကတော့ –

“စံပယ်”

“––––”

“ဟဲ့ ... မိစံပယ်”

“ရှင် မမသဇင်”

“လာစမ်း”

“အား”

“ဟဲ့ ဟဲ့”

လာစမ်းဆိုပြီး ပြောပြောဆိုဆိုနှင့် သဇင်က စံပယ်ဆံပင်





ဆောင့်ဆွဲ၍ မတ်တတ်ရပ်စေသည်။ စံပယ်က ကြက်သွန်လှီးနေရင်းမို့ သက်ထဲကဓားနှင့် သဇင့်ကိုထိမှာစိုးလို့ လွှတ်ချလိုက်တာ သူ့ရဲ့ စိတ် ချင်းစေတနာပါ။

ကိုယ်နာကျင်မှုဝေဒနာကို ခံစားနေရတာတောင် တစ် ခြားလူကို ငဲ့တဲ့စံပယ်ပါ။

ဒေါ်မွှေးလည်း ...

အမြင်မတော်လို့ တားချင်ပေမယ့် မပြောရဲပေ။

“နင် ပိုင်ပိုင်ကို ဘယ်လိုမြူဆွယ်ထားလဲ ပြောစမ်းကောင်မ”

“အား ... မဟုတ်ပါဘူး မမသဇင်ရယ်။ စံပယ် မမသဇင် မကြိုက်ဘူးဆိုလို့ ပိုင်ပိုင်နဲ့မတွေ့အောင် ရှောင်နေခဲ့တာပါ”

“တောက်”

“ဝုန်း”

“အား”

“အို စံပယ်”

ဆံပင်တွေကို လွှတ်ပေးပြီး သဇင်က စံပယ်ရင်ဘတ်ကို ဆောင့်တွန်းပစ်လေလျှင် စံပယ်ခမျာ ထိုင်ခုံနှင့်တိုက်မိပြီးမှ ထိုင်ခုံက ထဲတော့ လူလည်း ဖင်ထိုင်ကျသွားတာပေါ့။

“စံပယ်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မွှေး ပြေးထူပေးချင်ပေမယ့် မထူပေးရဲလို့ မျက်ရည်ဝဲ နှင့် ကြည့်နေရသည့်အဖြစ်ပါ။ သဇင်က စံပယ်ကို လက်ညှိုးငေါ ငေါက်ထိုးပြီး –

"နင် ပိုင်ပိုင်နဲ့ ပတ်သက်ရဲ ပတ်သက်ကြည့်"

"အဟင့်"

"ဟိုက နင့်အတွက် အဝတ်တွေ ဝယ်လာတယ်တဲ့။ အ လာပေးလို့ ယူရဲယူကြည့် နင် ငါ့အကြောင်းသိရမယ်"

"မယူပါဘူး၊ စံပယ် မယူပါဘူး မမသဇင်ရယ်၊ ဟီး"

"ဟဲ့ ... ငိုမနေနဲ့ မင်္ဂလာမရှိဘူး"

"ဟင့်"

"အေး ... ငါ ထပ်ပြောခဲ့မယ်နော်။ ပိုင်ပိုင်လာပေး နင်ယူလို့ကတော့ အသေပဲ"

အပြစ်မရှိ အပြစ်ရှာ ဟင်းချိုအိုးဆားခပ် ရိုက်တယ်ဆို မျိုးပေါ့။ သဇင် ထွက်သွားတော့မှပဲ ဒေါ်မွှေး စံပယ်ကို ဆွဲပွေ့ ငိုမိလေတော့သည်။

"စံပယ်"

"အဟင့် ... ဟီး"

"ဝဋ်ကြီးလိုက်တာ ကလေးရယ်"





စံပယ် သူမ ရင်ခွင်ထဲသို့ ဝင်၍ သူမကို ဖက်တွယ်ပြီးငိုတာ သိမ့်သိမ့်နှင့်ပါ။

ပိုင်ပိုင်ကလည်း စံပယ်အတွက် အဝတ်တွေ ဝယ်ထားတော့ ယ်ကို ခဏခဏလာရှာသည်။

စံပယ်ကလည်း ပိုင်ပိုင့်အသံကြားလိုက်တာနဲ့ ပုန်းရတာ လေးတွေ ငယ်ငယ်တုန်းက လူဆိုးကြီးဖမ်းလိမ့်မယ်ဆိုလို့ ...

လူသံကြားတိုင်း ပုန်းနေရတာမျိုးပါ။ သူကရော အိမ်အလုပ် လုပ်ရတော့ ထာဝစဉ် ဘယ်ပုန်းနေနိုင်ပါ့မလဲ။ အဲဒီတော့ ပိုင်ပိုင် မပေးဘဲ လာတဲ့အခါမှာတော့ –

"စံပယ်"

"-----"

"စံပယ်"

"အမယ်လေး"

"ခွမ်း"

"ဟာ"

စံပယ် ခေါ်သံကြားလို့ လှည့်အကြည့်မှာ ပိုင်ပိုင်ကိုမြင်သွား တော့ လက်ထဲမှာကိုင်ထားတဲ့ ပန်းကန်ကို လန့်ဖျပ်ပြီး လွှတ်ချလိုက် တော့ ကွဲသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ထဲမှာက ပန်းပွင့်ကြော်တွေအပြည့်နှင့်လေ။ ထ

ဝိုင်း ပြင်ဖို့အတွက် အခုပဲ ခပ်ထားတာပါ။

"နင်ကလည်းဟာ ငါ့ကိုမြင်တာနဲ့ တစ္ဆေသရဲမြင်လို့

တဲ့အတိုင်းပဲ"

ပိုင်ပိုင် ပန်းကန်ကွဲတွေကို ကောက်နေသည်အထိ စံပယ်

ရင်ဘတ်ဖိပြီး မလှုပ်မယှက်နှင့်ပါ။

"စံပယ်"

"－－－－－"

"နင် ဘာဖြစ်နေတာလဲ"

"မသိဘူး၊ နင်သွား နင် ငါ့အနားကိုမလာနဲ့"

"ပြန်စေချင်လည်း ပြန်ပါ့မယ်။ ဒါတွေယူထားလိုက်"

ပိုင်ပိုင်က သူ့လက်ထဲက အိတ်တွေကို စံပယ်လက်

ထည့်ပေးပြီး စံပယ်လက်ကို ပြန်ဆုပ်ပေးလေလျှင် －

"စံပယ်"

"ဟင်"

ပိုင်ပိုင်လာတာမြင်လို့ နောက်ယောင်ခံလိုက်လာတဲ့

သဇင် ပန်းကန်ကွဲတွေကိုမြင်တော့ အပြစ်ရှာဖို့အကြောင်းပြချက်

ပြီလေ။





"အမယ်လေး ကုန်ပါပြီ"

ရင်ဘတ်စည်တီးနှင့် စံပယ်အနားသို့ ရောက်လာပြီး －

"အသုံးမကျတဲ့ကောင်မ"

"ဖြန်း"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

ဒေါ်ဝင်းသဇင်တစ်ယောက် တစ်နေ့တစ်နေ့ သမီးကြီး
ခေါ်ပြီး ပိုင်ပိုင်တို့အိမ်သွားရတာ ချောင်းပေါက်လုမတတ်ပါ။ ဖူး
အလည်လာတာလိုလို ပိုင်ပိုင်နှင့် သဇင်ကို လက်ထပ်ပေးကြဖို့ ပြော
တာအမောပါပဲ။ စသလို နောက်သလိုနှင့်ပေါ့လေ။ ပိုင်ပိုင်အေ
ဒေါ်ဥမ္မာက ကိုယ့်ဘက်က သားရှင်ဖြစ်ပြီး ငြင်းရမှာမကောင်းလို့

ဒေါ်ဝင်းသဇင်တို့သားအမိကို –

အလိုက်အထိုက် ဆက်ဆံခဲ့သည်ပေါ့။ တကယ်တမ်း
ဥမ္မာရင်ထဲမှာရှိတာက စံပယ်။ စံပယ်လေးကို သနားလွန်းလို့ တစ်
ပိုင်ပိုင်နဲ့လက်ထပ်ပေးမယ်လို့ ရည်ရွယ်ထားတာလေ။ ဒေါ်ဝင်းသဇ



ဆက်ဆံရေးကတော့ –

"ဥမ္မာ"

"ပြောလေ အဝင်း"

"အဝင်းကတော့လေ ကလေးနှစ်ယောက်ကို အမြန်ဆုံး လက်ထပ်ပေးချင်ပြီ သိလား။ ခေတ်ကာလသားသမီးတွေက လွယ်တာ မဟုတ်ဘူး ဥမ္မာရဲ့။ အဲဒါကြောင့် အဝင်းတော့ စိတ်အေးချင်နေပြီ"

"စောပါသေးတယ် အဝင်းရယ်။ သားက လိမ္မာပါတယ်။ ဥမ္မာကတော့ ဥမ္မာ့သားအတွက် စိတ်မပူပါဘူး"

"ဒါပေမဲ့ အဝင်းကတော့ ကံကြမ္မာဆိုတာကို ကြောက်တယ် ဥမ္မာ"

"ကံဆိုတာ လူက ဖန်တာတွေလည်း ရှိပါတယ် အဝင်းရယ်။ ဥမ္မာက သားဆန္ဒမပါဘဲ ဖွတ်စီစဉ်တာမျိုး မဖြစ်ချင်ဘူး။ အဲဒါကြောင့် ကလေးချင်း အဆင်ပြေမှပဲ ဒီကိစ္စ စီစဉ်ကြတာပေါ့"

ဒေါ်ဥမ္မာက ကောင်းအောင်ပြောပြီး အချိန်ဆွဲထားတာကိုပဲ ဒေါ်ဝင်းသဇင်တို့မှာ အဟုတ်ကြီးမှတ်လို့။ ပတ်ဝန်းကျင်မှာ ပိုင်ပိုင်နဲ့ သဇင်က လူကြီးတွေသဘောတူထားတာ။ တစ်နေ့ လက်ထပ်ကြမှာနဲ့ ပြောနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥမ္မာကတော့ –

"သား"

"ဗျာ မေမေ"

"စံပယ်ကို သား ဖွင့်မပြောရသေးရင် ဖွင့်ပြောလိုက်တော့လေ သား။ စံပယ့်ဘဝလေးကို မေမေ ကယ်တင်ချင်တယ်။ သားနဲ့ အဆင်ပြေတာနဲ့ လက်ထပ်ကြပေါ့"

"ဟုတ်ကဲ့ ... သား ဖွင့်ပြောမှာပါ မေမေ"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ် သား"

"ဘာများလဲ မေမေ"

"မေမေ့အပြစ်လွတ်အောင်တော့ သား လုပ်ပေးရလိမ့်မယ်"

"ဗျာ"

ကောင်းစစ်ပိုင် မိခင်စကားကို နားမလည်သလိုနှင့် –

"မေမေ ဘာကိုပြောတာလဲ မသိဘူး။ မေမေ့စကားကို သား နားမလည်ဘူး မေမေ"

"သားနဲ့စံပယ်အဆင်ပြေရင် သားက စံပယ်ကို နားလည်အောင် ရှင်းပြပြီး ခိုးပြေးဖို့ ပြောတာပါ။ အဲဒါမှ သားက သဇင်ကို မချစ်လို့ သူချစ်တဲ့စံပယ်ကို ခိုးပြေးတာပါလို့ မေမေပြောလို့ရသွားမှာပေါ့"





"ဟုတ်ကဲ့၊ သား သဘောပေါက်ပါပြီ မေမေ"

မိခင်က ဒီလိုပြောတော့ ပိုင်ပိုင် မပျော်ဘဲနေပါ့မလား။ ပိုင်ပိုင် စံပယ်ကိုချစ်နေတာပဲလေ။ ဒီအကြောင်းတွေကို သူတို့အိမ်က ...င်းချက်မပိုင်းပု ပြန်ပြောပြလို့ ဒေါ်မွှေးသိခဲ့ရတာပါ။ ပိုင်ပိုင့်မှာ ...မှန်းချက်တွေ မျှော်လင့်ချက်တွေအပြည့်နှင့်သာပေါ့။ မျှော်လင့်...ကြီးရင် ဆုံးရှုံးမှုများတတ်တယ်ဆိုတဲ့အချက်ကို ပိုင်ပိုင် သတိမရ...။

မျှော်လင့်ချက်တွေက ...

ရင်ဘတ်နှင့်အပြည့်ပဲလေ။

ဒါ့ကြောင့် –

"စံပယ်"

"ဟာ"

"နင့်ကို ငါ အရေးကြီးတဲ့ စကားပြောစရာရှိတယ်။ နင် ...းတဲ့အချိန် ပိတောက်ပင်အောက်ကိုလာခဲ့ပါလား"

"ဟင့်အင်း ... နင်နဲ့ငါကြားမှာ ဘာပြောစရာစကားမှ မရှိဘူး ...ပိုင်။ ငါ အေးအေးဆေးဆေးနေပါရစေ"

"စံပယ်"

စံပယ်က ငြင်းလိုက်တာ ဗီဇိခါပါ။ သူမ ပိုင်ပိုင်နဲ့ မပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါဘူး။ ပိုင်ပိုင်စကားလာပြောလို့ ပြန်ပြောမိရင်တောင် အ
အရိုက်ခံရတာမို့ ကြာတော့ ပိုင်ပိုင်က စံပယ့်အတွက် သရဲတ
တစ်ကောင်လိုပါ။

"နင့်မှာ ပြောစရာစကားမရှိပေမယ့် ငါ့မှာ နင့်ကို ပြော
စကားတွေအများကြီးပဲစံပယ်။ ငါ တောင်းပန်ပါတယ်ဟာ။ ခဏ
ဖြစ်ဖြစ် နင်လာခဲ့ပေးပါ။ အရမ်းအရေးကြီးလို့ပါ"

"နင်စောင့်နေလည်း ငါမလာဘူး ပိုင်ပိုင်"

"စံပယ်"

ပိုင်ပိုင်က မျက်နှာငယ်လေးနှင့် ဘယ်လိုပဲ တောင်း
တောင်းပန် စံပယ်မျက်နှာက တင်းနေလျက်ပါ။

"နင် တကယ်မလာဘူးလား"

"မလာဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"ရတယ်လေ၊ အဲဒါဆို ငါ အခုကတည်းက နင့်အခန်း
ဝင်ပြီး ငုတ်တုတ်ထိုင်နေမယ်။ ညလည်း ဆက်ထိုင်နေမှာပဲ။ 
ပြောချင်တဲ့စကားကို ပြောခွင့်မရမချင်း မပြန်ဘူး"

"ဘာ"

"မယုံမရှိနဲ့နော်"

"ပိုင်ပိုင် နင် ဘယ်လိုဖြစ်နေတာလဲ။ နင် အဲဒီလိုလုပ်





ရဘူးနော်"

စံပယ်အသံကျယ်ကျယ်နှင့် ပြောမိပြီးမှ မလုံမလဲပုံစံနှင့်
အဘိုးကိုကြည့်လေသည်။ သူတို့ကိုကြည့်ပြီး ဒေါ်မွှေး မနေသာတော့
။

ထို့ကြောင့် –

"စံပယ်"

"––––"

"ပိုင်ပိုင်ပြောသလို ကလေးအားတဲ့အချိန်လေး ပိတောက်ပင်
အောက်ကိုသွားပေးလိုက်ပါကွယ်။ တော်ကြာ ကျော်မကောင်း ကြား
ကောင်း ဖြစ်ကုန်ပါ့မယ်"

စံပယ် တွေခနဲဖြစ်သွားလေသည်။ အဝင်းတို့ကို ကြောက်လို့
ထင်ပါရဲ့။ သူ့ခမျာမှာလည်း ကျားကိုလည်း ကြောက်ရ၊ ကျားချေး
လည်း ကြောက်ရဆိုတာမျိုးပါ။

"သူပြောချင်တဲ့စကားကို နားထောင်ပေးလိုက်ပါ"

ဒေါ်မွှေး ပိုင်ပိုင်ကိုလည်း သနားပါသည်။ သူ့မှာ သူချစ်တဲ့
သူက အနားတောင်အကပ်မခံဘဲ ဂရုမစိုက်။ သူ မချစ်တဲ့သူက
သူ့ကို တွယ်ကပ်နေတာ ဘယ်လောက်များ စိတ်ညစ်နေရမလဲ မေ
တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ငါ ဘယ်အချိန်လာနိုင်မယ်ဆိုတာ အတိအကျတော့ ပြောလို့မရဘူး။ အားတဲ့အချိန် လာခဲ့မယ်။ အေး ငါလာတဲ့အချိန် နင်နဲ့မတွေ့ရင် ငါ စောင့်နေမှာမဟုတ်ဘူး"

"အေး ... အေးပါဟာ ... ငါစောင့်နေပါ့မယ်။ နင်လာမယ် ဆိုတာကိုပဲ ငါ ဝမ်းသာလှပါပြီ။ နင်လာနိုင်တဲ့အချိန် လာခဲ့ ငါ စောင့်နေမယ်"

"ဒါဆို နင်ပြန်တော့"

ပြန်တော့ဆိုတော့လည်း ပိုင်ပိုင့်ခမျာ စံပယ့်စကားကို နား ထောင်ပြီး ပြန်သွားရရှာသည်။ ဩော် ဒုက္ခ ဒုက္ခ။

"စံပယ်"

"------"

"ပိုင်ပိုင်လေး သနားပါတယ်ကွယ်။ သူ့ခမျာ ကလေးအပေါ် မှာ သိပ်သံယောဇဉ်ကြီးရှာတာကွဲ့"

စံပယ် ဘာမှ ပြန်မပြောဘဲ ငိုင်တိငိုင်တိုင်လေး ဖြစ်သွားလေ သည်။ သူမရင်ထဲမှာ ဘာတွေရှိလဲဆိုတာတော့ ဒေါ်မွှေး မသိဘူးပေါ့။

❋



## အခန်း (၂၃)

စံပယ်လာရင် သူနဲ့မတွေ့မှာစိုးလို့ဆိုပြီး ပိုင်ပိုင်တစ်ယောက် ...စရာတွေနဲ့ ရေသန့်ဘူးတွေပါယူလာပြီး ပိတောက်ပင်အောက်မှာ ...စ်နေကုန်ထိုင်စောင့်နေတယ်တဲ့လေ။ မုန့်စားလိုက် ရေသောက်လိုက် ...ပေါ့။ စံပယ်က သွားဖြစ်တာ ည အိပ်ရာဝင်ခါနီးမှပါ။ သူ့ခမျာ ခြင် ...ိုက် ဘာကိုက်နဲ့ စောင့်ခဲ့ရတာတဲ့။

ဒါ ...

စံပယ်ပြန်ပြောပြလို့ သိခဲ့တာပါ။ စံပယ်က စောင့်မနေဘူးလို့ ...င်ထားပေမယ့် ပိုင်ပိုင်က တကယ်စောင့်နေခဲ့သည်။ စံပယ်ရောက် ...သွားတော့ ခြင်ကိုက်လို့ ယားတာကြောင့် ဟိုကုတ် ဒီကုတ်နှင့်ပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"ပိုင်ပိုင်"

"စံပယ်"

"နင် အခုချိန်ထိ ငါ့ကိုစောင့်နေတုန်းလား"

"ဟာ . . . ချိန်းထားပြီးမှတော့ စောင့်ရတာပေါ့။ ငါက ပြော စရာရှိတဲ့သူပဲဥစ္စာ။ နင်နဲ့လွဲမှာစိုးလို့ တစ်နေကုန်ထိုင်စောင့်နေတာ မုန့်စားလိုက်၊ ရေသောက်လိုက်နဲ့ ဗိုက်တောင် ဖောနေပြီ"

"ဪ"

"ခြင်တွေကိုက်တာလည်း တစ်ကိုယ်လုံးယားပြီး အဖုတွေ ထွက်နေပြီဟ"

စံပယ် ညည်းသံကြားပြီး ပိုင်ပိုင်ကိုသနားတော့ သနားပါ သည်။ ဒါပေမဲ့ လူတိုင်းက ကိုယ့်ကိုယ်ကိုယ်သာ ပိုပြီး သနားကြတာ လေ။ စံပယ်လည်း ပုထုဇဉ်လူသားပဲဥစ္စာ။ ပိုင်ပိုင်နဲ့စကားပြောမိရင် တောင် အဆူခံ အရိုက်ခံနေရတော့ မပတ်သက်ချင်တာ မဆန်းပါဘူး

"နင်ပြောစရာရှိတယ်ဆိုတာ ဘာလဲ ပြောလေ"

"ပြောချင်လို့ စောင့်နေတာ ပြောမှာပေါ့"

"ဂွီး"

"အဲ"

ဗိုက်ထဲက ဂွီးဆိုတဲ့အသံကြောင့် ပိုင်ပိုင်က စပ်ဖြဲဖြဲလုပ်ပြ





သော်လည်း စံပယ် မျက်နှာထားကတော့ တင်းလို့နေသည်သာ။ ပိုင်ပိုင် ကို မုန်းလို့ မဟုတ်ပေမယ့် ဒီလိုနေမှ ရမှာမို့ပါ။ ပိုင်ပိုင် စံပယ်ဘက်သို့ လှည့်ထိုင်ပြီး –

"စံပယ်"

"___"

"ငါနဲ့မမသဇင်ကို မေမေက တကယ်သဘောတူတယ်လို့ နင်ထင်လား"

"အဲဒါ နင်တို့ကိစ္စပါ။ ငါက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို မစပ်စု ဘတ်ဘူး"

"နင်နဲ့ဆိုင်လို့ ငါပြောပြနေတာပေါ့ စံပယ်"

"ဘာ"

အမှောင်ရိပ်ထဲမှာ သူ့မျက်နှာကို ပီပီပြင်ပြင် မမြင်ရမှန်း သိပေမယ့် စံပယ် မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"မေမေ တကယ် သဘောတူတာက နင်နဲ့။ နင်နဲ့ငါ့ကို လက်ထပ်ပေးချင်တယ်တဲ့။ အန်တီဝင်းတို့ကိုက ယောက်ျားလေးရှင် ဘက်က ငြင်းရမှာမကောင်းလို့ အလိုက်အထိုက် ဆက်ဆံပေးနေတာ ဒါ"

"ငါနဲ့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး ပိုင်ပိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဘာလို့ မဖြစ်နိုင်ရမှာလဲ။ နင်က အပျို ငါက လူပျိုလေ။ ကာမပိုင် မရှိသေးသရွေ့ ဘယ်သူ့ကိုမဆို ချစ်ခွင့်ရှိတယ် လက်ထပ်ခွင့်ရှိတယ်"

သူပြောတာက လွယ်လွယ်လေး။ စံပယ်ဘက်က မဖြစ်နိုင်တဲ့ အကြောင်းတရားတွေ အများကြီးလေ။ ကျားခေါင်းကို သန်းရှာသလို အဖြစ်မခံနိုင်ပါဘူး။ အဲဒီလိုလုပ်ရင် သူတို့ စံပယ်ကို သတ်ချင် တောင် သတ်ပစ်နိုင်တဲ့အခြေအနေပါ။

"နင် အရေးကြီးစကားပြောစရာရှိတယ်ဆိုတာ အဲဒီစကား တွေလား"

"အေးလေ၊ ဒါထက် အရေးကြီးတာ ဘာစကားရှိဦးမှာလဲ ဒါ တို့နှစ်ယောက်ရဲ့ ဘဝရေးရေးနဲ့ဆိုင်တယ်လေ"

"အဲဒါဆို ငါပြန်မယ်"

"စံပယ်"

စံပယ် ထရပ်ဖို့ ပြင်လိုက်စဉ်မှာပဲ ပိုင်ပိုင်က စံပယ့် လက် ကောက်ဝတ်ကို ဖမ်းဆုပ်ထားလေသည်။ သူ မျှော်လင့်ခဲ့တာ ဒီ အခြေအနေမျိုး မဟုတ်ပါဘူး။ ကိုယ်ကစံပယ်ကို ချစ်တယ်ပြောရင် စံပယ်က ကိုယ့်အချစ်ကို လက်ခံပြီး နှစ်ယောက်တစ်ဘဝ တည် ဆောက်ဖို့။





မျှော်လင့်ချက်တွေ။

ရည်မှန်းချက်တွေ။

ယုံကြည်ချက်တွေက ခိုင်မာခဲ့သည်လေ။ အခု လက်တွေ့မှာ ဒီလိုမဟုတ်ပါဘဲ ကိုယ့်အပေါ် ဆက်ဆံတဲ့စံပယ့်ဆက်ဆံရေးက မစိမ်း ငင်ကြီးဖြစ်လို့ နေပါရောလား။ ဒါကိုပဲ ပိုင်ပိုင် မခံစားနိုင်ပေ။

"နင့်ကိုငါ အရမ်းချစ်တယ် စံပယ်"

"_____"

"အဲဒါ အခုမှမဟုတ်ဘူး။ ဟိုးအရင်ကတည်းက နင့်ကိုငါ ချစ်ခဲ့တာ။ အဲဒါကြောင့် ပြောခွင့်ရဖို့ ငါ ဘယ်လောက်ကြိုးစားခဲ့ရလဲ။ ဒါပေမဲ့ နင်က ငါ့ကိုရှောင်နေတော့ ငါ ကြိုးစားလေ နင်နဲ့ပိုဝေးလေ ဖြစ်နေခဲ့တာ။ ငါမခံစားနိုင်တော့ဘူး စံပယ်။ နင့်ကို ငါ အရမ်းချစ် တယ်"

စံပယ် ရင်ထဲမှာရော ကိုယ့်ကိုချစ်တဲ့သူတစ်ယောက်ကို မချစ် ပါနဲ့။ နင်က ဘာဖြစ်လို့ ငါက ဘာဖြစ်လို့နဲ့ ပက်ပက်စက်စက်ပြောရ မယ့် ကိစ္စကို ပြုံးပျော်ကြည်နူးနေနိုင်ပါ့မလား။ မတွေ့ရ မမြင်ရတဲ့သူ တွေလည်းမဟုတ်ပေ။ မချစ်နိုင်ရင်တောင် ငယ်သံယောဇဉ်ကြောင့် မပြောရက်၊ သိမ်မွေ့စွာ ငြင်းဆိုလို့ရပါလျက်နှင့်။

အခုတော့ –



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးခေါင်းဆောင်းရတော့မည်။ ငါ့ကိုနားလည်ပေး

ပိုင်ပိုင်ရယ်။ နင် ငါ့ကို စိတ်နာလိုက်စမ်းပါ။ ငါ့ကိုမေ့ပစ်လိုက်စမ်း

နင်မုန်းတာကို ငါခံပါရစေ။

"စံပယ်"

"_____"

"နင် ငါ့ကို တစ်ခုခုပြန်ပြောဦးလေဟာ။ မေမေကလည်း တို့နှစ်ယောက်ကို သဘောတူနေတာ ဘာလိုသေးလို့လဲ။ နင်နဲ့ငါ လက်ထပ်ကြမယ်လေနော်။ နင် ငါ့ကိုချစ်တယ်မဟုတ်လား။ ငါက တော့ နင့်ကို အရမ်းချစ်တယ်။ အဆုံးရှုံးမခံနိုင်ဘူး။ ပြောစမ်းပါ ငါ့ကို ချစ်တယ်လို့ နင်ပြောလိုက်စမ်းပါဟာ"

"ဖယ်စမ်း"

စံပယ် သူမလက်ကို ရုန်းပြီး ပိုင်ပိုင်ရင်ဝကို တွန်းပစ်လိုက်လေ သည်။ ဒီလိုပုံစံကို မမသဇင်မြင်လို့ကတော့ စံပယ်ကို အရိုးတခြား အသားတခြားဖြစ်အောင် လုပ်တော့မှာ။

"နင် အရူးထပြီး ပြောချင်တာပြော အော်ချင်တာအော်တိုင်း ငါ လိုက်မရူးနိုင်ဘူး ပိုင်ပိုင်။ နင်မှတ်ထားလိုက်၊ နင်က ငါ့ရဲ့ဖူးစာဖက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး"

"စံပယ်"





"နင် ငါ့နာမည်ကိုမခေါ်နဲ့"

"ခေါ်မယ်၊ ခေါ်မှာပဲ။ နင့်ကိုငါ အရမ်းချစ်တယ် စံပယ်။ နင်က ငါ့ရဲ့ဘဝ ငါ့ရဲ့အသက်"

"အင့်"

ပြောပြီး စံပယ်ကိုယ်လေးကို ဆွဲဖက်လိုက်တော့ ရင်ဘတ် ချင်းအထိမှာ စံပယ် နှုတ်မှ အင့်ခနဲအသံထွက်ပြီး –

"လွှတ် ... ဖယ်စမ်း"

စံပယ် သူ့ရင်ခွင်ထဲကနေ အတင်းရုန်းထွက်လိုက်ပြီး–

"ဒီလောက်ထောင် အရူးထချင်တဲ့ကောင် ... ကဲ"

"ဖြန်း"

ပိုင်ပိုင် ပါးတစ်ဖက် ထူပူသွားလေတော့သည်။

"အဲဒါ ငါ့ရဲ့တုံ့ပြန်မှုပဲ။ နင် နောက်ထပ် ငါ့ကို ဘယ်တော့မှ ချစ်တယ်လို့ မပြောနဲ့"

ပြောပြီး စံပယ် ချာခနဲလှည့်၍ ပြေးထွက်သွားလေတော့ သည်။ နောက်ထပ် ဘယ်တော့မှ ချစ်တယ်လို့ မပြောပါနဲ့တဲ့လား စံပယ်ရယ်။

✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ပြောနေရင်း ဒေါ်မွှေးအသံက တိတ်သွားလေသည်။ မျက်ဝန်းထောင့်ကို လက်ညှိုးနှင့် တို့ထိလိုက်တာသည် မျက်ရည်တွေ သုတ်နေသည်ထင်ပါရဲ့။

"ဒေါ်မွှေး"

"_____"

"ကောင်းစစ်ပိုင်က စံပယ်ကို တော်တော်ချစ်တာပဲနော်"

"ဟုတ်တယ် မောင်သန့်ရှင်း။ ပိုင်ပိုင်က စံပယ်ကို အရမ်းချစ်ခဲ့တာ"

"အခု သူရော ဒေါ်မွှေး။ သူက ဘယ်ကိုရောက်သွားတာလဲ"





ဒီလောက်ချစ်တဲ့သူက ဒီအနားမှာရှိရင် စံပယ်ကို ဆက်သွယ်နေမှာပဲလေ။ အခု အရိပ်အယောင်တောင် မမြင်ရလို့ ခန့်ညားဒီလို မေးလိုက်တာပါ။

"သူ ဆုံးသွားခဲ့တာပါ"

"ဗျာ"

"ဟုတ်တယ် မောင်သန့်ရှင်း၊ စံပယ်ကို သူချစ်တယ်လို့ ဖွင့်ပြောပြီး စံပယ်ကပါးရိုက်လိုက်တဲ့အချိန်ဟာ သူတို့ရဲ့ နောက်ဆုံးတွေ့ဆုံခြင်းပါပဲ။ အဲဒီညကပဲ အရမ်းကြီးမျှော်လင့်ပြီး မျှော်လင့်သလို ဖြစ်မလာတော့ ပိုင်ပိုင် အရမ်းစိတ်ထိခိုက်သွားတယ် ထင်ပါရဲ့။ သူ အရမ်းခံစားနေရမှာပေါ့။ ဒါနဲ့ပဲ အရက်တွေအလွန်အကျွံသောက်ပြီး ဆုံးသွားခဲ့တာ"

"ကြားရတာ စိတ်မကောင်းလိုက်တာ ဒေါ်မွှေးရယ်"

"သူ့အမေခမျာ ရူးမတတ်ပါပဲကွယ်။ ပိုင်ပိုင်က အရမ်းလိမ္မာတဲ့ကလေးလေ၊ မိဘအပေါ်မှာလည်း အရမ်းသိတတ်တယ်။ အဲဒီတော့ ညမှာ ဘယ်ဖြေသာပါ့မလဲ"

"ဩော် . . . ဒါဆို ပိုင်ပိုင်က အချစ်ကံဆိုးသွားတာပေါ့"

ခန့်ညားကြားရတာ စိတ်မကောင်းပေ။ အစကတော့ ကိုယ့်ချစ်သူနဲ့ ပတ်သက်ခဲ့တာဆိုပြီး သဝန်တိုသလိုတော့ ရှိသေး။ အခုကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ စာနာစိတ်နှင့် သနားမိသည်သာ။

"အခု မောင်ခန့်ညားနဲ့ကိစ္စမှာလည်း အဲဒီလို စံပယ်ကို ဖြ
ပြီး ခုတ်ရာတခြား ရှရာတခြား ဖြစ်ကုန်မှာစိုးလို့ ခုလိုတွေ ရုပ်ဖျက်ပြီ
နေနိုင်းတာပေါ့ကွယ်။ အဝင်းတို့က အတ္တကြီးကြတယ်။ အဲဒါကြောင့်
ပဲ ကိုယ့်တူမအရင်းခေါက်ခေါက်ကို ရက်စက်ခဲ့ကြတာပေါ့"

"တော်တော်ယုတ်မာတဲ့သူတွေပဲ။ ကျွန်တော်တော့ သူတို့
မိသားစုရဲ့စိတ်ဓာတ်တွေကို ရွံတယ်။ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်
တတ်ကြတဲ့သူတွေ"

ခန့်ညား စံပယ်ကိုလည်း သနားနေမိသည်။ ငယ်သံယောဇဉ်
ရှိနေပါလျက်နဲ့ သူ့ခမျာ အဒေါ်မိသားစုကို ကြောက်လို့ အဲဒီလိုပြော
အဲဒီလို ရက်စက်ပြခဲ့ရတာနေမှာပေါ့။ ပိုင်ပိုင်နဲ့ပတ်သက်ပြီး စံပယ်
ရင်ထဲမှာ နောင်တတွေတော့ ရှိနေမှာပါ။ ဒီတစ်ခါတော့ မကြောက်ပါနဲ့
စံပယ်။

မင်း ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး။ မင်းရဲ့ရှေ့မှာ
ကိုကို အမြဲရှိနေမှာပါ။

"မောင်သန့်ရှင်း"

"ဗျာ"

"စံပယ့်အပေါ်မှာ တစ်မျိုးမမြင်ပါနဲ့နော် သား"





"မမြင်ပါဘူး ဒေါ်မွှေးရယ် ... စိတ်ချပါ။ ကျွန်တော် စံပယ့်
ကို ဒီဘဝထဲကနေ ရအောင်ဆွဲထုတ်မယ်"

အမှောင်ထဲမှာပေမယ့် ဒေါ်မွှေးရဲ့ မျက်လုံးတွေကတော့
တောက်ပနေသည်။ သူတော်ကောင်း နတ်ကောင်းမတယ်တဲ့။ စံပယ်
က စိတ်ထားလေးဖြူစင်လို့ သူမဘဝကို ကယ်တင်မယ့် မောင်သန့်ရှင်း
လိုလူကို နတ်သိကြားတွေက ဖန်ဆင်းပေးလိုက်တယ် ထင်ပါရဲ့။

"ဒေါ်မွှေး ဝမ်းသာလိုက်တာ သားရယ်။ ကျေးဇူးလည်း
အရမ်းတင်တယ်။ ဒေါ်မွှေးက စံပယ်ကို ဒီဘဝကနေ လွတ်မြောက်
စေချင်တာ ကြာပြီကွဲ့"

"ကျွန်တော် စိုးရိမ်တာတစ်ခုပဲ ဒေါ်မွှေး"

"ဘာလဲဟင်"

"ကျွန်တော့်ကို စံပယ် စိတ်ပျက်သွားမှာကိုပါ"

"အို ... ဘာလို့ပျက်ရမှာလဲ။ မပျက်ပါဘူးကွယ်။ စံပယ့်
စိတ်ကို ဒေါ်မွှေး ယုံကြည်တယ်။ သူက အပြောင်းအလဲမြန်တတ်တဲ့
မိန်းကလေးမဟုတ်ဘူး မောင်သန့်ရှင်း။ သူ မင်းကို တကယ်ချစ်တာ
ပါ။ အရင်ကလည်း မင်း ဒီပုံစံ၊ အခုလည်း ဒီပုံစံ။ ဒီပုံစံကို လက်ခံ
နိုင်လို့မှ အစကတည်းက လက်ခံခဲ့တာ အခုမှ ဘာများပြောင်းလဲစရာ
ရှိလို့လဲကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... ကျွန်တော်က စိုးရိမ်လွန်နေတာပါ။ ကျွန်တော့်ကို ချစ်မိလို့ စံပယ် နောင်တမရစေရဘူး။ ဒေါ်မွှေး စံပယ် ဒီဝဋ်ကနေ ကျွတ်တော့မှာပါ"

ဒေါ်မွှေး ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေသည်။ စံပယ်ကို ဒီဘဝကနေ လွတ်မြောက်စေချင်ခဲ့တာ ကြာပြီပဲလေ။

✵



## အခန်း (၂၅)

"ဘယ်လို ကို"

ဖွင့်ပြောဖို့အချိန်တန်ပြီမို့ သန့်ရှင်း အမှန်တွေဖွင့်ပြောလိုက်ပြီလေ၊ သခင့်ကို။ အခြေကျပြောမှဖြစ်တော့မှာမို့ပါ။ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့မှမရတာ။ သန့်ရှင်း ဆက်ပြီးရင်မောမနေချင်တော့ပါဘူး။ ကိုယ့်ဘဝအမှန်ကို သခင် လက်ခံနိုင်လား လက်မခံနိုင်လား သေသေချာချာ သိဖို့လိုပြီလေ။

သူ ကိုယ့်ကို တကယ်ချစ်ရင် –

ဘယ်တဝမျိုးပဲဖြစ်ဖြစ် လက်ခံနိုင်ရမှာပေါ့။ ကိုယ်က ခန့်ညားအစစ်မဟုတ်လို့ လက်မခံနိုင်ဘူးဆိုရင် ဒါ အချစ်စစ်မဟုတ်သေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အဲဒီအတွက် လက်မခံရင်လည်း ဝမ်းမနည်းဘူးလေ။ ကိုယ့်ကို တကယ်မချစ်တဲ့ အချစ်တုနဲ့လွဲသွားတာပေါ့။ ကိုယ်လိုချင်တာက အချစ်စစ်၊ မေတ္တာငတ်နေသူမို့ မေတ္တာစစ်ကိုပဲ လိုချင်တာပါ။

"ကိုက ခန့်ညားအစစ်မဟုတ်ဘူး ဟုတ်လား။ ခန့်ညားက သန့်ရှင်း။ သန့်ရှင်းက ခန့်ညား။ ဘာတွေလဲ ကိုရာ။ သခင် နားမလည်ဘူး၊ နားလည်အောင် ရှင်းပြစမ်းပါ"

"နားလည်အောင် ရှင်းပြရရင်တော့ ခန့်ညားက အိမ်ထောင်မပြုချင်ဘူးလေ။ လွတ်လွတ်လပ်လပ်နေချင်သေးတာ။ ပြီးတော့ မိဘပေးစားတာယူပြီး အချစ်မပါတဲ့ အိမ်ထောင်ရေးကို မတည်ဆောက်ချင်ဘူးတဲ့"

သခင် စိတ်ဝင်စားစွာနှင့် သန့်ရှင်းမျက်နှာကို မော့ကြည့်ပြီး နားထောင်နေသည်။

"ကိုယ်က အိမ်ထောင်ပြုမှ ဘိုးဘွားတွေပေးထားခဲ့တဲ့ အမွေတွေကိုရမယ့်သူပါ။ အိမ်မှာ မိထွေးက မကြည်ဖြူဘူးလေ။ အဲဒါကြောင့် ..."

ရှေ့ဆက် ဒီလိုကနေ အစချီပြီး သန့်ရှင်း အမှန်တရားတွေကို ရှင်းပြလိုက်သည်။ သူပြောသမျှ သခင်က ငြိမ်သက်ပြီး နားထောင်နေသည်လေ။ ခုလိုပြောပြဖို့ သူ ခန့်ညားနဲ့တိုင်ပင်ပြီးမှပြောတာပါ။





မကြာခင် ခန့်ညားလည်း ရောက်လာတော့မှာပါလေ။ ဒီနေ့ညမှာ ဆုံပြီး တစ်ခုခုကို ဆုံးဖြတ်ကြဖို့ ခန့်ညားလည်း လာမှာဖြစ်သည်။

"ဒါဆို ကိုတို့နှစ်ယောက်ပေါင်းပြီး သခင်တို့မိသားစုကို ညာခဲ့တာပေါ့"

"အဲဒီအတွက် သခင် အပြစ်ပေးမယ်ဆိုရင် ခံပါ့မယ်"

သခင် ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်သွားလေသည်။ သူမလည်း တစ်ခုခုကို တွေးနေမှာပေါ့။

"ဟော"

ခန့်ညားကို မျှော်နေချိန်မှာပဲ သူတို့ဆီသို့ ခန့်ညားက ခြေလှမ်းကျဲများနှင့် လျှောက်လာနေပါပြီ။ ပုံမှန်အတိုင်းဆိုတော့ ခန့်ညားက ...သားတ[illegible]ပါးပါ။

"ခန့်ညား လာပြီ"

"ဟင်"

ခန့်ညား လာပြီဆိုတာနှင့် သခင်လည်း သန့်ရှင်းကြည့်တဲ့ နေရာဆီသို့ လိုက်ကြည့်လေသည်။

"ဆောရီး ... ငါနောက်ကျသွားတယ် သန့်ရှင်း"

"ရပါတယ်"

"ငါလည်း ဖြုန်းခနဲ ဒီပုံစံနဲ့ လာရမှာဆိုတော့ အိမ်မှာ ရှုလစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် စောင့်နေရတာနဲ့ ကြာသွားတာ''

“မင်း Taxi နဲ့လာတာလား''

“အေးလေ ... Taxi နဲ့မလာလို့ ငါက ခြေထောက်နဲ့ပြေး
လာရမှာလား။ မင်းလို ကားမောင်းခွင့်မှမရတာ''

“ဘာလဲ ... မင်းက ငါ့ကို ထေ့တာလား''

“မဟုတ်ပါဘူးကွာ။ ငါက ပြောပြတာပါ''

သခင် ခန့်ညားကို ခြေဆုံးခေါင်းဆုံး နှစ်ခါပြန်ကြည့်လေ
သည်။ မင်းသားတစ်ယောက်လို ချောမွေ့နေလိုက်တာ။ ဒါကို သွား
ကြီးနဲ့ မျက်မှန်တပ်ပြီး ရုပ်ဖျက်လာခဲ့တယ်ပေါ့။ ကိုယ့်ဒုက္ခ ကိုယ်ရှာ
ပါပဲ။

“ကိုခန့်ညားနော်''

“ဟုတ်ပါတယ်''

“သွားတုချွတ်လိုက်တော့ တစ်မျိုးဖြစ်သွားလို့ သေချာ
အောင် မေးတာပါ။ ရှင် တော်တော်ချောတာပဲနော်''

ခန့်ညားနဲ့သန့်ရှင်း အကြည့်ချင်းဆုံသွားကြလေသည်။

“စောစောကအထိ ကျွန်မစိတ်က ဘယ်လိုဆုံးဖြတ်ရမ
ဆိုတာ ဇဝေဇဝါ ဖြစ်နေတုန်းပါပဲ။ အခု ရှင့်ကို မြင်လိုက်တော့
ကျွန်မကိုယ်ကျွန်မ သိလိုက်တယ်။ တစ်ခုခု ဆုံးဖြတ်ဖို့ သေချာ





သွားပါပြီ''

“ဗျာ''

“ဟင်''

ဆုံးဖြတ်ဖို့ သေချာသွားပြီဆိုတော့ သူမ ဘယ်လိုဆုံးဖြတ်မှာ
ပဲ။ ခန့်ညားက မတုန်လှုပ်ပေမယ့် သန့်ရှင်းကတော့ စိုးရိမ်စိတ်နှင့်
တွေခုန်နေသည်သာ။ သူ အဆိုးတစ်ခုကိုပဲ မျှော်လင့်ထားပါသည်။
ကိုယ်က သူမအချစ်ကို လိမ်ညာပြီး ယူခဲ့တာဆိုတော့ သူမ ဆုံးဖြတ်
လိုပဲ ခံရမှာမဟုတ်လား။

“သခင်က ဘယ်လိုဆုံးဖြတ်မှာလဲ ပြောပါ''

သခင် ခန့်ညားမျက်နှာကို စေ့စေ့ကြည့်ပြီး –

“အစကတည်းက မလိမ်မညာဘဲ ခန့်ညားက ခန့်ညား၊
သန့်ရှင်းက သန့်ရှင်းအဖြစ်နဲ့ပဲ လာခဲ့မယ်ဆိုရင် မိဘတွေရဲ့ဆန္ဒအရ
ကျွန်မစိတ်နဲ့ ကျွန်မရော အရမ်းချောတဲ့ရှင့်ကိုပဲ သဘောကျမိမှာ
သေအချာပါပဲ''

သန့်ရှင်း မျက်နှာပျက်သွားလေသည်။ ဒါကို ခန့်ညား မြင်
တာပေါ့။

“အခုကျတော့ ကျွန်မရင်ထဲမှာ အချစ်က ခိုင်မာသွားခဲ့ပြီ၊
ကျွန်မချစ်တာ ကို၊ ကျွန်မချစ်သူ ကို့နေရာမှာ ဘယ်သူကိုမှ အစား



www.burmeseclassic.com

www.burmeseclassic.com



မထိုးနိုင်ဘူး''

''ဟင်''

''ခန့်ညားပဲဖြစ်ဖြစ် သန့်ရှင်းပဲဖြစ်ဖြစ် ကျွန်မက အခုလက်ရှိ ကျွန်မရဲ့ချစ်သူကိုပဲ ချစ်တာ။ သူ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ဘယ်အထဲ ရောက်ရောက် ကို့ကိုပဲ ကျွန်မလက်ထပ်မယ်။ အခက်အခဲ အတား ဆီးတွေရှိရင်လည်း ကို့လက်ကို ခိုင်ခိုင်ဆုပ်ပြီး ကျွန်မ ရဲရဲရင်ဆိုင်မယ် ရဲရဲကျော်ဖြတ်မယ်''

''ဟား''

''သခင်''

သခင့်ကို ခန့်ညား ဒီတစ်ခါတော့ လေးစားပြီလေ။ ပြတ်သား လိုက်တဲ့ ဆုံးဖြတ်ချက်။ အချစ်အတွက် ဘာမဆို ရင်ဆိုင်ရဲတဲ့သတ္တိ ဒီလိုမှပေါ့။ အချစ်စစ်ကို ပိုင်ဆိုင်ခွင့်ရလိုက်တဲ့ ကိုယ့်ရဲ့အချစ်ဆုံး သူငယ်ချင်းအတွက် ဝမ်းသာပါသည်လေ။ သန့်ရှင်းလို ကာယကံရှင် မပြောနဲ့ ကိုယ်တောင် သခင့်စကား ကြားရတာ ဝမ်းသာလိုက်တာ

သန့်ရှင်းမှာတော့ –

ဝမ်းသာလွန်းလို့ အတိုင်းထက်အလွန်ပေါ့။ ထခုန်ချင်စိတ် တောင် ပေါက်တယ်လေ။ ဒါကြောင့် ဝမ်းသာအားရနှင့် သခင့်လက် ကလေးကို ဆုပ်ကိုင်လိုက်တော့ ကိုယ့်လက်ကို ခပ်တင်းတင်း ပြန်





ဆုပ်ပြီး ပြုံးလိုက်တဲ့ အပြုံးဟာ အအေးချမ်းဆုံးနဲ့ အလှဆုံးအပြုံး ပါ။

''သခင်''

''ဟင်''

''သခင် သခင် တကယ်ပြောတာလား။ သခင် တကယ် ပြောတာလား။ ကို အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်''

''တကယ်ပါဆို၊ ချမ်းသာတာ မချမ်းသာတာ၊ ရုပ်ချောတာ မချောတာတွေနဲ့ တွက်ပြီး ချစ်နေရင် ဘယ်မှာ အချစ်စစ် ဟုတ်ပါ့မလဲ။ သခင်က ကို့ကို စစ်မှန်တဲ့ချစ်ခြင်းတရားနဲ့ တကယ်ချစ်ခဲ့တာပါ''

''ဒီစကားတွေကြားရတာ ကို အသက်ရှူရပ်မတတ်ကိုပဲ ဝမ်းသာလှပါတယ်သခင်ရယ်''

ခန့်ညားက သန့်ရှင်းပခုံးကို လှမ်းပုတ်လိုက်ပြီး –

''မင်းအတွက် ငါ ဂုဏ်ယူပါတယ် သူငယ်ချင်း''

''ကိုခန့်ညားကရော''

''ဟင် . . . ဘာလဲ''

''သွားခေါ်ပြီး ဆံပင်စုတ်ဖွားနဲ့ စံပယ့်ကို တကယ်ချစ်တာ လား''

''အကယ်တစ်ထောင်ချစ်တာ''



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့ ချစ်တာလဲ”

“ချစ်ချင်လို့ချစ်တာလေ။ အချစ်က ချစ်မိလာရင် ဘာ
သာတာတွေ နာတာတွေ တွက်နေစရာ မလိုဘူး။ စောစောက သင်
ပြောခဲ့သလိုပဲပေါ့”

“ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ စံပယ်လည်း ရှင်နဲ့ချစ်သူဖြစ်
ရတာ အရမ်းကံကောင်းပါတယ်”

ခုမှပဲ ရယ်နိုင် ပြုံးနိုင်နှင့် ရင်ထဲမှာ ပေါ့ပါးသွက်လက်သွား
တော့သည်။ ချစ်တဲ့သူတွေ ပေါင်းစည်းခွင့်ကြုံကြပါစေ။

“ကဲ သန့်ရှင်း”

“မင်း ပြန်တော့မလို့လား”

“ပြန်တော့မယ်လေ။ မင်းတို့နှစ်ယောက် ရှေ့ရေးအတွက်
ဆွေးနွေးကြဦးပေါ့”

ခန့်ညားပြောပြီး နှုတ်ဆက်ကာထွက်လာခဲ့တော့သည်။ လာ
တုန်းကတော့ ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့ပေါ့။ သခင် စိတ်ရင်းမှန်
သိချင်လို့ သူ ဒီပုံစံနှင့် လာခဲ့တာလေ။ အိမ်ကထွက်လာတုန်း
ဒီပုံစံကို ဘယ်သူမှမမြင်အောင် တိတ်တိတ်လေးလာခဲ့တာ။ အိမ်ပြ
ရောက်ရင် အားလုံးကို အံ့အားသင့်အောင်လုပ်မလို့လေ။ အခု သခင့်
စိတ်ရင်းမှန်က သန့်ရှင်းကိုမှ ချစ်ပါသည်ဆိုတော့ –





သူ ကျားနဲ့ဆင် မပြောနဲ့ ကြောင်နဲ့ဆိတ်တောင် မဖမ်းရတော့
ဘူးပေါ့။

ကျန်ခဲ့တဲ့ သန့်ရှင်းနဲ့သခင့်မှာတော့ –

“သခင်”

“ကို”

“သခင့်မိဘတွေက ကိုနဲ့သခင့်ကို လုံးဝ သဘောတူမှာ
မဟုတ်ဘူးနော်။ သူတို့ရဲ့ပစ်မှတ်က ခန့်ညားဆိုတော့”

“ကိုကလည်း ခန့်ညားကို သခင်ကမှမချစ်တာ။ မိဘစကား
နားမထောင်နိုင်တော့ဘူးလေ”

“ဒါဆို သခင်က ကိုခေါ်ရာလိုက်မှာလား”

“အင်း ... လိုက်မှာပေါ့”

“ဟား ... ပျော်လိုက်တာကွာ”

သန့်ရှင်း သခင့်ကိုယ်လေးကို ထွေးဖက်ထားလိုက်သည်။
ကိုယ်ကတော့ စိုးရိမ်လိုက်ရတာ။ အခုတော့ ယုံကြည်စိတ်ချစွာနှင့်
အချစ်တွေက ရင်ထဲမှာ ပို၍ ပို၍ တိုးလို့သာ။

“အရမ်းချစ်တယ် သခင်ရယ်”

“ဒီက ပိုပါတယ်နော်”

“ကိုက ပိုတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်လောက်ပိုလဲ"

"သခင်ထက် အဆပေါင်း သိန်းသန်း ကုဋေကွာ"

သခင်က သဘောကျစွာ တခစ်ခစ်ရယ်ရင်း သူ့ခါးကို ဖြ[illegible] ဖက်ထားလေသည်။ ကိုယ်အဆင်ပြေသလို ခန့်ညားလည်း အဆင်ပြေ[illegible] ပါစေ။

✵



## အခန်း (၂၆)

"ရှီ ရှီ ရှီ"

ခန့်ညား လေချွန်တမြမြနှင့် အိမ်ထဲသို့ ဝင်လာခဲ့သည့်တွင် ညှော်ခန်းထဲမှာ ထိုင်နေတာသည့် ဖုန်းကို ဘာတွေကလိနေသည်မသိ သော သခင်တစ်ယောက်တည်းပါ။ လေချွန်သံကြားလို့ မော့အကြည့် ခန့်ညားကို မြင်သွားလေတော့ –

"ဟင်"

ကိုယ့်ကို ဂရုမစိုက်သလိုနှင့် ညှော်ခန်းကိုဖြတ်ပြီး မီးဖိုချောင် ဆက်ကို ဦးတည်သွားတာ ဘယ်သူလဲ။ သန့်ရှင်းမဟုတ်တာကတော့ အသေအချာပါ။ ခဏမျက်နှာကိုမြင်လိုက်ရတာနှင့် ချောလိုက်တာလို့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ရေရွတ်မိ၏။ သူ ဘယ်သူလဲ။ ကိုယ့်အိမ်ထဲကို သူ
ဘာလို့ ခွင့်မတောင်းဘဲနဲ့ ဝင်လာတာလဲ။

လုပ်သွားတဲ့ပုံက –

သူကပဲ အိမ်သားလိုလို ပုံစံနဲ့။ ဧည့်သည်ဆိုရင်လည်း အရမ်း
ရင်းနှီးပြီး တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့်ရနေတဲ့ ဧည့်သည်ပုံစံ
ဒါကြောင့် သဇင် ချက်ချင်းပဲ ထလိုက်သွားပြီး –

"ဟိတ်"

"_____"

"ဒီမှာ"

"_____"

"ရှေ့ကတစ်ယောက် ခေါ်နေတာ မကြားဘူးလား"

ခန့်ညား ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ ခေါ်နေ
ကြားသားပဲ။ မထူးချင်လို့ မထူးတာပဲဥစ္စာ။ အခု ခြေလှမ်းတွေရပ်လိုက်
တော့ သူမက သူ့ရှေ့ရောက်လာပြီး မျက်နှာချင်းဆိုင်မှာရပ်လေ
ဘာလဲဟူသော သဘောနှင့် မေးဆတ်ပြလိုက်၏။

"နင် ဘယ်သူလဲ"

"လူလေ"

သဇင် လွှန့်ခနဲပြုံးလိုက်ပြီး –





"လူမှန်းတော့ သိတာပေါ့။ နာမည်ကို မေးတာလေ။
တော့ တို့အိမ်ထဲကို ဘာလို့ ပိုင်စိုးပိုင်နင်းနဲ့ ဝင်လာတာလဲ"

လေသံကပျော့ပျောင်း ကိုယ်ဟန်က နွဲ့နှောင်းနေပါလား။
မကလိထိုးပြီး ရယ်ချင်လိုက်တာ။ သွားတုကြီးတပ်ထားတုန်းက
ပုံက သွားခေါ်တဲ့။ ကိုယ့်ကိုမြင်ရင် မတူမတန်သလို မျက်နှာကြော
ပြီး အော်လိုက်ငေါက်လိုက်နဲ့လေ။ အခုပြောနေတဲ့လေသံနဲ့များ
ပါ့။

"နာမည်ကို အရင်ပြောရမလား။ ဒါမှမဟုတ် ပိုင်စိုးပိုင်နင်းနဲ့
လာမိတဲ့အကြောင်းကို အရင်ပြောရမလား"

"နာမည် အရင်ပြောလေ"

"ခန့်ညား"

"ဘယ်လို"

သူမ မယုံသလို မျက်လုံးလေးဝိုင်းသွားပြီး –

"ခန့်ညား ဟုတ်လား၊ မဖြစ်နိုင်တာ"

"ဖြစ်နိုင်လို့ပဲ ဖြစ်လာခဲ့တာပေါ့ မသဇင်။ ခန့်ညားနဲ့ သန့်ရှင်း
ခင်ဗျားတို့စိတ်ရင်းမှန်တွေကို သိချင်လို့ လူချင်းနေရာပြောင်း
မည်ချင်းလဲပြီး လာခဲ့ကြတာ။ မယုံရင် ခဏလေးစောင့်"

ခန့်ညား တစ်ဖက်သို့လှည့်ပြီး ဘေးလွယ်အိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားတဲ့ သွားတုကိုထုတ်ပြီး တပ်လိုက်သည်။ ပြီးမှ သခင်ဘက်သို့ ပြန်လှည့်ပြီး –

"ဒီမှာလေ"

"ဟင်"

"ခင်ဗျားတို့သွားခေါ်လို့ခေါ်ပြီး အထင်သေးနေတဲ့ ခန့်ညား အစစ်"

ဟုတ်ပါတယ်။ သွားတုတပ်လိုက်တော့မှ မျက်မှန်မရှိတာ လွဲရင် သွားခေါ် သန့်ရှင်းရုပ်က ပေါ်လာလေသည်။ သဇင် သူ့ မျက်လုံးအဝိုင်းသားနှင့် ကြောင်ကြည့်နေမိသည်လေ။

"ဘယ်လိုလဲ သိပ်အံ့သြသွားသလား မသဇင်"

"နင်တို့"

သူ့မျက်နှာကို လက်ညှိုးထိုးပြီးမှ လက်ကို ပြန်ရုတ်ပြီး လျှင် . . .

"ပြောလေ၊ လူလိမ်လူညာတွေလို့။ တကယ်တမ်း ခင်ဗျားတို့ကမှ အကြီးကြီးလိမ်ခဲ့တာ"

"ဘာ . . . တို့က ဘာလိမ်လို့လဲ"

"ကိုယ့်အကြောင်းတော့ ကိုယ်သိကြမှာပေါ့။ မကြာခင် ခင်ဗျားတို့ရဲ့ဇာတာတွေကို ပိုးထိုးတော့မှာပါ"





"နင် ဘာတွေပြောနေတာလဲ ခန့်ညား"

ခန့်ညား မဲ့ခနဲဖြစ်သွားပြီး ဆက်မပြောတော့ပေ။ တစ်နေ့ ကျတော့ သူတို့သိကြမှာပေါ့။ အခုပြောဖို့က စောပါသေးတယ်လေ။ ပြောလိုက်ရင် ပြဿနာအားလုံး စံပယ့်ခေါင်းပေါ် ပုံကျမှာစိုးလို့ မပြော သေးပါဘူး။

"အဲဒါတွေထားပါ။ အခု အမှန်တရားကို သိရတော့ရော ဘာဖြစ်လဲ။ ခန့်ညားအတုက သခင်နဲ့အဆင်ပြေနေတယ်ဆိုတော့ ခန့်ညားအစစ်က သဇင်အတွက်ရော မဖြစ်နိုင်ဘူးလား"

"ဆုတောင်းလေ ဆုတောင်း"

ခန့်ညားပြောပြီး သဇင်ကို ရှောင်ကွင်း၍ ထွက်လာခဲ့တော့ သည်။ သဇင်ကတော့ ကျေနပ်ပြုံးနှင့် ကျန်ရစ်ခဲ့သူ။ အင်း ကိုယ်တွေ ကို အကြီးကြီးလိမ်တာတဲ့။ သူ ဘာတွေသိထားလို့လဲ။ ဟိုကိစ္စ ဒီကိစ္စ တွေတော့ မဖြစ်နိုင်ပါဘူး။ ဒေါ်မွှေးက ပြောမှာမှမဟုတ်ပဲလေ။ သူ အမင် သဇင့်ကို မခံချင်အောင် ပြောတာပဲဖြစ်မှာပါ။

အဲဒါထားလိုက်ပါ။

သခင်တစ်ယောက် ခန့်ညားက သူ့ကိုချစ်တယ်ဆိုပြီး မာန် တက်နေတာ။ အခု သူ့ကိုချစ်တယ်ဆိုတဲ့ ခန့်ညားက အတုကြီးဖြစ်နေ တယ်ဆိုတော့ သူ ဘာလုပ်မှာလဲ။ ခုမှ ထွေးမရ အန်မရဖြစ်နေပြီလား။

www.burmeseclassic.com



ဒီကိစ္စကို သခင် သိရောသိပြီးပြီလား မသိပါဘူး။

အဟွန်း။

ကိုယ်ကတော့ ရလာတဲ့အခွင့်အရေးကို လက်လွှတ်မခံ

အောင် မေမေ့ကို ဖောက်သည်သွားချရမည်သာ။

"စံပယ်"

"-----"

"စံပယ်"

မီးဖိုချောင်ထဲ ဝင်လာရင်း စံပယ်နာမည်ကိုပဲ ခေါ်နေတာ

ဘယ်သူရှိရဦးမှာလဲ။ ကိုကိုပဲပေါ့။ ဒါကြောင့် စံပယ်နဲ့ ဒေါ်မွှေး ရယ်

ကြည့်လိုက်ကြစဉ် သန့်ရှင်းက သူ့သွားကိုဖော်၍ ရယ်ပြလေသည်

"ကိုကို"

"ထမင်းစားပြီးပြီလား"

"မစားရသေးဘူးလေ။ အခုပဲ စားတော့မလို့။ ကိုကို တစ်ခါ

တည်းဝင်စားမယ် မဟုတ်လား"

"အင်း ... စားမှာပေါ့"

အရင်ကဆို ခန့်ညား ဒေါ်ဝင်းသဖင်တို့မိသားစုနဲ့ ထမင်းအတူ

စားရသည်။ ကိုယ့်သူငယ်ချင်း ခန့်ညားအတွက်ရဲ့မျက်နှာနဲ့မို့ ထမင်းအတူ

ဝင်စားခွင့်ရတာလေ။ သိပ်တော့ မကြည်ဖြူချင်ဘူးပေါ့။ နောက်တော့





ခန့်ညားကပဲ သူတို့နှင့်အတူ ဝင်မစားတော့ဘဲ ဒေါ်မွှေးနဲ့စံပယ်ကို

စောင့်ပြီး –

စံပယ်တို့နှင့်ပဲ ...

ထမင်း အတူစားဖြစ်ခဲ့တာ ကြာပါပြီ။ အခု အပြင်က ပြန်လာ

တာမို့ တစ်ခါတည်း ဝင်စားမလားလို့ မေးတာပေါ့။

"စံပယ်"

"ရှင်"

"ကိုကို စံပယ်နဲ့ ဒေါ်မွှေးကို ပြောစရာရှိတယ်။ ပြောစရာ

ရှိတယ်ဆိုတာထက် ဝန်ခံစရာရှိတယ်ဆိုရင် ပိုမှန်ပါတယ်"

"ဘာများလဲ မောင်သန့်ရှင်းရဲ့"

"အခုမပြောနဲ့ဦးလေ ကိုကိုရဲ့။ စံပယ်တို့က အလုပ်တစ်ဖက်

နဲ့ အေးအေးဆေးဆေးမှ နားထောင်လို့မှမရတာ။ ထမင်းစားရင်းနဲ့မှ

ပြော ဟုတ်ပြီလား"

ကိုယ့်ထက် အသက်ကြီးတဲ့သူရဲ့စကားကို နားထောင်တဲ့

ကလေးတစ်ယောက်လို ခန့်ညား ခေါင်းညိတ်လိုက်သည်လေ။ စံပယ်

ပြောတာလည်း ဟုတ်နေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)

ထမင်းဝိုင်းမှာ ဒေါ်မွေးပန်းကန်ထဲသို့ ခန့်ညားက ဟင်းခပ်ထည့်ပေးလိုက်၊ စံပယ်က ဟင်းခပ်ထည့်ပေးလိုက်နှင့် ဒေါ်မွေး ပန်းကန်ထဲမှာ ဟင်းတွေ ပြည့်နေတော့သည်။ ဟင်းဆိုတိုင်း အသားဟင်းချည်းပဲတော့ မဟုတ်ဘူးပေါ့။ ဒေါ်မွေးနဲ့စံပယ်က ဘာဟင်းပဲဖြစ်ဖြစ် အိမ်ရှင်တွေ စားလို့ပိုတာမှ စားရတာလေ။

သူတို့စားကောင်းလို့မပိုတဲ့အခါကျတော့ –

ကျန်တာလေးနဲ့ပဲ မျှစားခဲ့ကြတာပါ။ အခုနောက်ပိုင်း သန့်ရှင်းနဲ့ဆိုတော့ သုံးယောက်ပေါ့။

"ကဲ တော်ကြပါတော့ကွယ်။ ဒေါ်မွေးပန်းကန်ထဲကိုချည်းဟ





င်းတွေ ခပ်ထည့်မနေကြပါနဲ့တော့။ မင်းတို့လည်း စားကြလေ"

ဒေါ်မွေး ပြောမှပဲ ခန့်ညားက စံပယ်ပန်းကန်ထဲသို့ ခပ်ထည့်ပေး၊ စံပယ်ကလည်း ခန့်ညားပန်းကန်ထဲသို့ ပြန်ခပ်ထည့်ပေးနှင့် အကယ့်မိသားစုတစ်စု၏ ထမင်းဝိုင်းလိုပါ။

"ကိုကို"

"ဟင်"

"စားလို့ကောင်းလား"

"အင်း . . . ကောင်းတာပေါ့။ ဒေါ်မွေးရော စံပယ်ရော နှစ်ယောက်စလုံးရဲ့လက်ရာတွေက ကောင်းတာပဲဥစ္စာ"

"ကောင်လေးနော် . . . စံပယ်ကို ချီးကျူးချင်တာနဲ့ ဒေါ်မွေးကိုပါ မကောင်းတတ်လို့ ဆွဲထည့်တာမဟုတ်လား"

ခန့်ညား ရယ်လိုက်ကာ –

"မဟုတ်ပါဘူး ဒေါ်မွေးရယ် . . . ကျွန်တော်က တကယ်ပြောတာပါ။ စံပယ်က ဒေါ်မွေးသင်ပေးလို့ တတ်တာမဟုတ်လား။ အဲဒီတော့ ဆရာ့လက်ရာကောင်းလို့ တပည့်လက်ရာလည်း ကောင်းတာပေါ့ မဟုတ်ဘူးလား"

"ပြောတတ်လိုက်တာ ဒီပါးစပ်က"

ပြောပြီး ဒေါ်မွေးက မျက်စောင်းထိုးလေသည်။ စံပယ်က



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပြောစရာရှိတယ်လို့ စောစောက ပြောထားတာကိုသတိရပြီး–

“ကိုကို”

“ဟင်”

“ဒေါ်မွှေးနဲ့စံပယ်ကို ပြောစရာရှိတယ်ဆို။ ဘာပြောမှာလဲ ပြောလေ”

“အင်း”

အင်းဆိုတာ ထမင်းခွံ့နေတာကြောင့် ပါးစပ်မအားသေးလို့။ သူလည်းပြောမလို့ပါပဲ။ ဘယ်ကစပြောရမှန်းမသိသေးလို့ အခြားစကားတွေပဲ ဖောင်ဖွဲ့နေမိတာပါ။

“မောင်ခန့်ညား”

“အင်”

ကိုယ့်နာမည်ကို ခေါ်ပြီး ဝင်လာတဲ့ခြေသံတွေကြောင့် ကြည့်လိုက်မိတော့ ဒေါ်ဝင်းသဇင်တို့သားအမိ ဖြစ်နေတာကြောင့် လက်ထဲက ဇွန်းကို ချပစ်လိုက်မိသည်။ ဒေါ်ဝင်းသဇင်ရဲ့အပြုံး ချိုနေပါလား။ အပေါ်ယံ ချိုနေပေမယ့် အတွင်းကတော့ ခါးနေမှာ ကျိန်းသေပါ။

“မောင်ခန့်ညား”

“အန်တီတို့ကို ညာချင်တာနဲ့ သွားတုကြီး တပ်မထားစမ်းပါနဲ့ကွယ်။ မောင်ခန့်ညား မလွတ်မလပ် ဖြစ်နေမှာပေါ့။ စားရသောက်ရ





တာရော အဆင်ပြေရဲ့လား”

“ဟုတ်ကဲ့ အဆင်ပြေပါတယ်”

ဒေါ်မွှေးနဲ့ စံပယ် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်သွားကြလေသည်။ အန်တီဝင်း ဘာတွေပြောနေတာလဲဆိုတာကို နားမလည်။ ပြီးတော့ သန့်ရှင်းကို ခေါ်တာ ခန့်ညားတဲ့။ ဘာတွေလဲ ဘာကိုမှ နားမလည်နိုင်တော့ပေ။ သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိပြီးနောက် –

ကိုကို့မျက်နှာပေါ်သို့ အကြည့်ရောက်သွားစဉ် ကိုကိုက စားပွဲအောက်သို့ ခေါင်းငုံ့သွားပြီး ခေါင်းပြန်မော့လာလေတော့ –

“ဟင်”

“ဟယ်”

ကိုကို့ပါးစပ်ထဲမှာ ခေါနေတဲ့သွားတွေမရှိတော့ပေ။ စံပယ် ပါးစပ်အပေါက်သား ဖြစ်သွားသလို ဒေါ်မွှေးမှာလည်း မျက်လုံးအဝိုင်းသားနှင့်ပါ။

“အဲဒီလို လုပ်စမ်းပါ မောင်ခန့်ညားရဲ့။ ဒီလောက်ချောတဲ့ ရုပ်ကို ဘာလို့များ ဖျက်ဆီးပြီး ဖုံးကွယ်ထားချင်ရတာလဲ။ အန်တီတို့ လက်ခံထားတာက မောင်ခန့်ညားနော်။ သန့်ရှင်းမဟုတ်ဘူး”

ဒီစကားရဲ့အဓိပ္ပာယ်ကို ခန့်ညားသိတာပေါ့။ ပက်ခနဲ ပြန်ပြော

www.burmeseclassic.com



ချင်ပေမယ့် ကိုယ်က သူ့ပိုင်နက်ထဲရောက်နေတာမို့ ပြန်မပြောတော့ပါဘူး။

"မင်း ရုပ်ချောသည်ဖြစ်စေ ရုပ်ဆိုးသည်ဖြစ်စေ အန်တီတို့ လူကြီးချင်း ပြောထားတာ မောင်ခန့်ညားနဲ့ပါ။ အန်တီတို့ကို ဘာဖြစ်လို့ ညာချင်ရတာလဲ"

"ကျွန်တော်လည်း ကျွန်တော့်အကြောင်းနဲ့ကျွန်တော်ပါ"

"ဟုတ်ပါပြီ . . . အဲဒါတွေထားပါ။ မောင်ခန့်ညား အန်တီတို့ကို မလိမ်ခဲ့ရင် အကောင်းသားပေါ့။ အခုလို ညာလိုက်မိတော့ ရှေ့ဆို အန်တီတို့ လူကြီးချင်းထားခဲ့တဲ့ ကတိတွေ ပျက်သွားနိုင်ဖွယ်ရာ ရှိတယ်လေ"

ပျက်အောင်ပဲ လုပ်ခဲ့တာ ပျက်မှာပေါ့။

"အဲဒီတော့ အန်တီ့သမီးတစ်ယောက်နဲ့ မောင်ခန့်ညားကို အမြန်ဆုံး လက်ထပ်ပေးဖို့ စီစဉ်မှဖြစ်တော့မယ်။ အန်တီက ကတိပျက်မခံနိုင်ဘူးလေ။ ဒါကြောင့် မောင်ခန့်ညားမေမေကို ဖုန်းဆက်ပြီး ပြောပြရတော့မှာပေါ့"

ဟူး စောစောက အပျော်လေးတွေတောင် ဘယ်ရောက်ကုန်မှန်းမသိတော့ပါဘူး။ ထမင်းစားပျက်အောင် လာလုပ်တာ။ တော်ပြီ မစားတော့ပါဘူး။





"အဲဒါတော့ အန်တီတို့သဘောပါ"

ပြောပြီး ခန့်ညား ထမင်းဝိုင်းမှ ထထွက်လာခဲ့တော့သည်။ သူတို့ အမှန်တွေကိုသိသွားပြီဆိုမှတော့ မေမေ့ဆီကို မလွဲမသွေ ဖုန်းဆက်တော့မယ်ဆိုတာကို သူသိတယ်လေ။ မေမေ ဒီကိစ္စကို သိတာနဲ့ ဘာတွေရှေ့ဆက်ဖြစ်နိုင်မလဲဆိုတာကို ခန့်ညား ကြိုတွေးထားပြီးသားပါ။

ဒီတော့ –

ကိုယ်လည်း စီစဉ်စရာရှိတာကို စီစဉ်ရတော့မှာပေါ့။

"ခန့်ညား"

"_____"

"ခန့်ညား"

နောက်ကနေလိုက်လာတာ မသဇင်မို့ ခန့်ညား ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။

"ခန့်ညား ဘယ်သွားမလို့လဲ"

"ဘယ်မှမသွားပါဘူး"

ပြောပြီး ကိုယ့်လမ်းကိုယ်ဆက်လျှောက်ခဲ့သည်။ ထမင်းဝိုင်းမှာ ကျန်ခဲ့တဲ့လူတွေကတော့ –

"စံပယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"နင် သိပြီနော်၊ ခန့်ညားက ငါ့သမက်လောင်း။ အခု နင်သိထားတဲ့ သန့်ရှင်းဆိုတာ သန့်ရှင်းဟန်ဆောင်ထားတဲ့ ခန့်ညားပဲ။ နောက်ထပ် နင် လုံးဝ သူနဲ့မပတ်သက်ပါနဲ့။ ပတ်သက်လို့ကတော့ နင် ငါ့အကြောင်း သိတယ်နော်"

စောစောကတည်းက စံပယ် ထမင်းဆက်စားလို့မရတော့ပါဘူး။ ရင်ဘတ်ထဲမှာ စူးခနဲ ဆစ်ခနဲနဲ့ နာကျင်နေမိပြီလေ။ ကံကောင်းတော့မလားလို့ထင်ခဲ့မိတာ။

အခုတော့ . . .

စံပယ် ငိုရပြန်ပြီ ကိုကို။

✲



## အခန်း (၂၈)

ချစ်သူနှစ်ဦး ကြည်နူးနေချိန်မှာ ဖုန်းဝင်လာတာလောက် သန့်ရှင်း ဒေါသဖြစ်တာ မရှိတော့ပါဘူး။ အခု ဖုန်းဝင်လာတော့–

"ဟင် . . . ခန့်ညားဆက်တာပဲ"

အခုတစ်ခါတော့ လျှို့ဝှက်စရာတွေ၊ ဖုံးကွယ်စရာတွေ မရှိတော့တာမို့ သန့်ရှင်း စပီကာပါ ဖွင့်လိုက်သည်။

"ဟယ်လို ပြော ခန့်ညား"

"အခု မင်းတို့ဘယ်မှာလဲ သန့်ရှင်း"

"ကန်တော်ကြီးထဲမှာလေ၊ ဘာဖြစ်လို့လဲ"

"ဒီမှာတော့ အခြေအနေ သိပ်မကောင်းဘူး သန့်ရှင်း။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က မေမေ့ကို ဖုန်းဆက်ပြောမလို့တဲ့။ မေမေ ဆင်းလာရင် မလွယ်တော့ဘူးကွ။ အဲဒါကြောင့် ငါ စံပယ်ကို ခေါ်ပြီး လစ်တော့မယ်လို့ လှမ်းပြောတာ''

''ဟာ ဟော့ကောင်''

''ဘာလဲ''

သခင်ကတော့ စကားပြောနေတဲ့ သန့်ရှင်းမျက်နှာကိုပဲ ငေးကြည့်ကာ ပြောတဲ့စကားတွေကို နားထောင်ရင်း ရင်တွေ ထိတ်လို့လာ။ အခြေအနေမကောင်းရင် သခင်တို့လည်း စီစဉ်စရာရှိတာ စီစဉ်ပြီး လုပ်စရာရှိတာ လုပ်ရမှာပဲလေ။

''မင်းတို့ကလစ်တော့ ငါက ဘယ်မျက်နှာနဲ့ ကျန်ခဲ့ရမှာလဲကွ။ ငါက မင်းမျက်နှာနဲ့ နေနေရတာလေကွာ''

''မင်းကလည်း ပြောင်းပြန်ပြောပြန်ပြီ။ ငါက မင်းမျက်နှာနဲ့ နေရတာလေကွာ''

''ဟော့ကောင် ... အဲဒါ အရင်ကကွ။ အခု မဟုတ်တော့ဘူးလေ။ မင်းက လစ်ရင် ငါ့ကိုမောင်းချတော့မှာပေါ့။ ငါ ... ငါ ... သခင့်ကို မခွဲနိုင်ဘူး''

''မင်းကလည်း လွယ်တာကိုခက်အောင်လုပ်နေပြန်ပြီ။ ခွဲမနိုင်ဘူးဆိုမှတော့ မင်းတို့လည်း လစ်တော့ပေါ့ကွ။ မင်းကမှ သခင့်ကို





မင်းအိမ်ပြန်ခေါ်သွားပြီး အမွေတွေ တောင်းလိုက်ရုံပဲ။ အဆင်တော်ရဦးမယ်။ ငါက လောလောဆယ် ဘယ်သောင်တင်လို့ ဘယ်ကမ်းကပ်ရဦးမယ်ဆိုတာ မသိသေးဘူး''

ပြောလိုက်ရင် အဲဒီလို ကြီးကြီးကျယ်ကျယ်။ သူက စွန့်စားပြီး ကိုယ်က သတ္တိမရှိသလိုတော့ အဖြစ်မခံနိုင်ပါဘူး။ ခန့်ညားပြောတာလည်း ဟုတ်နေတာပဲ။ ကိုယ်က အိမ်ထောင်ကျရင် အမွေရမယ့်အကောင်ဆိုတော့ သခင့်ကို ကိုယ့်အိမ်ကိုယ် လက်ဆွဲခေါ်သွားပြီး အမွေတောင်းလိုက်ရုံသာ။

''အေး ... မင်းပြောတာလည်း ဟုတ်တော့ ဟုတ်တယ်ကွ''

''ဟုတ်မနေနဲ့ ... ဟုတ်ကိုဟုတ်တာ။ ဒီမှာ ဟော့ကောင်''

''အင်း ... ပြော''

''အခု မင်းတို့အိမ်ပြန်မလာနဲ့တော့။ တစ်ခါတည်းသာ တန်းလစ်တော့ သန့်ရှင်း။ အခု မင်းတို့စီးသွားတဲ့ ကားကိုယူသွား။ မင်းရဲ့ အခြေအနေမှန်ကိုသိရင် မင်းယောက္ခမကြီး မင်းကိုလေ လက်ဝါးပေါ်တင်ပြီး တစ်ဖူးဖူးနဲ့တောင် မှုတ်နေဦးမှာ ငါအာမခံတယ်၊ လစ်တော့ ... ဟား ဟား''

''ဩော် ... မင်းက ရယ်နေနိုင်သေးတယ်ပေါ့ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း ရယ်ပေါ့ကွာ။ ဒါပဲနော် ဟော့ကောင်၊ ငါ ဖုန်း
လိုက်တော့မယ်"

ပြောပြောဆိုဆိုနှင့် ခန့်ညား ဖုန်းချလိုက်လေတော့သည်။
သူ ကိုယ့်အဝတ်တွေ အိတ်ထဲထည့်ရင်း ဖုန်းပြောနေတာလေ။ စံပယ်
ကိုတော့ ပြောပြမနေတော့ပါဘူး။ စံပယ် အဝတ်တွေမပါတော့
ဘာဖြစ်လဲ။ စံပယ်မှာ အဝတ်ကောင်းကောင်းမရှိတဲ့အတူတူ ကိုယ့်
သာပဲ ဝယ်ပေးတော့မည်လေ။

ဟူး ...

စိတ်မောလိုက်တာ၊ မောလည်းမောပါစေတော့၊ ကိုယ့်ချစ်
လေးနဲ့ အတူတူနေရတော့မှပဲ ချစ်သူမျက်နှာလေးကို တစိမ့်စိမ့်ကြည့်
ပြီး အမောဖြေတော့မည်။ သူ အဲဒီလိုအတွေးပေါင်းစုံနဲ့ ဒီအိမ်က
လစ်ဖို့ လုံးပမ်းနေချိန်မှာ –

စံပယ်ဘက်မှာတော့ –

"မိစံပယ်"

ဒေါ်ဝင်းသဇင်က ကြိမ်းမောင်းနေတုန်းပဲရှိသေး။ မသဇင်
ပြန်ရောက်လာကာ –

"အရင်က သူ့ကို သွားခေါ်နေတာမို့လို့၊ ပြီးတော့ ခန့်ညား
မဟုတ်လို့ အရေးမစိုက်ခဲ့တာနော်။ အဲဒီတုန်းကတော့ နင်နဲ့ပဲတန်တယ်





ထင်လို့ လွှတ်ထားခဲ့တာ။ အဲဒါကို စိတ်ကူးဆက်ယဉ်ပြီး သာယာမနေ
နဲ့ ကြားလား။ အခု သူက မေမေကိုယ်တိုင် သမက်တော်ဖို့ ရွေးချယ်
ထားတဲ့ ခန့်ညားအစစ်။ နင်နဲ့ လုံးဝမတန်ဘူး"

"ဒါပေါ့ သမီးရဲ့။ ကြားတယ်မို့လား စံပယ်။ ကိုယ်နဲ့ မတန်
ရာကို မမှန်းနဲ့။ တန်ရာတန်ရာကိုပဲမှန်း။ အန္တလက်က ရွှေခွက်နဲ့မှ
ထိုက်တန်တာ။ အဲဒီတော့ နန်းထိုက်တော်ဝင်တဲ့ သဇင်ခက်ကိုပဲ
ရွှေခွက်ထဲထည့်ရမှာ။ နင် ကိုယ့်ဘဝကိုယ်သိ ကိုယ့်အဆင့်အတန်း
ကိုယ်နားလည်"

"ခန့်ညားက ငါ့အတွက် ရွှေမင်းသားနော်။ ငါ့ရွှေမင်းသားကို
တော့ အပိုင်ကြံမယ် မစဉ်းစားနဲ့။ ကျောချစရာ ဖျာတောင်မရှိ ဖြစ်
သွားမယ် ဘာမှတ်လဲ"

စံပယ့် ဘာမှတော့ မပြောသေးပေ။ ဒါပေမဲ့ နှုတ်ခမ်းကို
တင်းတင်းစေ့ပြီး သွားချင်းကြိတ်နေမိတာကို ဘယ်သူသိနိုင်မှာလဲ။
ခေါ်မွေး အတွေးထဲမှာတော့ ဖွင့်မပြောရဲလို့ မပြောပေမယ့် ရင်တွင်း
စကားကတော့ –

"အံမာ ... ပြေးကပဲ ပြီရတယ်ရှိသေး။ သူများပစ္စည်းဥစ္စာ
တွေကို မတရားလည်း သိမ်းပိုက်ထားသေး၊ လူကိုလည်း နှိပ်စက်
သေး။ ပြီးတော့ သူတို့ကပဲ ဆရာကြီးလုပ်လို့ ဓားကြိမ်းကြိမ်းနေကြတာ။

www.burmeseclassic.com



တွေ့မှာပါ ဒင်းတို့။ မကြာခင် စံပယ့်ဖေဖေ မြန်မာပြည်ကိုပြန်လာပြီး ဒီကိစ္စတွေကို ရှင်းမှာ။ အဲဒီအခါကျမှ သူတို့ရဲ့ကျဆုံးခန်း ဘယ်လို အကျည်းတန်ရုပ်ဆိုးမလဲဆိုတာ ကြည့်ရသေးတာပေါ့''

ဆိုတာတွေက စိတ်ထဲကသာ ပြောမိတာပါ။

''ခန့်သားခေါ်လည်း နှင်ပြန်မခေါ်နဲ့နော် စံပယ်။ သူ စကား ပြောလည်း ပြန်မပြောနဲ့''

''_____''

''ဟဲ့ . . . ပြောနေတာ ကြားလား''

စံပယ့်ခေါင်းကိုတွန်းပြီး ဆံပင်တွေကို ဆွဲဖွပြောလိုက်ပေမယ့် စံပယ်က လုံးဝပြန်မပြောပေ။

''ကြည့်စမ်း . . . ပြောနေတာကို မထီတထီလုပ်နေတယ်။ ကောင်မ ဘယ်အားကိုးနဲ့ အကြောမာနေတယ် မသိဘူး။ မေမေ ဒီအတိုင်းပဲ ကြည့်နေတော့မှာလား''

''ဟဲ့ . . . မိစံပယ်''

''_____''

''ပြောနေတာကို ပြန်ပြောလိုက်လေ''

ပြောခွင့်ရှိလို့လား။ စံပယ်မှာ ပြောခွင့်ရှိလို့လား။ ရင်ထဲ သလောက် ပြောပစ်လိုက်ရရင် သူတို့ စံပယ်ကို သတ်ပစ်ကြမှာ





စံပယ် မသေချင်သေးဘူး။ မသေနိုင်သေးပါဘူး။ ဖေဖေနဲ့တွေ့ရဦး မယ်။ ဖေဖေနဲ့တွေ့ပြီး သူတို့ရဲ့ ကောက်ကျစ်ယုတ်မာမှုတွေကို ဖော် ထုတ်ရဦးမယ်လေ။

ဖေဖေ . . . သမီးဆီကို အမြန်ဆုံးပြန်လာခဲ့ပါ ဖေဖေရယ်။ အရင်က အထင်လွဲခဲ့ပေမယ့် ဖေဖေက မား။ သမီးကို ဒုက္ခပေးနေတဲ့ ချုံနွယ်တွေကို ရှင်းပေးမယ့်မား။ သမီးရှေ့ဆက်လျှောက်မယ့်လမ်းမှာ ဘာဆီးထားတဲ့ ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းပေးမယ့်မားလေ။

''ကြည့်စမ်း ကောင်မ။ ပေကပ်ကပ်နဲ့ တစ်ခွန်းမှ ပြန်မပြော ဘူး။ ဒီလောက်အကြောမာချင်တဲ့ ကောင်မ ကဲ''

''မြန်း''

''အား''

''ဘယ်လင်အားကိုးနဲ့ မျက်နှာကြောကတင်းနေတာလဲ။ ဒီ လောက်တင်းချင်တဲ့မျက်နှာ . . . ကဲ''

''မသဖင်''

''ဟင်''

နောက်တစ်ကြိမ်ရိုက်မယ့် သဇင့်ကလက် စံပယ်ပါးပြင်ဆီသို့ မရောက်တော့ဘဲ တစ်ဦးတစ်ယောက်၏ ဖမ်းဆုပ်ခြင်းကို ခံလိုက်ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်သန့်ရှင်း"

သူတို့ ခန့်ညားလို့ပြောနေပေမယ့် ဒေါ်မွှေးပါးစပ်ထဲမှာတော့ မောင်သန့်ရှင်းခေါ်တာ နှုတ်ကျိုးနေပါပြီ။ ခန့်ညားကို မြင်တော့ သူမ ဝမ်းသာအားရဖြစ်သွားသည်လေ။

"ခင်ဗျားတို့ ဒီလောက်ရိုက်နှက်နေတာ လွန်လာပြီနော်။ အသားချင်းစာနာကြမှပေါ့ဗျ။ ခင်ဗျားတို့ကို အဲဒီလိုရိုက်ရင် ခင်ဗျားတို့ ဘယ်လိုနေမလဲ"

"သူက အန်တီတို့ကို မထီမဲ့မြင်လုပ်နေလို့ ဆုံးမနေတာ မောင်ခန့်ညားရဲ့"

"ဆုံးမတာ ဟုတ်လား။ ခင်ဗျားတို့ ဆုံးမတာက ပါးစပ်နဲ့ တင်မဟုတ်ဘဲ လက်ပါရအောင် သူက ရိုက်ဆုံးမရမယ့်အရွယ်မှ မဟုတ်တာဗျ။ ပါးစပ်နဲ့ပြောရင် နားလည်တဲ့အရွယ်ပါ။ ခင်ဗျားတို့ ကိုယ့်ပါးကိုယ် တစ်ချက်လောက်ပဲ ပြန်ရိုက်ကြည့်"

"ခန့်ညား ... နင် ဘာလို့ သူ့ဘက်က အဲဒီလောက် ကာကွယ်နေရတာလဲ၊ သူက နင်နဲ့ ဘာမှမဆိုင်တဲ့လူလေ"

ဒီတစ်ခါပြောလိုက်တာက မသဇင်ပဲမို့ ခန့်ညား ပေစောင်း စောင်းပုံစံနှင့် ပြန်ကြည့်လိုက်သည်။ ဘာမှမဆိုင်ဘူးဆိုတာ သူတို့ရဲ့အမြင်ပဲလေ။ ကိုယ့်အသိကတော့ ဆိုင်တာပေါ့။ စံပယ်က သူ





မြတ်မြတ်နိုးနိုးနဲ့ ချစ်ရတဲ့ချစ်သူပဲဥစ္စာ။

"ဆိုင်တာပေါ့ မသဇင်"

"ပြောပါဦး ဘယ်လိုဆိုင်လဲလို့"

"စံပယ်က ကျွန်တော့်ချစ်သူ။ ကျွန်တော် သူ့ကို မြတ်မြတ်နိုးနိုးနဲ့ချစ်တာ။ ကျွန်တော် စံပယ့်ကိုပဲ လက်ထပ်မှာဗျ"

"ဘာ"

"မင်း ဘာပြောလိုက်တယ် မောင်ခန့်ညား။ မင်း အဲဒီလို လုပ်လို့မရဘူးနော်။ မင်း စံပယ်ကို လက်ထပ်လို့မရဘူး"

"ရလား မရလားဆိုတာကို စောင့်ကြည့်လိုက်ပေါ့"

ပြောပြီး ခန့်ညား စံပယ်ဘက်သို့ လှည့်ကာ ငုတ်တုတ်လေး ထိုင်ငိုနေတဲ့ စံပယ်ကို ဆွဲထူလိုက်၏။ ပြီးတော့ မျက်ရည်တွေကို သုတ်ပေးလေလျှင် –

"ခန့်ညား"

နောက်ကခေါ်တာကို ဂရုမစိုက်ဘဲ စံပယ့်လက်ကို တင်းတင်း ဆုပ်ကာ –

"စံပယ်"

"––––"

"အားမငယ်နဲ့စံပယ်။ စံပယ့်ရှေ့မှာ ကိုကို အမြဲရှိနေမယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုကစပြီး စံပယ် ဝင်္ကျွတ်ပြီလို့ မှတ်လိုက်''

လက်ကိုဆွဲအခါမှာ စံပယ်ရုန်းတော့ရုန်းလိုက်ပါသေးသည်။ ခန့်ညားကလည်း ရုန်းလို့မရအောင် ဖိဆုပ်ထား၏။ အန်တီကိုကြည့်လိုက်တော့ စံပယ်ကို ကြည့်နေတာများ စားတော့ ဝါးတော့မတတ်ပဲ။ စံပယ် ကိုကိုနဲ့လိုက်မသွားရင် သူတို့ ထပ်နှိပ်စက်ကြဦးမှာပါ။

ထပ်ပြီး အနှိပ်စက်တော့မခံဘူး။

ကိုကိုနဲ့ပဲ စံပယ်လိုက်သွားတော့မည်လေ။ ကိုကိုက စံပယ်ရဲ့ချစ်သူ။ ဒီမှာ ဘယ်သူ့ကို ခင်တွယ်နေရဦးမှာလဲ။ ကိုယ့်အပေါ် မကောင်းတဲ့သူတွေကို ခင်တွယ်နေရင် စံပယ်ပဲ ဒုက္ခရောက်မှာပေါ့။ ဒီတော့ ကိုယ့်ကို အရမ်းချစ်တဲ့သူကို အားကိုးပြီး ဘဝကိုပုံအပ်လိုက်တော့မည်။

ကိုကိုနဲ့ပဲ။

ကမ္ဘာသစ်တစ်ခု တည်ဆောက်ကြတာပေါ့။ နောက်ထပ် ကိုကိုဆွဲခေါ်တော့ စံပယ်လိုက်ခဲ့လေလျှင် –

''မောင်ခန့်ညား''

''မိစံပယ်''

''မောင်ခန့်ညား မင်း အဲဒီလိုလုပ်လို့မရဘူးနော်။ အဲဒီလို မလုပ်ပါနဲ့''





''စံပယ် လိုက်မသွားနဲ့''

သူတို့ လိပ်ခေါင်းထွက်အောင် အော်လည်း ခန့်ညားနဲ့ စံပယ်က နောက်ပြန်ကြည့်ကြမှာမဟုတ်ပေ။ အော်ကြပေါ့။ လောဘရဲ့သားကောင်တွေ ကိုယ့်ကျိုးစီးပွားအတွက် အင်အားမမွေးနိုင်ဘူးဆိုရင် ရှုံးချင်လည်း ရှုံးကြပေတော့။ ကိုယ်တွေရဲ့ ခြေလှမ်းကတော့ နောက်ဆုတ်မှာမဟုတ်တော့ပေ။

''ဟော့ ... အခုရပ်ကြစမ်း။ မသွားနဲ့လို့ပြောနေတယ်နော်''

''စံပယ် ... အခုပြန်လာခဲ့စမ်း''

အခုမှ လွှတ်တဲ့ငါးကြီးတယ်ထင်နေကြလားမသိပေ။ သူတို့က အော်ပြီးလိုက်တော့ ခန့်ညားနဲ့ စံပယ်က ပြေးတာပေါ့။

''စံပယ် ငါပြောနေတယ်နော်။ အခု ပြန်လာခဲ့။ မလိုက်နဲ့ အခုပြန်လာခဲ့စမ်း''

စံပယ် ခဏရပ်ပြီး နောက်သို့ ပြန်လှည့်ကြည့်တော့ ခန့်ညားလည်း ရပ်ပြီး ပြန်ကြည့်မိလေသည်။

''ကိုကို သူတို့လိုက်လာကြပြီ''

''သူတို့ လိုက်လာတော့ ကိုကိုတို့ကလည်း လွတ်အောင် ပြေးရမှာပေါ့''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မြန်မြန်"

စကားကိုပင် ဆုံးအောင်မပြောတော့ဘဲ ဆက်ပြေးခဲ့ကြလေ တော့သည်။ အချစ်စစ်က အရာအားလုံးကို ကျော်ဖြတ်ဖို့ ခွန်အားတွေ ပေးခဲ့တယ်ဆိုရင် မှားမလား။ ဒါ အမှန်ဆိုတာကို ခန့်ညားနဲ့ စံပယ်က သက်သေပြလိုက်ပါပြီ။



## အခန်း (၂၉)

ခန့်ညား Taxi တစ်စီးငှားလိုက်တော့ –

"ဘယ်ကိုသွားမှာလဲ ညီလေး"

"အစ်ကိုမောင်းချင်တဲ့နေရာသာမောင်းဗျာ။ လောလော ဆယ် ဒီနေရာနဲ့ ဝေးရင်ပြီးရောပဲ"

"ဩော် ... အေး"

သူတို့နှစ်ယောက် မောကြီးပန်းကြီးနှင့် ဖြစ်နေတာကိုကြည့် ပြီး ကားဆရာသဘောပေါက်သွားပုံရကာ –

"ဒါဆို တက်လေ"

ခေါင်းညိတ်ပြီး နှစ်ယောက်စလုံး ကားပေါ်ကိုရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



စံပယ် မျက်လုံးလေးမှိတ်ပြီး အသက်ကို ဝအောင်ရှူပစ်လိုက်သည်။ ကားလေးက သိမ့်ခနဲထွက်သွားပြီး ဘယ်ကိုမောင်းတယ်တော့ မသိပါဘူး။ မောင်းချင်ရာသာမောင်းပေတော့ လောလောဆယ် ပြေးလာရတာ မောတော့ စကားမပြောနိုင်သေးပေ။

အတန်ကြာအောင် ကားစီးလာပြီး အမောပြေပြီဆိုမှ ခန့်ညား ကားသမားကို အကူအညီတောင်းကြည့်ဖို့ သတိရကာ –

"အစ်ကို"

"______"

"အစ်ကို ကားခလောက် ရပ်ပေးပါလား။ အစ်ကို ကားရပ်လို့ အဆင်ပြေမယ့်နေရာမှာပေါ့"

"အေး အေး ... အဆင်ပြေမယ့်နေရာကျ အစ်ကို ရပ်ပေးမယ်နော်"

"ဟုတ်ကဲ့ ... ကျေးဇူးပါ အစ်ကို"

ခန့်ညား စံပယ်မျက်နှာလေးကို ငုံ့ကြည့်လိုက်တော့ အခုမှပဲ ရေထိပန်းလေးလို လန်းလန်းဆန်းဆန်း ရှိတော့သည်။ လက်ဖျားလေးကို ဆွဲယူဖျစ်ညှစ်လိုက်စဉ်မှာပဲ ကားက ရပ်သွားလေတော့ ခန့်ညား ကားပေါ်ကဆင်းပြီး ကားသမားဆီသို့ သွားလိုက်ကာ –

"အစ်ကို"





"ဟေ"

"ဟို ... ကျွန်တော်တို့ကို တစ်ခုလောက်ကူညီပါလားဗျာ။ အစ်ကို့ကို အကူအညီတောင်းရင် အဆင်ပြေမယ်ထင်လို့ ကျွန်တော် အကူအညီတောင်းတာပါ"

"ညီလေး ပြောကြည့်လေ၊ အစ်ကို ကူညီနိုင်တာဆိုရင် ကူညီပါ့မယ်"

ခန့်ညားမျက်နှာလေး ပြုံးသွားလေသည်။

"ကျွန်တော်တို့ကို တစ်သိန်း၊ တစ်သိန်းဝန်းကျင်နဲ့ အိမ်လေး တစ်လုံးလောက် ငှားပေးပါလား အစ်ကို။ အစ်ကို့ကို အကျိုးဆောင်ခ ကျွန်တော်ပေးပါ့မယ်။ ဒီလိုပြောလို့ စိတ်မရှိပါနဲ့နော်။ ကျွန်တော်တို့ ဒီနေ့ ငှားလို့ရမှ အဆင်ပြေမှာမို့လို့ပါ။ ကူညီပါနော် ... နော် ... အစ်ကို"

ကားသမားက မျက်မှောင်ကြုတ်သွားပြီး –

"အေး ... ငှားမယ့်အိမ်ကတော့ ရှိတယ်ကွ။ အစ်ကိုတို့ လမ်းထဲမှာပဲ အိမ်ကတော့ သစ်သားအိမ်လေးပါ။ မိသားစုတစ်စု အေးအေးဆေးဆေး နေလို့ရတဲ့ အိမ်လေးပေါ့။ အိမ်ရှင်တွေက ပြောင်းသွားကြပြီ။ ဖြစ်နိုင်ရင် သူတို့က ဒီအိမ်ကိုရောင်းတော့ ရောင်းချင်တာ။ မရောင်းခင် အိမ်ငှားတင်ချင်တင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . အဲဒါဆို အဆင်ပြေတာပေါ့။ ဝမ်းသာလိုက်တာ အစ်ကိုရာ။ အဲဒါဆို ကျွန်တော်တို့ကို အဲဒီအိမ်သာ လိုက်ပို့တော့အစ်ကို။ အစ်ကိုပဲ အဆင်ပြေအောင် ကြည့်စီစဉ်ပေးပါ။ ကျွန်တော် ကျေးဇူး မမေ့ပါဘူးဗျာ"

ကားဆရာ ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ ကောင်လေးနဲ့ ကောင်မလေးပုံကိုကြည့်ရတာ ခိုးပြေးလာတဲ့ပုံပါပဲ။ နောက်ကလူကြီး တွေလိုက်လာတယ်ထင်ပါရဲ့။ ဒါကြောင့် ရရာကားကိုတားပြီး ဈေး မဆစ်နဲ့ပဲ စီးတာ။ ကိုယ်ကလည်း ဒါမျိုးဆိုကူညီဖို့ကို ဝါသနာထ ခပ်ပါပါ။

"ဒါနဲ့ နေပါဦး . . . ညီလေးတို့နှစ်ယောက်က ခိုးပြေးလာကြ တာလား။ ဟို မဟုတ်ဘူးဆိုရင်လည်း အစ်ကို့ကို စိတ်မရှိပါနဲ့နော်"

"ဟုတ်တယ် အစ်ကိုရ။ ကျွန်တော်တို့နှစ်ယောက်က ခိုးပြေး လာကြတာပါ။ အစ်ကိုက လူကဲခတ်အတော်သားပဲ"

"ဟဲ ဟဲ . . . ဒါမျိုးဆို ငါကလည်း ကူညီဖို့ ဝါသနာပါတယ် ကွ"

"အဆင်ပြေတာပေါ့ အစ်ကိုရာ၊ ကျေးဇူးတင်ပါတယ်ဗျာ"

ကောင်လေးက ကျေးဇူးတင်စကားဆိုသလို ဘက်မှန်ထဲ မှာ မြင်နေရတဲ့ ကောင်မလေးမျက်နှာကလည်း ပြုံးနေလို့ပါ။





ချစ်တဲ့သူတွေ ဆုံဆည်းခွင့်ရတာ ဝမ်းသာစရာပါ။ သေ တစ်ပန် သက်တစ်ဆုံး အချစ်တွေ မကုန်ဆုံးပဲ ထာဝရ ပျော်ရွှင်ချမ်း မြေ့တဲ့ဘဝနဲ့ လက်တွဲသွားနိုင် ကြပါစေ။

"ကဲ ညီလေး . . . အစ်ကိုတို့ သွားရအောင်"

"ဟုတ်ကဲ့ပါ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

အိမ်ငှားလို့ အဆင်ပြေတာမို့ ခန့်ညားကားသမားကိုပဲ အတူ အညှိ တောင်းပြီးနောက်နေ့မှာ အိမ်ကနေ အပြင်သို့ ထွက်လာခဲ့သည်။ စံပယ်က သူ့ကို ထားခဲ့မှာစိုးရိမ်ပြီး မသွားစေချင်ဘူးလေ။ မသွားမဖြစ်မို့ စံပယ်ကို ချော့ပြီးထားခဲ့ရတာပါ။ စံပယ်အတွက် အဝတ်အစားတွေနဲ့ အိမ်မှာလိုအပ်တာတွေ ဝယ်ရတာလေ။

သူ့မှာရှိတဲ့ ပိုက်ဆံနဲ့ မလောက်မှာစိုးလို့ ဒီတစ်ခါတော့ ဟန်း ချိန်းကို တကယ်ရောင်းခဲ့ရတာပါ။ အိမ်ကိုပြန်ရောက်လာတော့ –

"စံပယ်"

"____"





"စံပယ်"

"ကိုကို ပြန်လာပြီ"

စံပယ်က သူ့လက်ထဲကအထုပ်တွေကို ဆွဲယူပြီး –

"အများကြီးပါလား။ ဘာတွေ ဝယ်လာတာလဲ ကိုကိုရဲ့"

"စားစရာ သောက်စရာတွေနဲ့ ကိုကို့မိန်းမဝတ်ဖို့ အဝတ်တွေ ပေါ့"

ခန့်ညား လွယ်အိတ်ထဲက ပိုက်ဆံတွေကိုထုတ်ပြီး –

"ရော့ ... ဒါ ရှိသမျှ ပိုက်ဆံအားလုံး မိန်းမကို အပ်တာ။ စံပယ်က အိမ်ရှင်မဆိုတော့ စံပယ် ကိုင်ထားမှဖြစ်မှာလေ။ ချက်ရေး ပြုတ်ရေးအတွက် စံပယ်ပဲ ဝယ်ရမှာ"

စံပယ် ကိုကို့မျက်နှာကို မော့ကြည့်မိလိုက်သည်။ ကိုကိုက စံပယ်ကို အရမ်းချစ်သည်ဆိုတာကို စံပယ် အကြွင်းမဲ့ယုံပါသည်လေ။

"ကိုကို"

"ဟင်"

"ကိုကို တစ်ခုခုရောင်းလာတာလားဟင်"

"အဲဒါတွေ ဘာဖြစ်လို့လျှောက်မေးနေတာလဲ စံပယ်ရဲ့။ မရှိ ခင်းစာ ရှိတာန်ဆာပဲလေ။ ကိုကို့ကို ချစ်မိတဲ့အတွက် ကိုကိုက စံပယ်ကို နောင်တမရစေရဘူး။ စံပယ်က ကိုယ့်ရုပ်လေး ဒီလောက်လှနေတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် သွားခေါ်တဲ့ကိုကို့ကို ယုံကြည်အားကိုးပြီး ချစ်ခဲ့တာ။ စံပယ့် အချစ်ကို ကိုကို အရမ်းလေးစားတယ်သိလား။ အဲဒါကြောင့်လည်း ကိုကို စံပယ့်ကို ပိုပြီးချစ်တာ။ ရအောင်လည်း ယူခဲ့တယ်လေ"

"ဒီစကားကို စံပယ်က ပြောပြောရမှာပါ ကိုကိုရယ်။ စံပယ် က သွားခေါ်တဲ့အပြင် သူများအိမ်မှာကပ်နေရတဲ့ဘဝမျိုးနဲ့ ကိုကိုသိခဲ့ တာ မဟုတ်လား။ ဒါတောင် ကိုကိုက စံပယ်ကို အရမ်းချစ်ပြီး အရမ်းတန်ဖိုးထားခဲ့တာလေ။ စံပယ်က ကိုကို့အချစ်ကို ပိုပြီးလေးစား ရမှာပါ"

တစ်ယောက်ရဲ့အချစ်ကို တစ်ယောက်က မလေးစားဘဲ နေပါ့ မလား။ ကိုယ့်ကိုယ်ကိုယ် ဘာဆိုတာကိုသိကြပေမယ့် တစ်ဖက်လူရဲ့ ဟန်ဆောင်မှုကိုမသိဘဲ တကယ်ထင်ပြီး လက်ခံချစ်မြတ်နိုးခဲ့ကြတာပါ။ သူတို့နှစ်ယောက်ကြားမှာ ဂုဏ်တွေ ငွေတွေမပါဘူး။ ပညာတတ်တာ မတတ်တာ မပါဘူး။

ရုပ်ချောတာ မချောတာလည်း မပါခဲ့ဘူးလေ။ ချစ်ချင်လို့ပဲ ချစ်ခဲ့ကြတာပါ။ ခန့်ညားး စံပယ်ကိုယ်လေးကို ခပ်တင်းတင်းလေး ဖက်ထားလိုက်မိ၏။

"ကိုကို"

"ဟင်"





"ဟိုလေ ... ကိုသန့်ရှင်းတို့လည်း ဘယ်လိုလုပ်ကြမယ်မသိ ဘူးနော်။ အိမ်ပြန်ရင်တော့ ပြဿနာတက်ကြမှာ ကျိန်းသေတယ် ကိုကိုရဲ့"

"သူတို့အတွက် စိတ်မပူစမ်းပါနဲ့ စံပယ်ရယ်။ သူနဲ့ကိုကိုက အဆက်အသွယ်ရနေတာပဲဥစ္စာ။ ဖုန်းရှိနေတာပဲလေ။ အဲဒီနေ့ကတည်း က သူတို့က ကိုကိုတို့အရင် မန္တလေးကို ပြန်လစ်သွားတာ"

"ဟုတ်လား"

"အင်း"

"သခင်က ကိုသန့်ရှင်းကို တကယ်ချစ်သွားလို့ တော်သေး တာပေါ့နော်"

"စံပယ်ကရော"

"ဟင် ... ဘာလဲ"

"ကိုကို့ကိုချစ်လား"

"အဟွန်း"

စံပယ် ရှက်စနိုးနှင့် မျက်နှာကို သူ့ရင်ဘတ်နှင့်ကပ်ပြီး ဝှက် ထားလေတော့ ခန့်ညားက လူချင်းခွာပြီး မျက်နှာကိုမော့ယူကာ–

"ပြောလေကွာ"

"–––––"



www.burmeseclassic.com

www.burmeseclassic.com



"မပြောရင်နော်"

"အာ ... ကိုကို"

စံပယ်က သူ့မျက်နှာကို လက်ကလေးနှင့် တွန်းထားပြီး ချစ်ရည်တို့နှင့် ရွှန်းလဲ့နေသော မျက်ဝန်းအစုံနှင့် ခန့်ညားကိုကြည့်ကာ

"အရမ်းချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"ဘယ်သူရှိရဦးမှာလဲ၊ ကိုကို့ကိုပေါ့"

"ကိုကိုက စံပယ်အချစ်ထက်ပိုတယ်သိလား"

"အံမယ် ... စံပယ်က ပိုတာပါနော်"

"ကိုကိုက ပိုတာပါဆို"

"ကဲ ... ထားပါတော့"

"ဟင် ... ထားပါတော့ဆိုတာ မယုံတဲ့သဘောလား။ အဲဒါဆို ယုံအောင် ... ကဲ"

"အာ ... ကိုကို"

ခန့်ညား စံပယ်ကိုယ်လေးကို ဆွဲခနဲ ပွေ့ချီလိုက်စဉ်မှာပဲ ဖုန်းကမြည်သံပေးလေလျှင် –

"ဖုန်းလာနေတယ် ကိုကိုရဲ့"

"လာ ... လာကွာ ... မကိုင်ဘူး"





"မကိုင်လို့ ဖြစ်မလား ကိုကိုရဲ့။ ကိုင်လိုက်ပါဦး"

"ကျွတ် ... အရေးထဲမှကွာ"

စံပယ် ကိုယ်လေးကိုပြန်ချပေးပြီး ဖုန်းကိုင်လိုက်လေတော့

"ဟယ်လို အမိန့်ရှိပါ ခင်ဗျာ"

"မောင်ခန့်ညား ... အန်ကယ်ပါကွ။ အန်ကယ်လ် ဦးသူရဲ ပါ။ စံပယ့်ဖေဖေလေ"

"ဟာ"

ယောက္ခမကြီးဆက်တာမို့ ခန့်ညား ဟာခနဲ ဖြစ်သွားလေသည်။ စံပယ်ကိုလည်း ကြည့်လိုက်မိ၏။ ဆက်မယ်လို့မှ ထင်မထားတာလေ။ ကိုယ့်ဖုန်းနံပါတ်ကို တောင်းလို့ပေးထားပေမယ့် ဖေ့စ်ဘုတ်တနေ စကားပြောနေတော့ ဖုန်းဆက်မယ်လို့ ထင်မထားဘူးပေါ့။ အဲ ပြောရရင် သူ ဖေ့စ်ဘုတ်မသုံးဖြစ်တာ သုံးရက်ရှိပါပြီ။

"ဟုတ်ကဲ့ အန်ကယ်လ် ဟိုလေ"

"မောင်ခန့်ညားနဲ့အန်ကယ်လ် အဆက်အသွယ်ပြတ်သွားတာ သုံးရက်လောက်ရှိပြီနော်။ သမီးလည်း အတူတူပဲ။ သမီးဖုန်းကို ခေါ်တာ ခေါ်လို့မရတာနဲ့ မောင်ခန့်ညားဆီ ဆက်လိုက်တာပါ။ ဘာများ ဖြစ်နေကြလဲလို့ စိတ်ပူနေတာလေ"

"ဟုတ် ... စံပယ့်ဖုန်းက စက်ပိတ်ထားတယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုပါမလာဘူး အန်ကယ်လ်ရဲ့။ ဩော် . . . အန်ကယ်လ်''

''ပြောလေ မောင်ခန့်ညား''

ပြောဆိုတော့ ဘယ်ကစပြောရမှန်းမသိပေ။ ကိုယ်က သူ့သမီးကို ခိုးပြေးလာတာဆိုတော့လေ၊ မတတ်နိုင်ဘူး။ မပြောလို့မဖြစ်တာ။ ရှေ့မျက်နှာနောက်ထားပြီးပဲ ပြောရတော့မှာပေါ့။

''ပြောရမှာ အားတော့နာပါတယ် အန်ကယ်။ ဒါပေမဲ့ မပြောမဖြစ်မို့ ရှေ့မျက်နှာနောက်ထားပြီးပဲ ပြောပါရစေ။ အိမ်မှာ ဒေါ်တင်သဇင်တို့သားအမိနဲ့ စံပယ် ပြဿနာတက်ကြလို့ အဲဒါ''

''ဟင်''

''သူတို့ ထပ်ပြီးနှိပ်စက်မှာစိုးတာနဲ့ ကျွန်တော် စံပယ့်ကိုခိုးပြေးလာခဲ့တယ် အန်ကယ်လ်''

''ဟာ''

''ကျွန်တော်တို့နှစ်ယောက်က ချစ်သူဖြစ်နေကြတာ ကြာပြီအန်ကယ်လ်။ ကျွန်တော် စံပယ့်ကို မြတ်မြတ်နိုးနိုးနဲ့ တကယ်ချစ်တာပါ''

တစ်ဖက်က ငြိမ်ပြီးနားထောင်နေတာမို့ ခန့်ညား ဖြစ်ပျက်ခဲ့သမျှအားလုံးကို အသေးစိတ်ပြောပြလိုက်လေသည်။ ပြောနေရင်း ဖုန်းကကျသွားတာ ပြန်မခေါ်တော့ပေ။ ဒါနဲ့ပဲ ကိုယ်ပြန်ခေါ်တော့





သူ့ဖုန်းက ဘေကုန်သွားတာတဲ့။ ခဏဆိုပြီး ခန့်ညား ဖုန်းချပစ်လိုက်တာ ကိုယ့်ဖုန်းထဲမှာလည်း ငွေကမလုံလောက်တာနှင့် လမ်းထဲက ဆိုင်မှာ ငွေဖြည့်ကတ်သွားဝယ်ပြီး တစ်သောင်းဖြည့်ပြီးမှ ပြန်ခေါ်ရသည်သာ။

သူ အားလုံးရှင်းပြပြီးတော့ –

''ဒါဆို မောင်ခန့်ညားမိဘတွေက မောင်ခန့်ညားကို စိတ်ဆိုးနေကြရောပေါ့''

''စိတ်ဆိုးလည်း မတတ်နိုင်ဘူး အန်ကယ်လ်။ ကျွန်တော်က မှ အန်တီဝင်းသမီးတွေကို လက်မထပ်ချင်တာ။ ဘယ်သူမဆို ကိုယ်ချစ်တဲ့ချစ်သူကိုပဲ လက်ထပ်ချင်ကြတာပါ အန်ကယ်လ်''

''အန်ကယ်လ် နားလည်ပါတယ်''

''ဒါဆို အန်ကယ့်လ်သဘောထားက''

''မောင်ခန့်ညားရဲ့စိတ်နေစိတ်ထားကို အန်ကယ်လ်သိနေပြီပဲလေ။ အန်ကယ်လ် သဘောတူပါတယ်။ သမီးလေးအတွက် စိတ်အေးသွားရပြီပေါ့။ နောက်နှစ်ရက်ဆို အန်ကယ်လည်း ပြန်လာမယ် မောင်ခန့်ညား''

''ဟုတ်လား၊ ဝမ်းသာလိုက်တာ အန်ကယ်လ်။ ဒါနဲ့ စံပယ်နဲ့စကားပြောဦးမလား အန်ကယ်လ်''



www.burmeseclassic.com

www.burmeseclassic.com



“မပြောတော့ပါဘူး။ အန်ကယ်လ်ပြန်လာတော့မှာပဲဦးစွာ လူချင်းတွေ့မှပဲ အလွမ်းသယ်တော့မယ်ကွာ”

ယောက္ခမကြီးက သဘောတူတယ်ဆိုတော့ ခန့်ညားမျက်နှာ မှုံရနေသလိုပါ။ ကိုယ့်ဘက်က အဆင်မပြေပေမယ့် စံပယ့်ဘက်က အဆင်ပြေလို့ တော်သေးတာပေါ့။

“ကျေးဇူးတင်ပါတယ် အန်ကယ်လ်။ ကျွန်တော် အန်ကယ့်လ်ကို ပြောသာပြောရတယ် ကျွန်တော်နဲ့စံပယ်ကို သဘောမတူပါ့မလားလို့။ အခုကျတော့ ကျွန်တော့်မိဘတွေဘက်က အဆင်မပြေသေးတော့ အားနာမိတယ်”

“နောက်တော့ အဆင်ပြေမှာပါ။ သားသမီးကို ဘယ်မိဘက ကြာကြာပစ်ထားနိုင်မှာလဲ။ ဒါနဲ့ မောင်ခန့်ညားမိဘတွေရဲ့ ဖုန်းနံပါတ်လေး အန်ကယ်လ်ကို ပေးပါလား”

“ဟုတ်ကဲ့ . . . ကျွန်တော် ပြောပြပါ့မယ် အန်ကယ်လ်”

ခန့်ညား ဖေဖေ့ဖုန်းနံပါတ်ရော မေမေ့ဖုန်းနံပါတ်ရော ပြောပြ လိုက်လေသည်။ ကိုယ့်ဘက်က အဆင်မပြေပေမယ့် စံပယ့်ဘက်က အဆင်ပြေတော့ တစ်မျိုးစိတ်ချမ်းသာရတာပေါ့။

✵



## အခန်း (၃၁)

“တောက် . . . လူပေါ်ကိုခွေးကျော်တာလောက် အသည်းနာ စရာကောင်းတာ မရှိတော့ဘူး။ ဒင်းတို့ မြေလှန်ရှာပြီးကို ဟိုကောင်မကို သတ်ပစ်ရမယ်။ ဝေဇာလည်း တွေ့လို့ကတော့ ရအောင်ခွဲမယ်တဲ့။ ဒီရက်ထဲ အလုပ်ကိစ္စမပြတ်သေးလို့ မလာနိုင်သေးတာ။ ဝေလာရင် ပွဲကြီးပွဲကောင်းပဲပေါ့။ ဟွန်း ခန့်ညားကို အားကိုးရပြီဆိုပြီး တို့ကို အာခံတဲ့ကောင်မ တစ်ခုလပ်ဘဝနဲ့ မြောင်းထဲရောက်သွားမှ ဟားတိုက်တို့ ရယ်ပစ်လိုက်ဦးမယ်”

ဒေါ်ဝင်းသဇင်တို့သားအမိမှာ သခင့်အတွက်က ဝေပြေပြီ ဖုံအရ စိတ်ချရတဲ့အခြေအနေမို့ ထည့်မစဉ်းစားသေးတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက အိမ်ထောင်ကျရင် ရမယ့်အမွေတွေ အများကြီးပဲတဲ့ ဒီတော့ ဘာပြောနေဦးမှာလဲ။ အချိန်တန်ရင် မိဘတို့ ဝတ္တရားရှိသည့်အတိုင်း ဆောင်ရွက်ပေးလိုက်ရုံသာ။

အခု

လောလောဆယ် ဒေါ်သမီးတောက်နေတာက ခန့်ညားနဲ့ စံပယ်ကိစ္စလေ။ ယုန်ထောင် ကြောင်မိဆိုတာမျိုးဖြစ်လို့ သူမအတွက်ကတော့ လွတ်တဲ့ငါး ပိုကြီးနေတာ။ အခြားမိန်းကလေးနဲ့ ဖြစ်သွားရင်တောင် ဖြေသာပါသေးတယ်။ အခုတော့ စံပယ်နဲ့မှ ဖြစ်နေတယ်လို့။

"ပြီးပြီးသားကိစ္စ ပြီးပါစေတော့ အဝင်းရယ်။ ဘာဖြစ်လို့ လွတ်တဲ့ငါးက ပိုကြီးချင်နေရတာလဲ။ ကိုယ်လည်း စံပယ်အပေါ် စိတ်ကောင်းဝင်လာလို့ ပြောတာတော့မဟုတ်ဘူး။ ကိုယ်တို့မှာ ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်လေ"

"ပတ်ဝန်းကျင်ရှိတော့ ဘာဖြစ်လဲ။ ကိုယ့်ထမင်းကိုယ်စားနေတာ ဘယ်သူကမှ လာကျွေးနေတာမဟုတ်ဘူး။ ဘယ်သူ့ကို ဂရုစိုက်နေရမှာလဲ"

"စိုက်သင့်တဲ့နေရာမှာတော့ စိုက်ရမယ်အဝင်း။ စံပယ်ကို ပတ်ဝန်းကျင်က သိထားတာ မင်းရဲ့တူမအရင်းလို့သိတဲ့လူက နည်းပြီး





အိမ်ဖော်လို့သိတဲ့သူက များတယ်လေ"

"အဲဒါ ဘာဖြစ်လဲ"

ဒီလောက်ပြောရင် သဘောပေါက်သင့်လျက်နှင့် သဘောမပေါက်တော့ စိတ်ပျက်မိ၏။ ဒီအနီးအနားပတ်ဝန်းကျင်နဲ့ စံပယ်တို့မိသားစုတွေ ရင်းနှီးကျွမ်းဝင်ဖူးတဲ့မိတ်ဆွေတွေ၊ အဲဒီလိုလူတွေကသာ စံပယ်ကို အဝင်းရဲ့တူမလို့သိထားတာ။ ကိုယ်တွေနဲ့လုပ်ဖော်ကိုင်ဖက်မိတ်ဆွေတွေကျတော့ စံပယ်ကို ကိုယ့်အိမ်က အိမ်ဖော်လို့ပဲ သိထားကြတာလေ။

"ဘာဖြစ်ရမှာလဲ ... မင်းက ခန့်ညားကို စံပယ်နဲ့ ရအောင်ခွဲပြီး ကိုယ်သမီးနဲ့ ပြန်ပေးစားချင်တာလေ။ အဲဒီတော့ ဘယ်သူ့ကို ဘာပြောကြမလဲ မင်းသိလား"

ဒေါ်ဝင်းသဇင် ခင်ပွန်းကို မျက်စောင်းထိုးပစ်လိုက်၏။

"ကိုယ့်တူမယောက်ျားနဲ့ ကိုယ့်သမီးကို ပြန်ပေးစားတယ်။ ကိုယ့်အိမ်က အိမ်ဖော်မယောက်ျားနဲ့ ကိုယ့်သမီးကို ပြန်ပေးစားတယ်။ ယူစရာယောက်ျား ဒီလောက်ရှားသလားဆိုရင် တို့သိက္ခာတွေ သွားပြီပေါ့ကွ။ ပြီးတော့ မင်းရဲ့သမီးက သူများရဲ့အငယ်အနှောင်းဘဝ ရောက်သွားမှာနော်။ ကိုယ့်သမီးက အပျိုဆိုတာ မမေ့နဲ့ဦး"

"ဘာမှကို စဉ်းစားစရာမလိုတာ။ ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့

www.burmeseclassic.com



ခုနစ်ရက်ပဲ။ ပြောလို့ ပါးစပ်ညောင်းရင် ပိတ်သွားကြလိမ့်မယ်။ အဲဒီက ကျွန်မသမီးတွေ ချမ်းသာဖို့ပဲ''

ချမ်းသာဖို့တစ်ခုပဲတွက်ပြီး သိက္ခာဆိုတာကို ချနင်းနိုင်တယ်တဲ့လား။ ဦးမင်းကိုထက်ကတော့ စီးပွားရေးအရ မိတ်ဆွေတွေနှင့် အလိုက်အထိုက် ဆက်ဆံရင်း လောဘက လောဘသပ်သပ် သိက္ခာဆိုတာကိုတော့ တန်ဖိုးထားချင်မိလာသည်။ မိတ်ဆွေအချင်းချင်း တွေ့ကြရင် သားသမီးတွေ အကြောင်း အနည်းနဲ့အများ ပြောကြတာပဲလေ။

ကိုယ်လည်း ...

ဂုဏ်မယူရရင် နေပါစေ မျက်နှာတော့ မငယ်ချင်ဘူးပေါ့

''အဝင်း''

''ဘာလဲ''

''လောကမှာ ချမ်းသာတဲ့ယောက်ျားတွေ အများကြီးပေါ့ကွာ။ ခန့်ညားတစ်ယောက်တည်းကမှ ပြီးပြည့်စုံတဲ့လူလားကွ။ ပြောပါဦး''

သူက မေးလာပြီဆိုတော့ ပြောရတာပေါ့။

''ချမ်းသာတဲ့ယောက်ျားတွေ အများကြီးရှိတာ ကျွန်မသိတယ်။ ခန့်ညားကိုမှ ပြန်လိုချင်တာ စံပယ်နဲ့ယှဉ်ပြီး ကျွန်မသမီး





မရှုံးစေချင်လို့ ရှင်းပြီလား''

''ဟာ ... ရှုံးမှာစိုးလို့ဆိုတဲ့ မင်းအတွက်ကြီးလေ ပိုရှုံးလေ ဖြစ်မှာ မတွေးမိဘူးလား''

''မတွေးဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင့်ပါးစပ်က နောက်ထပ် ဘာစကားမှ ထွက်မလာနဲ့ ကျွန်မ မကြားချင်ဘူး''

ကောင်းတာလေးတစ်ခု တွေးပေးမလားလို့ ပြောကြည့်တာ မကြားချင်ဘူးတဲ့။ မကြားချင်ရင် မပြောတော့ပေ။ ကိုယ်က အိမ်ထောင်ဦးစီးဆိုတော့ ဖြစ်လာသမျှ ဆိုးခြင်းတွေ ခေါင်းပေါ်အတင်ခံလိုက်ရုံပေါ့။

✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

လင်မယားနှစ်ယောက် စံပယ်က ထမင်းဟင်းတွေ ချက်တော့ ခန့်ညားက ကြက်သွန်လှီးပေး၊ ရေတော်သီးထောင်းပေးနှင့် ရယ်စရာတွေ ပြောလိုက် ရယ်လိုက်ကြနှင့် အခုမှ ကမ္ဘာသစ်တစ်ခုကို ရောက်နေသလိုပါပဲ။ ကြည်နူးခြင်းတွေနှင့် သူတို့ဘဝလေးက အေးချမ်းနေသလိုပါ။

စံပယ်က အဝတ်လျှော်တော့လည်း ခန့်ညားက ကူလျှော်သည်။ ရေခပ်ပေးသည်။

"စံပယ်"

"ဟင်"





"ကိုကိုနဲ့နေရတာ စိတ်ချမ်းသာရဲ့လား။ လိုအပ်တာရှိရင် ပြောနော်၊ ကိုကိုက တတ်နိုင်သလောက် စံပယ့်ဆန္ဒကို ဖြည့်ဆည်းပေးချင်တာ"

"ကိုကိုကရော စံပယ်နဲ့ နေရတာပျော်လား"

"ကိုကိုအရင်မေးတာလေ။ စံပယ်အရင်ဖြေပေါ့"

"ဟင့်အင်းမဖြေပါဘူး။ ကိုကိုပဲ စံပယ်ကို ဦးစားပေးမယ်လို့ ပြောတာလေ။ အဲဒီတော့ စံပယ်မေးတာကို ကိုကိုဖြေ"

"ကဲ ... ဟုတ်ပါပြီဗျား"

ပြောပြီး ခန့်ညားက စံပယ်ပါးပြင်လေးကို လိမ်ဆွဲလေသည်။ ချစ်တယ်ဆိုတဲ့စကားထက် ပိုတဲ့စကားရှိရင် အဲဒီ ပိုတဲ့စကားကိုပဲ ခန့်ညား ပြောလိုက်ချင်တာပါ။

"ပျော်တာပေါ့ စံပယ်ရယ်။ ကိုယ် အရမ်းချစ်တဲ့သူနဲ့ ခုလို ဆက်တွဲခွင့်ရတာ ကိုကိုမပျော်ဘဲ နေပါ့မလား။ ကိုကိုတို့က ဟန်ဆောင်မျက်နှာဖုံးတွေနဲ့ ချစ်သူဖြစ်ခဲ့ကြတာဆိုတော့ ပါးရေနားရေတွေ တွေ့ပြီး အိမ်မင်းရင့်ရော်သွားရင်လည်း စိတ်ပျက်စရာအကြောင်းမှ မရှိတာ။ ကိုကို စံပယ်ကို တစ်သက်လုံး မြတ်မြတ်နိုးနိုးနဲ့ ချစ်သွားမှာပါ"

စံပယ် ကိုကို့လက်ကို ဆုပ်ကိုင်လိုက်ပြီး –

"ကိုကို့ရယ်။ စံပယ် ကိုကို့ကို ယုံပါတယ်။ စံပယ်ကို အခုလို



www.burmeseclassic.com

www.burmeseclassic.com



လှတပတမှန်းမသိဘဲနဲ့ သွားခေါ်မလေးအဖြစ်ကတည်းက ကိုကို ချစ်ခဲ့တာပဲလေ။ ပြီးတော့ စံပယ်ဘဝမှန်ကို မသိဘဲနဲ့ ကိုကိုချစ်ခဲ့တာ”

“စံပယ်လည်း ကိုကို့ဘဝမှန်ကိုမသိဘဲနဲ့ ချစ်ခဲ့တာလေ”

“ဟုတ်တယ်ကိုကို၊ အဲဒါကြောင့် ကိုကိုနဲ့စံပယ် အချစ်ဟာ စစ်မှန်ခြင်းနဲ့ခိုင်မြဲနေမှာပါ။ ကိုယ့်ချစ်သူနဲ့လက်ထပ်ခွင့်ရတာ စံပယ် ကံကောင်းတာပေါ့။ ဒါကြောင့် စိတ်ချမ်းသာတယ်လေ”

“အဲဒါဆို အာဘွားပေး”

“ဟင်”

ခန့်ညားပြောတော့ စံပယ်က မျက်မှောင်လေးကြုတ်၍ ကြည့်လေသည်။ ပြီးမှ –

“ဘာမှမဆိုင်ဘူး”

“ဆိုင်တာပေါ့”

ခန့်ညား ပြောရင်းပဲ စံပယ်အနားသို့တိုးကပ်သွားလေသည်။ ချစ်စ ခင်စ ကြင်နာစမှာ စကားတွေကလည်း ပြောမယ်ဆို ပြောလို့ ကုန်မှာမဟုတ်ပေ။ ချစ်သူဘဝမှာ ချစ်သူသာဆိုတယ် ချစ်သူတို့ စည်းကမ်းကို ဖောက်ဖျက်ပြီး မတို့ရက် မထိရက် မကိုင်ရက်နဲ့ စည်းစောင့်ပြီး နေလာခဲ့ကြတာလေ။

တော်ကြာ။





သက်သေမပြနိုင်ခင် အခွင့်အရေးယူတယ်ထင်မှာစိုးလို့ပေါ့။

“ကိုကိုနဲ့ စံပယ်က လင်မယားလေ စံပယ်ရဲ့”

“အဲဒါ ဘာဖြစ်လဲ”

“လင်မယားဖြစ်နေမှတော့ ရှက်စရာမလိုတော့ဘူးပေါ့။ တစ်ခါလောက် ကိုကို့ကို အာဘွားလေးပေးပါကွာ နော်”

စံပယ့်ရှေ့မှာ ပါးလေးလက်ညှိုးထိုးပြပြီး ခေါင်းကိုငဲ့ပေးလေတော့ စံပယ်လည်း တစ်ခါလောက်လိုက်လျောမယ်ဟု ဖြည်းဖြည်းချင်း နှုတ်ခမ်းဖျားလေးက သူ့ပါးအနားသို့ ကပ်သွားစဉ် –

“ခန့်ညား”

“––––”

“ခန့်ညား”

“ဟင်”

နှစ်ယောက်စလုံး ဇီလင်ပျက်ကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ကိုယ့်နာမည်ကို ရင်းရင်းနှီးနှီးခေါ်နေတဲ့အသံဟာ မေမေ့အသံနဲ့ တူလိုက်တာ။ မေမေများ စုံစမ်းပြီး လိုက်လာတာလား။ တကယ် မေမေဆိုရင်တော့ ဒေါ်ဝင်းသဇင်တို့လည်းပါလာမှာ ကျိန်းသေပါ။ ဘယ်လိုလုပ်ရမလဲ။

ဘာပဲဖြစ်ဖြစ် . . .



www.burmeseclassic.com

www.burmeseclassic.com



လာမယ့်ဘေး ပြေးတွေ့ရုံပဲ ရှိတော့တာပေါ့။

"ခန့်ညား မေမေ ခေါ်နေတယ်နော်။ မင်းတို့အိမ်ထဲမှာ ရှိနေ တယ်ဆိုတာကို မေမေသိတယ်။ ထွက်လာခဲ့စမ်း"

လင်မယားနှစ်ယောက် အကြည့်ချင်းဆုံသွားကြပြီး တစ် ယောက်လက်ကိုတစ်ယောက် ဖိဆုပ်ထားလိုက်ကြသည်။ စံပယ် မိန်းကလေးဆိုတော့ ကြောက်စိတ်ကလေးတော့ ဝင်တာပေါ့။

"ကိုကို"

"စံပယ်"

"ဘယ်သူလဲဟင်၊ ကိုကို့ကိုခေါ်နေတာ။ ကိုကို့မေမေလား ဟင်"

"ဟုတ်တယ် စံပယ်။ အသံကတော့ မေမေ့အသံပဲ"

"ဟင်"

"ဘာမှမကြောက်နဲ့ စံပယ်။ သူတို့ ကိုကိုတို့နှစ်ယောက် ခွဲလို့မရစေရဘူး။ ကိုကိုတို့ရင်ဆိုင်ကြတာပေါ့ နော်"

စံပယ် မျက်နှာလေးငယ်ကာ မျက်ရည်ကဝဲလာသည် ဘယ်လိုပဲ မခွဲဘူးပြောပြော စံပယ်တို့က နှစ်ယောက်တည်း။ သူ အင်အားများနေမှာ အမှန်ပဲလေ။

"သား ခန့်ညား မေမေ တက်လာခဲ့ရမလား အိမ်ပေါ်





"လာ ... စံပယ်သွားရအောင်"

ခန့်ညား ဆွဲခေါ်လို့ပါလာရပေမယ့် စံပယ်ပုံစံက တွန့်ဆုတ် တွန့်ဆုတ်နှင့်ပါ။ ကိုကို့မေမေတဲ့၊ စံပယ်ကို ပက်ပက်စက်စက် ပြောမှာ တော့ ကျိန်းသေပါ။ နင် မျက်ရည်ကျပြီး ခေါင်းငုံ့ခံလိုက်ဦး စံပယ်။ အဲဒီလောက်နဲ့ ရပ်သွားရင်ပဲ စံပယ် ကျေနပ်ဝမ်းသာရဦးမှာပါ။ ကိုကို့ကို ခွဲခေါ်သွားရင်တော့ စံပယ် ဒုက္ခရောက်မှာပေါ့။

ရှင်တော်မြတ်ဘုရား ...

ဘုရားတပည့်တော်မ၏ဒုက္ခကိုဖယ်ရှားပြီး ကယ်တော်မူပါ ဘုရား။ ဘုရားတပည့်တော်မသည် ကိုကို့အပေါ် မေတ္တာစစ် မေတ္တာ မှန်နဲ့ ချစ်ခဲ့ပါသည်။ သူတစ်ပါးအပေါ်၌လည်း ဘယ်တုန်းကမှ မကောင်းစိတ် မမွေးခဲ့ပါ။ ဤမှန်ကန်သောသစ္စာစကားကြောင့် ဘုရား တပည့်တော်မ၏ ဝဋ်ကြွေးတွေကျေပါစေတော့ အရှင်ဘုရား။

"မေမေ"

ခန့်ညား မေမေ့ကို ရင်ဆိုင်လိုက်သည်တွင် –

"မင်း သိပ်တော်တယ် ခန့်ညား"

ခန့်ညား မျက်နှာလွှဲထားလိုက်သည်သာ။ ဒေါ်ဝင်းသဇင်တို့ လာမယ် ထင်ထားပေမယ့် တကယ်တမ်းမှာမပါဘဲ ဖေဖေနဲ့ မေမေ ယောက်တည်းမို့ တော်သေးတာပေါ့လို့ တွေးမိ၏။ စံပယ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှာ ကွယ်နေသည်လေ။

"မိဘတွေက လက်နဲ့ရေးတာကို ခြေနဲ့ဖျက်ပြီး ကိုယ့်လည်း ကိုယ်လျှော့ဗက်၊ ကိုယ့်ကိုယ်ကိုယ် အားကိုးမယ်လို့ စာတန်းထိုးလိုက်တာပေါ့လေ ဟုတ်လား"

"ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ သား မတောင်းပန်ပါရစေနဲ့ မေမေ။ မေမေလက်နဲ့ရေးခဲ့တဲ့စာက သားအတွက် တစ်သက်စာ ပြင်လို့မရတဲ့ နောင်တဆိုတဲ့ စာတန်းကြီးမို့ပါ။ လောဘ ဒေါသတွေနဲ့ အတ္တတွေ ဖုံးလွှမ်းနေတဲ့ သူတို့မိသားစုဝင်အဖြစ် သား အသတ်မှတ် မခံနိုင်လို့ပါ"

"ဒါဆို သားက အဲဒီမိသားစုဝင် မဖြစ်ချင်လို့ သူတို့နဲ့တွေ့ပြီးရောဆိုပြီး ဒီကလေးမလေးကို ခိုးပြေးလာတာလား"

အခုတစ်ခါ မေးလိုက်သူက ဖေဖေပါ။ ဒီမေးခွန်းအတွက် ခန့်ညားရင်ထဲမှာ စူးခနဲ နာကျင်သွားရလေသည်။ ဘာလို့လဲဆို ကိုယ်က ဖေဖေပြောသလို စံပယ်ကို အသုံးချဖို့ လက်ထပ်ခဲ့တာမှ မဟုတ်တာ။

"မဟုတ်ဘူး ဖေဖေ။ သား စံပယ်ကို တကယ်မြတ်မြတ်နိုး နိုးနဲ့ချစ်ခဲ့လို့ လက်ထပ်လိုက်တာပါ"

"သူလား စံပယ်ဆိုတာ"





မေမေက စံပယ်ကိုကြည့်ပြီးမေးတော့ ခန့်ညား ခေါင်းညိတ်လိုက်ကာ –

"ဟုတ်ပါတယ်"

"သေသေချာချာမမြင်ရလို့ ရှေ့နည်းနည်းထွက်ပြနိုင်းပါဦး"

စံပယ်ကို မပြောရက်ပေမယ့် မေမေက မြင်ချင်တယ်ဆိုတော့ ခန့်ညား စံပယ်ရှေ့ကနေ ဘေးကိုထွက်ရပ်ပြီး စံပယ်လက်ကလေးကို ဆုပ်၍ ရှေ့သို့ နည်းနည်းတိုးစေလိုက်သည်။ စံပယ်မှာ မဝံ့မရဲနှင့်ပဲ ရပ်နေရတာ အရှင်လတ်လတ် ငရဲပြည်ရောက်နေသလိုပါပဲ။

"အဝင်းသမီးတွေနဲ့များ မဆိုင်လိုက်တာ။ ဆိုင်တာမှ ဘာမှ ကို ယှဉ်လို့မရအောင် ကွာခြားတာ"

"မေမေ"

ကိုယ့်မိန်းမကို ကိုယ့်ရှေ့မှာ စိတ်ထားပုပ်တဲ့သူတွေနဲ့ နှိုင်း ယှဉ်လိုက်တော့ ခန့်ညား မခံနိုင်ပေ။

"မေမေ စံပယ်ကို အဲဒီလိုမပြောပါနဲ့။ စံပယ်က အရမ်းဖြူစင်ပြီး စိတ်ထားကောင်းတဲ့မိန်းကလေးပါ"

မေမေ့နှုတ်ခမ်းက မဲ့လိုက်တာလား ပြုံးလိုက်တာလားဆိုတာတောင် မဝေခွဲနိုင်လောက်အောင် ခန့်ညား စိတ်ထဲမှာ မှုန်သွားရလေသည်။ မကြည်ဖြူနိုင်ရင်နေပါ နှိမ်ချဖို့တော့ မကောင်းဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝေမြိုးကျော်ကတော့ –

လက်ကိုင်အိတ်ထဲကို လက်နှိုက်ပြီး ပြန်ထွက်လာတော့ လက်ထဲမှာ ဘူးလေးတစ်ဘူး ပါလာလေသည်။ ထိုဘူးကို ခန့်ညားဆီသို့ ကမ်းပေးကာ ...

"ရော့ ... ဒီဘူးကိုယူ။ ဒီဘူးထဲမှာ လက်ဝတ်လက်စားတွေ ထည့်ထားတာ။ သမီးလေးကို သားကိုယ်တိုင် ဆင်ပေးလိုက် သား"

"ဗျာ"

"____"

ခန့်ညားရောစံပယ်ပါ အံ့ဩလွန်းလို့ ပါးစပ်တွေဟပြီး မျက်လုံးဝိုင်းသွားကြသည်သာ။ စောစောက ခပ်မာမာလေသံနှင့် မျက်နှာကြောတင်းတင်းက အခုတော့ သူမဟုတ်တဲ့အတိုင်း မေမေ့ မျက်နှာက ချိုလို့ပါ။ အပြုံးတွေက နူးညံ့ပြီး စံပယ်လက်ကလေးကို ဆုပ်ကိုင်ကာ –

"သမီးပဲ ယူလိုက်၊ ပြီးရင် သားကို ဝတ်ခိုင်းနော် သမီး"

"ရှင်"

"မေမေက သားနဲ့သမီးကို တမင်စတာပါ။ တကယ်တော့ သဘောတူလို့ နှစ်ယောက်စလုံးကို လာခေါ်တာပါကွယ်။ ခုလို အိမ်ပြန် နေရတာ အဆင်ပြေကြမှာမှ မဟုတ်တာ"





"မေမေ"

"____"

"မေမေ တကယ်ပြောနေတာလား။ ဒါမှမဟုတ် သားတို့ကို အချိုသတ်ခေါ်ပြီး ခွဲမလို့လား။ သားတို့ချစ်ခြင်းကို ခွဲလို့ကတော့ သား ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်လိုက်မှာနော်"

"အို ... မဟုတ်ပါဘူး သားရယ်၊ မလုပ်ပါနဲ့။ မေမ သားတို့ကို တကယ်သဘောတူတာပါကွယ်။ အဝင်းတို့ရဲ့ကောက်ကျစ် ယုတ်မာမှုတွေကိုလည်း မေမေသိခဲ့ပါပြီ။ စောစောက မေမေပြောတဲ့ အဝင်းသမီးတွေနဲ့ ဘာမှမဆိုင်တာလို့ပြောတာ သမီးလေးစံပယ်က ရှုပ်လှ၊ စိတ်လှ မိန်းမပီသလို့ ပြောတာပါ"

ကိုယ်ပဲ စပြီး ကိုယ်ပဲဖြေရှင်းရတာ ပျာပျာသလဲပါ။ သားက တစ်မျိုးထင်သွားတာကိုး။

"ဟုတ်တယ် သား။ မင်းမေမေပြောတာတွေက အမှန်တွေပါ။ ကိုသူရက ဖေဖေတို့ကို ဖုန်းဆက်ပြောတယ်လေ။ အဝင်းတို့နဲ့ စံပယ့်အကြောင်းပေါ့။ အကြောင်းစုံသိရလို့ အဝင်းဖုန်းဆက်တာကို ဖေဖေတို့ အလုပ်အကြောင်းပြပြီး ချက်ချင်းလိုက်မလာခဲ့တာ။ ကြား ကြားချင်းကတော့ ဒေါသထွက်ပြီးလိုက်လာမလို့ပါပဲ။ သားမေမ သားသတင်း ကြားပြီး မူးလဲသွားတာက ကံကောင်းတယ်လို့ ပြောရ



www.burmeseclassic.com

www.burmeseclassic.com



မလားပဲ''

''ဒီထက်ပိုပြီး ကံကောင်းတာက အခု ကိုသူရရဲ့ဇနီး ချိုချို က မေမေ့ရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်နေတာပဲသား။ ချိုကပြောတယ် စံပယ်က သူ့သမီးအရင်းမဟုတ်ပေမယ့် သူ့သမီးပါပဲတဲ့။ စံပယ်က မိထွေးဆိုပြီး သူ့ကိုမုန်းချင်မုန်းနေမယ် သူကတော့ စံပယ်ကိုချစ်တယ် သမီးလေးကို စိတ်ချမ်းသာစေချင်တယ်တဲ့လေ''

ဒီလောက်ရှင်းပြရင် ခန့်ညား သဘောပေါက်ပါပြီ။ ဒါကြောင့် မျက်နှာက ပြုံးဖြီးဖြီးနှင့် –

''သား ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ ဝမ်းသာလိုက်တာ မေမေရာ။ စံပယ်''

''–––––''

''မေမေက ကိုကိုတို့ကို သဘောတူတယ်တဲ့။ စံပယ် ဝမ်းမသာဘူးလားဟင်''

''ဝမ်းသာတာပေါ့ ကိုကိုရယ်။ စံပယ် ဝမ်းသာတာပေါ့''

စံပယ် မျက်ဝန်းမှာ မျက်ရည်တွေကျလာသည်။ ဝမ်းသာလို့ကျတဲ့ မျက်ရည်တွေ သုတ်မပေးတော့ပါဘူးလေ။

''ကဲ ... သားနဲ့သမီး''

''ဗျာ''





''ဒီနေ့ ကိုသူရနဲ့ချို မြန်မာပြည်ကို ပြန်လာကြမှာ။ အဲဒါ မေမေတို့မိသားစု ကြိုရအောင် လေဆိပ်ကိုသွားရမယ်။ သားရော သမီးရော ပြင်စရာရှိတာပြင် မေမေတို့ စောင့်နေမယ်။ ပြီးရင် သွားကြတာပေါ့''

''ဟုတ်ကဲ့ပါ မေမေ''

သြော် ... ခုတော့လည်း တစ်လောကလုံး ပန်းတွေပွင့်၍ မွှေးနေသည့်နှယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

မပြောရက်ရင် မျက်နှာမမြင်ရအောင် ကျောခိုင်းပြီး ပြောမယ်ဆိုတာမျိုး ဦးသူရ ဒေါ်ဝင်းသဇင်တို့ကို ကျောခိုင်းထားလေသည်။ ကိုယ်တွေက ဟိုမှာပဲ အခြေချတော့မယ်ဆိုပြီး ကိုယ့်စည်းစိမ်တွေနဲ့အတူ သမီးလေးကို သူတို့လက်ထဲ အပ်ထားခဲ့တာ ကိုယ့်ညီမအရင်းဆိုပြီးယုံကြည်ခဲ့တာပါ။

ကိုယ့်စိတ်ကူးက ...

သမီးလေး ကိုယ့်အပေါ် နားလည်လာတဲ့အချိန်မှာ ကိုယ့်ဆီလိုက်လာခဲ့ဖို့ ခေါ်မယ်ပေါ့။ Facebook မှာစကားပြောတာ ဖုန်းပြောတာ ကိုယ်နဲ့အဆင်ပြေနေလို့ ခေါ်တော့ မြန်မာပြည်ကို ချစ်လို့ မြန်မာ





ပြည်မှာပဲ နေပါရစေတဲ့။ တကယ်တမ်းကျတော့ ကိုယ်နဲ့စကားပြောနေခဲ့တာ ကိုယ့်သမီးမှ မဟုတ်ဘဲလေ။

"နင့်ကို ငါ ယုံကြည်ခဲ့တာ အလကားပဲ အဝင်း။ ငါ့သမီးလေးအပေါ်မှာ နင်လုပ်ရက်လိုက်တာ။ သူ့ခမျာ ဒုက္ခခံခဲ့ရတာ နှစ်တွေအကြာကြီးပဲ။ တွေးမိတိုင်း ငါ ရင်နာရတယ်။ နင်က ငါ့ကို အဝေးမှာဘာမှသိမှာမဟုတ်ဘူးဆိုပြီး လုပ်ခဲ့တာမဟုတ်လား။ ငါက သေသွားတာ မဟုတ်ဘူးလေ။ လူသေ မဟုတ်ဘူးဟ"

"ကိုကြီးရယ်"

"ဒီနေ့ကစပြီး နင့်ကို ငါ့ညီမအဖြစ် မသတ်မှတ်တော့ဘူး။ နင့်အသံလည်း ငါမကြားချင်ဘူး။ နင့်မျက်နှာလည်း ငါမမြင်ချင်ဘူး။ နင်တို့မိသားစု ဒီအိမ်ပေါ်က ဆင်းတော့"

"ကိုကြီး"

ငါပြီးရင် ငါနဲ့ အမြဲတမ်း လက်မထောင်ချင်တဲ့ ဒေါ်ဝင်းသဇင်အခုတော့ တောင်းပန်ဖို့အတွက် ဦးသူရ ခြေသလုံးကို ဖက်ရပြီလေ။ မျက်ရည်တွေ ဘယ်စီးညာစီးနဲ့ သနားဖို့ကောင်းလိုက်တာ။ သူများအပေါ် ယုတ်မာတုန်းကတော့ ယုတ်မာပြီးတော့ ကိုယ့်အလှည့်ကျတော့ အသနားခံနေတာ မရှက်ဘူးလား မသိပါဘူး။

ဒေါ်ချိုချိုခိုင် နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုအရေးမို့လို့သာ ဝင်မပြောတာ။ စိတ်ဓာတ်အောက်တန်းကျတဲ့သူတွေကို သူမ အရမ်းရွံသည်လေ။

"တောင်းပန်ပါတယ် ကိုကြီးရယ်။ အဝင်း မှားပါတယ်။ အဝင်း လောဘကြီးခဲ့တာ မှန်ပါတယ်။ နောက် ဒီလိုမဖြစ်စေရဘူးလို့ ကတိပေးပါတယ် နော်"

"တိတ်စမ်း"

"လေးလေး"

သဇင်လည်း သူမမိခင်အနားသို့ ရောက်လာလေသည်။ ဦးမင်းကိုထက်ကတော့ ခေါင်းငိုက်စိုက်ချလို့ ဘာတစ်ခွန်းမှ ဝင်မပြောပေ။ ထိုင်နေကြတာက ခန့်ညားနဲ့ ခန့်ညားမိဘတွေလည်း ရှိနေသည်ဆိုတော့ သူစိမ်းတွေရှေ့မှာ အရှက်ကွဲပြီပေါ့။ ကိုယ်တွေက သူများအထုပ် ကိုယ့်ဟာလုပ်ပြီး အယောင်ဆောင်ခဲ့တော့ –

ဒေါင်းယောင်းဆောင်တဲ့ကျီးလို ...

ဇာတ်သိမ်းက ဘယ်လှမှာတဲ့လဲ။

"သမီး တောင်းပန်ပါတယ် လေးလေးရယ်။ သမီးတို့ ဒီအိမ်ပေါ်ကနေတော့ မဆင်းပါရစေနဲ့နော်။ သမီးတို့ကို သနားပါဦး လေးလေးရယ်။ စံပယ့်အပေါ် အနိုင်ကျင့်ခဲ့တာတွေအတွက် ပြန်ခံရလည်း ခံပါ့မယ်။ ဒီအိမ်ပေါ်က မဆင်းရဘူးဆိုရင် စံပယ်တုန်းကလို





အိမ်ဖော်လိုနေဆိုလည်း နေပါ့မယ်။ သမီးတို့ကို ခိုင်းချင်တာခိုင်း လုပ်ပေးပါ့မယ် လေးလေးရယ်"

ဦးသူရ သဇင်ဘက်သို့ လှည့်ရပ်လိုက်ပြီး –

"နင် ငါ့သမီးတုန်းက သနားခဲ့လား သဇင်။ ကိုယ်ချင်းစာခဲ့လို့လား။ စံပယ့်အပေါ် နှိပ်စက်ခဲ့တုန်းက နင်တို့မျက်နှာတွေ ဒီလို ဟုတ်မယ်မထင်ပါဘူး"

"သေချာတာပေါ့။ မြေကြီးလက်ခတ်မလွဲပဲ"

ဝင်ပြောလိုက်သူက ခန့်ညားပါ။ သူက ကိုယ်တွေ့ပဲလေ။ နားကလည်း ကြား၊ မျက်စိနဲ့လည်း တပ်အပ်မြင်ခဲ့သူ။

"သူတို့တောင် ကိုယ့်သမီးအပေါ် မငဲ့ညှာခဲ့တာ ကိုယ့်ဘက်ကလည်း ငဲ့ညှာစရာအကြောင်း မရှိဘူးနော် ကို။ သူတို့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခဲ့တာပဲ။ စံတဲ့အချိန်မှာ စံခဲ့ပြီးပြီဆိုတော့ ခံရမယ့်အချိန်မှာလည်း ခံကြပါစေ။ လုပ်ရဲရင် ခံရဲရမှာပေါ့"

ဒေါ်ချိုချိုခိုင်က ခပ်ပြတ်ပြတ်သမားပဲလေ။ ကိုယ်ကောင်းလို့မှ သူမကောင်းရင် ခေါင်းလောင်းထိုးပြီးလည်း အမျှမဝေနိုင်သလို ကြေးစည်ထုပြီးလည်း ရေစက်မချနိုင်ပေ။ ကိုယ်တွေက ဒီအိမ်မှာနေ ဒီလုပ်ငန်းနဲ့ စီးပွားတက်အောင် လုပ်စား။ ဒီကလေးကို ထိန်းသိမ်းဆိုပြီး သူတို့ဘဝအတွက် ကျားကန်ပေးခဲ့သားပဲ။ သူတို့က စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ပြီး လက်ဝါးကြီးအုပ်ချင်တဲ့အပြင် ကလေးကိုလည်း နှိပ်စက်ကြသေးသည်လေ။

ဒါကို ခွင့်လွှတ်ပေးရအောင် ....

ကိုယ်တွေက သည်းခံပါရမီကောင်းတဲ့ ဘုန်းကြီးတွေ သီလရှင်တွေမှမဟုတ်တာ။ သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ။ သူယုတ်မာတော့ ကိုယ်ဆိုးရတော့မှာပဲပေါ့။

"တကယ်ဆို သူတို့ ကိုယ့်ဘဝကိုယ်သိရမှာ။ သူတို့ ယုတ်မာလို့ ကိုယ်ရိုင်းတဲ့စကားသုံးရရင် အခြေအနေမရှိတဲ့ ယောကျ်ားကို ယူမိလို့ ချို့တဲ့နေတဲ့ဘဝကို မြင့်ပါစေတော့ဆိုတဲ့ ဆန္ဒနဲ့ ကလေးပိုင်တဲ့ စည်းစိမ်တွေနဲ့ ကလေးကို အပ်ခဲ့တာ။ တိုးပွားလာတာ သူတို့အတွက် ကလေးကို သူ့စည်းစိမ်မပျောက်ရေးပဲ ချို့တို့က တောင်းဆိုခဲ့တာ။ အခု ကလေးကို ချို့တို့ အသုံးစရိတ်ပို့ပေးနေတဲ့ငွေကအစ ကလေးလက်ထဲကို မရောက်ဘူး။ သူတို့အပြစ်တွေကို ကောင်းကွက်ကလေးတစ်ကွက်နဲ့ချေပြီး ဖျက်ပစ်ရအောင်လည်း တစ်ကွက်မှကိုမကောင်းခဲ့တာ။ ဒါကို ချို့တို့က ဘယ်လိုခွင့်လွှတ်ပေးရမှာလဲ"

ဒေါ်ချို့ချို့ခိုင်ပြောတာတွေအားလုံး မှန်နေတော့ ဘယ်သူမှ ပါးစပ်မဟကြတော့ပေ။ သူတို့လုပ်ရာလုပ်ကွက်တွေက ရက်တတ်ရှင်လဲသေဖို့တောင် ကောင်းသေးတယ်။





"ကိုလည်း ဒီစည်းစိမ်ဥစ္စာတွေ ဖြစ်လာဖို့ မနည်းကြိုးစားခဲ့ရတာနော်။ မိဘက ချမ်းသာလို့ပေးခဲ့တာ မဟုတ်ဘူး။ အခု ကိုယ့်သားသမီးကို ကိုယ်က အမွေပေးနိုင်ပေမယ့် သူ့ခမျာ စံစားခွင့်မရခဲ့ဘူး။ သနားပါတယ်ဆိုပြီး ခွင့်လွှတ်လိုက်ရင် အစရှိတစ်နောင်နောင်နောက် ကလေးရဲ့အသက်ကို ရန်မရှာဘူးလို့ ပြောနိုင်မလား။ အဲဒီတော့ သူက သူ့ဥမှ ဥမှန်းသိသလို ကိုယ်ကလည်း ကိုယ့်ဥကိုယ်သိရမှာပဲ။ ကိုယ်ပြုသမျှ ကံကိုယ်ခံ။ သူတို့ဘာသာသူတို့ ဘယ်ဘဝရောက်ရောက် ချို့ကတော့ လုံးဝ လက်မခံနိုင်ဘူး"

တော်လိုက်ထက်မြက်လိုက်တဲ့ ဒေါ်ချို့ချို့ခိုင်။ စကားပြောတာ အထစ်အငေါ့မရှိ အမှားမပါ။ ကလေးတွေ စာကျက်ပြီး အလွတ်ဆိုတာကမှ ထစ်ချင်သေးသည်လေ။ ထောက်ပြလိုက်တဲ့အချက်တွေက ပြန်လည်မချေပရဲလောက်အောင်ပါပဲ။ ဒေါ်ဝင်းသဇင်တို့ မိသားစု။

ခုမှပဲ ...

ဆွံ့အနားမကြားတွေဖြစ်ကုန်ပြီ ထင်ပါရဲ့။

"ကဲ ... အဝင်း"

"____"

"ပြောတာကြားတယ်နော်။ နင်တို့ကို သနားချင်ရှင်တောင် အယုံအကြည်မရှိတော့ဘူး။ အဲဒီတော့ ငါ့သမီးအတွက် ငါထားခဲ့တဲ့

www.burmeseclassic.com



လက်ဝတ်လက်စားတွေ ပြန်ပေးခဲ့။ နင်တို့လုပ်လို့တက်သမျှ အကုန်ယူသွား။ ပြီးရင် ဒီအိမ်ပေါ်ကဆင်းတော့''

''ဖေဖေ''

စံပယ် ခေါ်တာကြောင့် ဦးသူရ လှည့်ကြည့်လေသည်။ စံပယ်အပေါ် သူတို့မကောင်းခဲ့ပေမယ့် စံပယ်ကကျတော့ စာနာတတ်တဲ့ စိတ်ထားလေးနှင့်မို့ အဲဒီလောက် ပစ်ပစ်ခါခါကြီးတော့ မလုပ်ရက်ပေ။

''သမီး ဘာပြောမလို့လဲ ပြောလေ''

''လောလောဆယ် ပြောင်းရေးရွှေ့ရေးဆိုတာ လွယ်တာမှ မဟုတ်ဘဲ ဖေဖေရယ်။ သူတို့ကို အချိန်နည်းနည်းတော့ ပေးလိုက်ပါ''

ဪ . . . စိတ်ထားလေး ဖြူစင်ပြီး မြင့်မြတ်လိုက်တဲ့ မိန်းကလေး။ ကိုယ့်အပေါ် မကောင်းခဲ့တဲ့သူကို ငဲ့ညှာပေးပါတဲ့။ သားရဲ့ ရွေးချယ်မှုမှန်ကန်ပါတယ်လေ။

✵



## အခန်း (၃၄)

ခန့်ညားနဲ့ စံပယ် နှစ်ဘက်မိဘတွေကိုကန်တော့လေတော့ မိဘတွေမှာ နှလုံးပီတိ ဝမ်းဆီထိသကဲ့သို့နှယ်။

''အန်တီချို''

''ပြောလေ သမီး''

''အန်တီချို့အပေါ်မှာ သမီးအထင်မှား အမြင်မှားမိတာတွေအတွက် ခွင့်လွှတ်ပါနော်။ အန်တီချို့အပေါ် အကောင်းမမြင်ခဲ့မိလို့ စံပယ် ဒုက္ခခံခဲ့ရတာပါ။ အန်တီချိုက သမီးရဲ့အမေရင်းမဟုတ်ပေမယ့် နောက်ကို သမီးအမေရင်းလို သဘောထားပါ့မယ် အန်တီချို''

''ဒီနေ့ဟာ မင်္ဂလာအရှိဆုံးပါပဲလား။ သမီးဆီက ဒီလိုစကား



www.burmeseclassic.com

www.burmeseclassic.com



မျိုး ကြားရတာ အန်တီချို ဝမ်းသာလိုက်တာ သမီးရယ်''

သမီးနဲ့ဖနီး အဆင်ပြေသွားခြင်းအတွက် ဦးသူရ ကျေနပ်လွန်းလို့ မျက်နှာကြီးက ပြုံးလို့ရွှင်လို့ပါ။ ဒီနေ့ဟာ တကယ့်ကို မင်္ဂလာအရှိဆုံးပါလေ။

''ကဲ ... သမီး''

''ရှင်''

အခုတစ်ခါ ခေါ်လိုက်သူက ဒေါ်ဝေဖြိုးကျော်ပါ။

''သားနဲ့သမီးကို ဖေဖေတို့ ဘယ်ဟိုတယ်မှာ မင်္ဂလာဆောင်ပေးရမလဲ။ အားမနာနဲ့နော်။ သမီးကြိုက်တာသာပြော''

''ဘယ်မှာပဲဖြစ်ဖြစ် ရပါတယ် မေမေ၊ မေမေတို့လူကြီးတွေပဲ သင့်တော်မယ်ထင်သလို လုပ်ပါ။ သမီးကတော့ သိုပ်ခမ်းခမ်းနားနားကြီး မလုပ်ချင်ပါဘူး''

''ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်။ မေမေတို့မှာက ဒီသားလေးတစ်ယောက်ပဲရှိသလို ချိုတို့မှာလည်း ဒီသမီးလေးတစ်ယောက်ပဲရှိတာလေ။ အဲဒီတော့ တင့်တင့်တယ်တယ် ခမ်းခမ်းနားနားလေး လုပ်ပေးချင်တာပေါ့''

စံပယ် ကိုကို့ကို လှည့်ကြည့်လိုက်တော့ မျက်နှာပေါ်မှာ သကာရည်အိုးကြီး မှောက်ကျထားတဲ့အတိုင်းပါပဲ။ ဒီအခြေအနေ





ဒီလောက်အထိ အဆင်ပြေသွားလိမ့်မယ်လို့ တွေးမထားခဲ့ဘူးတော့ အခုလို အားလုံးအဆင်ပြေအတွက် ခန့်ညား ရင်ထဲမှာ ဘုရားပွဲလှည့်နေသည်သာ။

''အဓိကမေးရမယ့်မေးခွန်းကို ဖေဖေကပဲ မေးတော့မယ်ကွာ''

ဒီတစ်ခါ ပြောသူက ခန့်ညားဖေဖေပါ။ ခန့်ညားကပဲ –

''ဟုတ်ကဲ့ ... မေးပါ ဖေဖေ''

''သားနဲ့သမီး မင်္ဂလာဆောင်ပြီးရင် ရန်ကုန်မှာပဲ နေမလား။ မန္တလေးမှာလိုက်နေမှာလား''

''ဟုတ်တယ်၊ အဲဒါက အဓိကပဲ''

ထောက်ခံလိုက်သူက စံပယ်ဖေဖေ။

''သမီးကတော့ ဘယ်မှာပဲ နေရနေရ အဆင်ပြေပါတယ်။ အရင်ကတည်းက ပတ်ဝန်းကျင်နဲ့ ထိတွေ့ဆက်ဆံရတာ မရှိတော့ ဘာကိုမှ သံယောဇဉ်ထားစရာ မရှိဘူး။ နောက်ဆံတင်းစရာလည်း မရှိပါဘူး။ ကိုကို့သဘောကိုပဲ မေးကြည့်ကြပါ''

''ကိုကိုကလည်း ဘယ်မှာပဲနေရနေရ အဆင်ပြေပါတယ်။ စံပယ်နဲ့အတူတူနေရမှာပဲဥစ္စာ။ စံပယ် စိတ်ချမ်းသာဖို့ကသာ အဓိကပါ''



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေရှေ့မှာ အတူတူနေရမယ်ဆိုတဲ့စကားကို ထည့်ပြောလေတော့ စံပယ် ခန့်ညားပေါင်ကို လိမ်ဆွဲလိုက်လေသည်။

"အ"

"ဟင် . . . ဘာဖြစ်တာလဲ သား"

"ဘာ . . . ဘာမှမဖြစ်ပါဘူး အဟဲ"

စပ်ဖြီဖြီမျက်နှာကြောင့် စံပယ်က မျက်စောင်းထိုးလေသည်။

"ဒါဆို မန္တလေးမှာပဲ လိုက်နေကြလေ။ အဲဒါမှ မိသားစုတွေ နွေးနွေးထွေးထွေးနဲ့ ပျော်စရာကောင်းမှာပေါ့။ နောက်ကျတော့ မေမေတို့က မြေးတွေထိန်း သားနဲ့သမီးက ကိုယ်စီကိုယ်ငှ အလုပ်လုပ်ကျတော့လည်း စိတ်ပူစရာမရှိတော့ဘူးပေါ့။ မဟုတ်ဘူးလား"

"ဟာ . . . မေမေကလည်း"

စံပယ် ကလေးတွေအကြောင်းကို မေမေက ထည့်ပြောတော့ ရှက်ရှက်နှင့် ထထွက်သွားလေတော့သည်။ ခန့်ညားလည်း လိုက်သွားလေတော့ စံပယ်က အပေါ်ထပ်သို့ ပြေးတက်သွားလေတော့သည်။

"စံပယ်"

"-----"

"စံပယ်"

စံပယ် နီးစပ်ရာအခန်းထဲသို့ ဝင်လိုက်တော့ သူကလည်း





ဝင်လိုက်လာပြီး စံပယ့်ခါးကိုဖက်လိုက်ကာ –

"ဘာလဲ ရှက်သွားတာလား"

"ရှက်တာပေါ့လို့"

"ဘာရှက်စရာရှိလို့လဲ စံပယ်ရဲ့။ အိမ်ထောင်ပြုပြီးရင် သားသမီးမွေးရမယ်ဆိုတာ ဓမ္မတာပဲဥစ္စာ။ ကိုကိုတို့တွေ လူဖြစ်လာတာလည်း အဲဒါကြောင့်ပဲလေ"

"ဘာတွေ လာပြောနေတာလဲ"

"မှန်တာတွေပြောပြနေတာကို။ စံပယ်လည်း ကိုကို့ရင်သွေးလေးတွေ များများမွေးပေးနော်။ ယောကျာ်းလေးတွေချည်းဆိုရင် ဘောလုံးအသင်းတစ်သင်းရအောင်မွေး"

"ကိုကို"

စံပယ် သူ့လက်တွေကို ဖယ်ချရင်း –

"အဲဒီလောက် အများကြီး ကိုယ့်ဘာသာကိုယ် မွေးပါလား"

ခန့်ညားသဘောကျစွာ ရယ်လိုက်မိတော့သည်။ ရှက်နေတဲ့ မှုံလေးက ပိုလို့တောင် ချစ်ဖို့ကောင်းနေသေး၏။

"ကိုကိုက မွေးလို့မှမရတာ စံပယ်ရဲ့။ ကိုကိုသာ မွေးလို့ရရင် တစ်ခါမွေး လေးမွှာပူးနဲ့ ယောကျာ်းသုံးခါ မိန်းကလေးသုံးခါ မွေးပေးလိုက်တယ်"

www.burmeseclassic.com



"ဟင်"

"အဲဒါမှ ခြောက်ခါမွှေးလိုက်ရင် ယောကျ်ားလေး ဘောတစ်သင်း၊ မိန်းကလေးဘောတစ်သင်းရမှာ"

"ကိုကိုကလေ . . . ပေါက်ကရသိပ်ပြောတာပဲ"

"စံပယ်ကို ချစ်တာကိုး"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ အရမ်းချစ်တော့ . . . အရမ်း အရမ်း"

"သွား"

စံပယ် သူ့ရင်ခွင်ထဲကနေ ရုန်းထွက်ပြီး သူ့လက်မောင်းကို ထုပစ်လိုက်လေသည်။ နှစ်ပေါင်းများစွာ ဒုက္ခခံခဲ့ရသမျှ အခုတော့ မေတ္တာရေနဲ့ ဆေးကြောလို့ သန့်စင်ခဲ့ပါပြီ။ ပျော်ရွှင်သောဘဝဆိုတာကို စံပယ် ခုမှ ပိုင်ဆိုင်ခွင့်ရခဲ့တာပါ။ ရေတော်ပန်းကလေးတစ်ပွင့် ကိုကို့အတွက် ဘယ်လိုပဲဖြစ်လင့်ကစား မွှေး အားပိုစွာနှင့် ထာဝရသင်းပျံ့နေပါမည်။

ကိုကိုနဲ့သာမတွေ့ခဲ့ရင် –

စံပယ့်ဘဝအမှန်ဟာ ဘယ်အချိန်ထိ တိမ်မြုပ်ပျောက်ကွယ်နေမယ်ဆိုတာ မသိနိုင်တော့ပါဘူး၊ အခုတော့ တိမ်ကင်းစင်လို့ လသာခဲ့ပါပြီ။





"စံပယ်ကရော ကိုကို့ကို ဘယ်လောက်ချစ်"

"ရင်ဘတ်နဲ့ ဆန့်သလောက်ချစ်တယ်"

"ဒါပဲလား"

"ဒါပဲပေါ့။ ကမ္ဘာကြီးလောက်ဆိုရင် ကိုယ်တောင် ကမ္ဘာကြီးပေါ်မှာ နေရတာ မှသားသုံးရာကျမှာပေါ့။ အဲဒါကြောင့် ရင်ဘတ်နဲ့ ဆန့်သလောက်ချစ်တယ်"

"စံပယ်က နှမ်းစေ့လောက်ပဲချစ်တယ်ဆိုလည်း ကိုကိုက ကျေနပ်ပါတယ် စံပယ်ရယ်။ ကိုကိုက စံပယ်ကို ချစ်နေရရင် ပြီးရောဗျ"

ပြောပြီး အနမ်းပေးတော့ ပါးပြင်လေးမှာ နွေးသွားသည်လေ။ ရေစက်ဟာ ထူးဆန်းစွာနဲ့ သူတို့နှစ်ယောက်ကို ဆုံစေပြီး ဖူးစာရေးနတ်က သဘောကောင်းစွာနှင့် သူတို့ကို ပေါင်းဖက်ခွင့်ပေးလိုက်ပြီဆိုတော့

ကံကြမ္မာက ချစ်စရာကောင်းပြီး . . .

လောကကြီးက လှလိုက်ပါဘိနော်။

**ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ။**

**အလင်းသစ်**

www.burmeseclassic.com

www.burmeseclassic.com

"မုန်းဖို့လွယ်တယ် မေ့ဖို့ခက်တယ်"

"မရယ် . . . ကျွန်တော့်ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူးလား။ ကျွန်တော်ဘယ်လောက်ထိ ပေးဆပ်မှ မရဲ့ စူဌသုဘဒ္ဒါလို့ အပြုံးက ပြေမှာလဲဗျာ"

ခွန်အား

"ကောင်းတာပေါ့ . . . ငါ့မောင်လေး မျက်လုံးကွယ်နေတာကို ကုသ လိုက်မယ်။ ဒါပေမယ့် သူ့အတိတ် မေ့နေတာကိုတော့ ငါတယုတယ ထုပ်ပိုး သိမ်းထားလိုက်မယ်။ သူသတိပြန်ရအောင် ငါဘယ်တော့မှ မကြိုးစားဘူး ခွန်အား . . ."

သံယောဇဉ်

"ငါ့ရဲ့အတိတ် . . . ဟာ . . . စိတ်ဝင်စားစရာတော်တော်ကောင်းနေပြီ။ ကာယကံရှင် ငါက ငါ့ရဲ့ အတိတ်ကို မသိဘဲ သူစိမ်းတစ်ယောက်က သိရတယ်ဆိုတော့ တော်တော်ထူးဆန်းတဲ့ကိစ္စပဲ"

ညီညီသစ်

♥ ♥ ♥ ♥ ♥

လှိုင်းကြားမြို့(လားရှိုး)

# စာစီစာကုံးပြိုင်ပွဲ

**✿ မူလတန်း ✿ အလယ်တန်း ✿ အထက်တန်း**

ပြိုင်ပွဲဝင်တစ်ဦးလျှင် နှစ်သက်ရာစာစီစာကုံး (၃) ပုဒ် ပေးပို့နိုင်ပါသည်။ တစ်ပုဒ်လျှင် ဗလာစာရွက် (၇) မျက်နှာခန့် ရေးသားနိုင်ပါသည်။

စာစီစာကုံးများကို ပေးပို့သူ၏ လိုင်စင်ဓာတ်ပုံ (၁) ပုံ၊ ကိုယ်ရေးအကျဉ်း၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်နှင့် ကိုယ်တိုင် ရေးသားခြင်းဖြစ်ကြောင်း ဝန်ခံချက်ပါ ပူးတွဲ၍ အောက်ပါလိပ်စာသို့ ပေးပို့နိုင်ပါသည်။

(စာအုပ်အဖြစ် ထုတ်ဝေပါမည်)

ဝဏ်ထူးပဒေသာ စာတည်းအဖွဲ့

အမှတ် ၂၂၁၊ (ပထမထပ်)၊ ၃၁ လမ်းအထက်၊
စင်ထရယ်ဟိုတယ်အနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉ - ၈၇၉၀၀၅၆၃၃